www.burmeseclassic.com

ဂမ္ဘီရဆန်းကြယ် လုံးချင်းဝတ္ထု သစ်

အောင်မြင်
စာပေ

# ကြိုခကွ

## သုံးပန်လှနှင့် နေရိယဂိုဏ်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

တြိစက္ခ ၈၉၅.၈၃

သုံးပန်လှနှင့် နေရိယဂိုဏ်း/တြိစက္ခ။ - ရန်ကုန်၊ အောင်မြင်စာပေ၊ ၂၀၁၀။
၁၆၈ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) တြိစက္ခ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၁၈၄၀၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၁၈၀၂၁၀

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊
သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။
၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄။
ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ (ဩဂုတ်လ)၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

BURMESE CLASSIC .com

# [illegible]

➤ အချစ်သည်
မှော်ပင်များကဲ့သို့ ပျံ့နှံ့များပြားမှု မြန်ပေရာ...
တွေးခေါ်မျှော်မြင်မှုများက နေရာမရသဖြင့်
နောက်ဆုတ်ပေးရသည့်အခါ ရှိသည်။

➤ ငွေနှင့် ခံစားမှုသည်
ချိန်ခွင်လျှာတစ်ဖက်စီတွင် ရှိနေသကဲ့သို့
ငွေများသည့်အခါ စိတ်ပေါ့ပါးနေပြီး
ငွေနည်းသွားသောအခါ စိတ်က
လေးသွားတတ်ပေသည်။

➤ ရေသည် ထည့်သည့်ခွက်ပုံစံအတိုင်း
အံဝင်ခွင်ကျ နေနိုင်သကဲ့သို့
သင်သည်လည်း ပတ်ဝန်းကျင်နှင့်
အဆင်ပြေအောင် နေနိုင်သည့်အခါ
စိတ်ဆင်းရဲမှု နည်းပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

- မွေးဖွားလာစဉ်က
  ဘာမှ မပါလာခဲ့သော်လည်း
  သေသွားသည့်အခါမှာတော့
  အထုပ်အပိုးများ ပါသွားတတ်သည်။
  အကုသိုလ်အထုပ်များ မဖြစ်ဖို့
  အရေးကြီးပါသည်။

- သင် ဘာကြောင့် အောင်မြင်သလဲဟူသောအချက်ကို
  လစ်လျူရှု မေ့လျော့နေသမျှ
  အောင်မြင်မှုလမ်းစ တွေ့ရမည်မဟုတ်ပေ။

- ကြိုးစားအားထုတ်မှုတိုင်းမှာ
  ခွန်အားရှိရန် လိုအပ်ပါသည်။
  ထို့ထက် ခွန်အားများကို ဦးဆောင်နိုင်မည့်
  အချစ်၏ခွန်အားပါ ရှိလျှင် ပိုကောင်းပါသည်။

BURMESE CLASSIC .com

- မည်သည့်အခြေအနေမျိုးဖြစ်စေ
  အခက်အခဲများ တွေ့ရစေ
  မိမိလိုချင်သော လမ်းကြောင်းရအောင်
  ဖန်တီးနိုင်သောသူသည်
  အောင်မြင်သည့် စွမ်းဆောင်ရှင်မျိုးဖြစ်ပါသည်။

- နွေရာသီကို နှစ်သက်လျှင်
  ဆောင်းရာသီနှင့် မိုးရာသီကိုလည်း မလွှဲမသွေ
  လက်ခံရပါမည်။
  အချစ်ကို နှစ်သက်လျှင်
  စိုးရိမ်သောကနှင့် ပူဆွေးတမ်းတခြင်းတို့ကိုပါ
  မလိုချင်ဘဲ ရတတ်ပါသည်။

- လူအတော်များများက
  အရာအားလုံးကို ပြောင်းလဲပစ်ချင်ကြသည်။
  တကယ်တမ်း ပြောင်းလဲပစ်သည်က
  ပတ်ဝန်းကျင်က လူကို ပြောင်းလဲခြင်းသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

➤ လူပျိုတစ်ယောက်ကို
အောင်သွယ်အဖြစ် စေခိုင်းသူလောက်
ညံ့ဖျင်းသောသူသည် ရှိတော့မည် မဟုတ်ပေ။

➤ ပျားသည် ချိုမြိန်သောပျားရည်ကို ပေးသကဲ့သို့
ပြင်းထန်သော အဆိပ်ကိုလည်း ပေးတတ်၏။
အချစ်သည်လည်း ထိုအတိုင်းပင်။
အဆင်ပြေသည့်အခါ ပျားရည်ကဲ့သို့ ချိုမြိန်သော်လည်း
အဆင်မပြေသည့်အခါ
အဆိပ်ရေကဲ့သို့ အခံရခက်စေပါသည်။

➤ မသေဆုံးခင်က
ရွှေကုတင်နှင့် သစ်သားကုတင်နှစ်ခုကို ရွေးရလျှင်
ရွှေကုတင်ကိုသာ ရွေးမည်ဖြစ်သော်လည်း
သေဆုံးသွားသောအခါ ထိုကုတင်၏တန်ဖိုးသည်
သင့်အတွက် တန်ဖိုးရှိတော့မည် မဟုတ်ပေ။

## ဤဝတ္ထုတွင်ပါသောအခန်းများ


အခန်း(၁) ပုစွန်တောင်ချောင်းမှ သူတောင်းစားများ

အခန်း(၂) သချိုင်းထဲမှ ထွက်လာသောရန်သူ

အခန်း(၃) ဦးမာလနှင့် မနသမငွေတွင်း

အခန်း(၄) ထူးဆန်းသော အကြားအမြင်ဆရာ

အခန်း(၅) ရှေးက ရန်ကုန်မြို့ရှိ ဘဏ်တိုက်များ

အခန်း(၆) လူသတ်ကောင်၏တစ်ကျော့ပြန်ကျော့ကွင်း

အခန်း(၇) သဲလွန်စ ကွင်းဆက်များ

အခန်း(၈) ထူးဆန်းသော နန်းတွင်းရုပ်မြင်သံကြားပညာ

အခန်း(၉) ဦးဒိဗ္ဗနှင့် အန္တရာယ်စက်ကွင်း

အခန်း(၁၀) ပင့်ကူနက်နှင့် သေမင်းရန့်အဆိပ်


အခန်း(၁၁) နေရိယပိုက်ဘ်းသားများ ရောက်လာခြင်း

အခန်း(၁၂) ကမ္ဘာဦးက အချစ်ဆေး

အခန်း(၁၃) သုံးပန်လှနှင့် နေရိယပိုက်ဘ်း


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁)

## ပုစွန်တောင်ချောင်းမှ သူတောင်းစားရွာ

ရန်ကုန်မြို့ကို စတင်ထူထောင်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း(၂၅၀)ကျော်ခဲ့ပြီဖြစ်၏။

(၁၇၅၂-၆၀)နှစ်၌ အလောင်းမင်းတရားကြီး စတင်ထူထောင်ခဲ့ကြောင်း မှတ်တမ်းများက ဖော်ပြထားသည်။ (၁၈)ရာစုအစပိုင်းအချိန်တွင်က ရန်ကုန်မြို့သည် ဒဂုန်အမည်ရှိ မြို့ကလေးမျှသာဖြစ်သည်။

ထိုမြို့ကလေးမှာ ရွှေတိဂုံစေတီတော် ရှိသောကြောင့် ဒဂုန်ဟု ခေါ်တွင်ခဲ့ခြင်းဖြစ်၏။

အလောင်းမင်းတရားကြီးသည် အင်းဝမြို့၊ ပြည်မြို့တို့ကို သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ပြီးနောက် ရာမညတိုင်းကို သိမ်းယူရန် ဧရာဝတီမြစ်ကြောင်းမှ စုန်ဆင်းလာရာ ဒဂုန်သို့(၁၇၅၅)ခု၊ ဧပြီလ(၁၇)ရက်၊ ကြာသပတေးနေ့တွင် ဆိုက်ရောက်လေသည်။

ဒဂုန်မြို့သို့ ရောက်လျှင် ဒဂုန်မြို့ဟောင်း၏အနောက်ဖက်တာ(၂၀၀)ကျော်အကွာတွင် မင်္ဂလာတပ်တာဝန်း(၆၂၀) တည်၍ စံနေတော်မူသည်။

ထိုအချိန်က ဒဂုန်မြို့ တည်ရှိရာနေရာ၌ တော၊ ချုံ၊ အင်တိုင်း၊ ကုန်းကျင်းနှင့် အင်းအိုင်များသာ ရှိပေသည်။ အလောင်းမင်းတရားကြီးသည် ထိုတောချုံအင်တိုင်း၊ ကုန်းကျင်း အင်းအိုင်ရှိသည့်နေရာများကို ခုတ်ထွင်ရှင်းလင်းတူးဖို့စေပြီးနောက် (၁၇၅၅)ခု၊ မေလ(၂)ရက်၊ သောကြာနေ့တွင် တာဝန်း(၁၁၉)သာ ရှိသော မြို့သစ်ကို ကျုံးမြောင်း၊ တံခါး၊ ပြအိုး စသော မြို့အင်္ဂါများနှင့် ခုနစ်ရက်အတွင်း ပြီးအောင် တည်ဆောက်စေ၍ ရန်သူများကို ထိုမြို့မှနေ၍ ကုန်စင်အောင် လုပ်ဆောင်တော်မူမည်ဟု အမိန့်တော် ရှိကာ မြို့ဟောင်းအမည် ဒဂုန်အစား မြို့သစ်အမည် ရန်ကုန်ဟု ခေါ်တွင်စေခဲ့ရာ ထိုအချိန်မှ စတင်ပြီး ရန်ကုန်မြို့ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပေသည်။

ရှေးအခါ ဒဂုန်မြို့ဟောင်း၏အကျယ်အဝန်းမှာ အရှေ့ဖက်တွင် ငမိုးရိပ်ချောင်း၊ တောင်းလင်းအရှေ့ လယ်ဝန်းမြေနီအထိ၊

တောင်ဘက်တွင် ထောပုံ (ယခု ဒေါပုံ)

အနောက်ဘက်တွင် တလမြို့မြေနှင့် ကျောခိုင်း (ယခု ဒလ)

မြောက်ဘက်တွင် မှော်ဘီတောင်ချောင်းအထိ ရှိသည်။

(၁၇၅၅)ခုနှစ်တွင် အလောင်းမင်းတရားကြီး မြို့စတင်တည်ထောင်စဉ်ကလည်း ကျယ်ဝန်းလှသည်တော့ မဟုတ်ပေ။ ရန်ကုန်မြို့အကျယ်အဝန်းကို ယခုအခေါ်အဝေါ် အမှတ်အသားများဖြင့် ပြရပါမူ မြောက်ဘက်၌ ဆူးလေဘုရား၊ တောင်ဘက်၌ ရန်ကုန်မြစ်၊ အရှေ့ဘက်





တွင် ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းဆုံ ပတ်ဝန်းကျင်၊ အနောက်ဘက်၌ လမ်း(၃၀) ပတ်ဝန်းကျင်တဝိုက်လောက်သာ နယ်နိမိတ် အကျယ်အဝန်း ရှိပေသည်။

ထိုအချိန်က အလောင်းမင်းတရားကြီး တည်ထောင်ခဲ့သည့် ရန်ကုန်မြို့သည် ရေပတ်လည် ဝိုင်းရံနေသော ကျွန်းကလေးတစ်ကျွန်းမျှသာဖြစ်ပေသည်။

ရန်ကုန်မြို့၏အနောက်ဘက် ယခု လသာလမ်းအနီး၌ ဒီရေအတက်အကျရှိသော ချောင်းတစ်ချောင်း ရှိခဲ့ပေသည်။

အရှေ့ဘက်က ရိလမ်း (ယခု ဗိုလ်မြတ်ထွန်းလမ်း)အနီး၌ ဗိုလ်တထောင်ချောင်းရှိသည်။

ထိုချောင်းသည် ပုစွန်တောင်ချောင်းနှင့် ဆက်နေရာ ထိုအချိန်က ပုစွန်တောင်နှင့် သန်လျက်စွန်း ဧရိယာကို ဘုရင်မကျွန်းဟု ခေါ်ကြလေသည်။

ပုစွန်တောင်သည် ရန်ကုန်မြို့ စတင်တည်ထောင်ကာစကပင် အသိအမှတ်ပြုခံရသည့် ရှေးဟောင်းနေရာတစ်ခုဖြစ်သည်။

ရှေးက ထိုချောင်းအတွင်း၌ ပုစွန်ထောင်သူများ အခြေချနေထိုင်ခဲ့ရာမှ ပုစွန်တောင်ဟု အမည်တွင်ခဲ့ပြီး ကာလကြာသောအခါ ပုစွန်တောင်ဟူသောအမည် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်၏။

ပုစွန်တောင်သည် မွန်ဘာသာအမည် (ပသုန်ဒုံန်) အသံထွက် ပဆွန်ဒေမှ ဆင်းသက်လာခဲ့ခြင်းဖြစ်ပြီး ပသုန် (ပဆွန်)မှာ ငါးခု၊ ဒုံ(ဒေ) မှာ တောင်ကုန်းဖြစ်သောကြောင့် တောင်ငါးလုံးဟု အဓိပ္ပါယ်ရပါသည်။

တောင်ကုန်းငါးကုန်းဖြစ်သော မလွှကုန်း၊ မအူကုန်း၊ သစ်ဆိမ့်ကုန်း၊ ပိန္နဲကုန်းနှင့် ညောင်ကုန်းတို့အား အစွဲပြုလျက် ယင်းသို့ ခေါ်ဝေါ်ခဲ့ခြင်းဖြစ်သည်။

(ယင်းကုန်းများမှာ ရန်ကုန်မြို့နယ်နိမိတ်အတွင်း၌ ရှိကြသော



www.burmeseclassic.com

ကုန်း(၉၉)ကုန်း၌ အပါအဝင်ဖြစ်ကြလေသည်။)

ယခုအခါ မလ္လကုန်းနှင့် မအူကုန်းတို့မှာ တာမွေမြို့နယ်အတွင်း ပါဝင်လျက်ရှိကြပြီး သစ်ဆိမ့်ကုန်း၊ ပိန္နဲကုန်း၊ ညောင်ကုန်းတို့မှာ နောင်အခါ၌ ပေတောကုန်း၊ ချစ်တီးကုန်းနှင့် ပုရွက်ဆိတ်ကုန်းဟု ခေါ်ဝေါ်လာကြကြောင်း ရေးသားဖော်ပြကြသည်။

ပုစွန်တောင်သည် ညောင်ရမ်းခေတ် အနောက်ဘက်လွှန်မင်းလက်ထက်ကပင် ဒဂုံနယ်နိမိတ်အတွင်း၌ ပါဝင်ခဲ့လေသည်။

အလောင်းမင်းတရားကြီးသည် (၁၇၅၅)ခုနှစ်တွင် ရန်ကုန်မြို့ကို တည်ထောင်ခဲ့ပြီးနောက်တွင် ပုစွန်တောင်ရွာ၌ သီရိရဲလှကျော်ထင်ကို ရွာအုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ပုစွန်တောင်ရွာအုပ်သည် (၁၇၅၇)ခုနှစ်တွင် ရန်ကုန်မြို့ဝန် ဦးရွှေရည်နှင့်အတူ ပုစွန်တောင်ရပ်ရှိ ဓမ္မဝိလာသစေတီအား ပြုပြင်မွမ်းမံကာ (၁၇၅၈)ခု၊ မတ်လအတွင်း၌ ထီးတော်တင်လှူခဲ့သည်။

(၁၈၂၄)ခုနှစ်၊ အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားစဉ်အတွင်း ပုစွန်တောင်ရွာ၌လည်း တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့လေသည်။

ပုရပိုဒ်မှတ်တမ်းအချို့၌ ပုစွန်တောင်တိုက်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့ရသည့် မြန်မာအရာရှိများမှာ အလုံဝန်ကြီးဦးရစ် (စစ်သူကြီးမဟာဗန္ဓုလ) မြို့လပ်ဝန်ဦးရေး၊ အလုံဝန်ကြီးညီ ဦးအေး၊ အတွင်းဝန် ဦးခိုင်၊ လက်ဝဲဝင်းမှူး ဦးဖို၊ စားတော်ဝန် ဦးမိုးနှင့် ကျီဝန်ကြီးဦးရွဲညိုတို့ဖြစ်ကြောင်း ဖော်ပြထားကြသည်။

အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲကာလမှာလည်း ပုစွန်တောင်ရွာ၌ တိုက်ပွဲအချို့ ဖြစ်ပွားခဲ့ပြီး အထူးသဖြင့် မြို့ဝန်အိမ်တော်နှင့် ကျီတော်များ (ယခု ကျီတော်လမ်းဝန်းကျင်) တိုက်ခိုက်ဖျက်ဆီးခံခဲ့ရဟန်ရှိလေသည်။

မြန်မာဘုရင်က ခန့်အပ်သည့် နောက်ဆုံးရန်ကုန်မြို့ဝန် ဦးမှူး





သည် ပုစွန်တောင်ရပ်၌ နေထိုင်သူဖြစ်ရာ (၁၈၅၂)ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်က တိုက်ခိုက်ခံခဲ့ရသဖြင့် ဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း ဗြိတိသျှ မှတ်တမ်းတစ်စောင် ဖော်ပြထားလေသည်။

ပုစွန်တောင်သည် ရန်ကုန်မြို့ ဗြိတိသျှလက်အောက် ကျရောက်သွားပြီးနောက်တွင် မြို့တစ်မြို့ ဖြစ်လာခဲ့ပါသည်။

(၁၈၅၄)ခုနှစ်တွင် ဦးရွှေစိုးအား ပုစွန်တောင်မြို့သူကြီးရာထူးခန့်အပ်ခဲ့သည်။

မြို့သူကြီးဦးရွှေစိုးသည် (၁၈၇၁)ခုနှစ်၊ မင်းတုန်းမင်းကြီး၏ ထီးတော် ရန်ကုန်သို့ ပင့်ဆောင်စဉ်က ဘုံခုနစ်ဆင့်အနက် ဒုတိယအဆင့်ကို တာဝန်ယူ ပင့်ဆောင်ခဲ့ရလေသည်။

ပုစွန်တောင်ရှိ ထင်ရှားသောအရပ်ဒေသများအနက် ညောင်တုန်း၊ မင်္ဂလာ၊ ရေကျော်၊ တောင်လုံးပြန် အစရှိသည့်အရပ်များမှာ ရှေးခေတ်ကာလကပင် ထင်ရှားခဲ့ကြလေသည်။

တောင်လုံးပြန်အရပ်မှာ တောင်လုံးပြန် လှေတော် အညာသားများ နေထိုင်ရာအရပ်ဖြစ်သည်။

ပုစွန်တောင်မြို့နယ်အကြောင်းနှင့် ပတ်သက်၍ ရှေးဟောင်းနှောင်းဖြစ်များကို ပြောမည်ဆိုပါက ရွှေဘုန်းပွင့် စေတီတော်အကြောင်းကိုလည်း ပြောရမည်ဖြစ်သည်။

ရွှေဘုန်းပွင့်စေတီသည် ပုစွန်တောင်မြို့နယ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်အပြိုင် ဖောက်လုပ်ထားသော အိမ်ကြီးလမ်း၊ သဇင်လမ်း၊ ဦးရွှေဂုံလမ်းတို့အကြား၌ တည်ရှိပေသည်။

စေတီတော်သည် ကိုလိုနီခေတ်ဦးကာလအထိ ရှေးဟောင်းဘုရားငုတ်တိုတစ်ဆူမျှသာရှိပြီး အနီးပတ်ဝန်းကျင်၌ သချိုင်းနှင့် ဘုန်းကြီးကျောင်းကလေးများက ရှိပါသည်။

ထိုသချိုင်းကို ပုစွန်တောင်သချိုင်းဟုပင် ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုစွန်တောင်သင်္ချိုင်းအတွင်း၌ (၁၈၃၄)ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့တွင် ကွယ်လွန်ခဲ့သည့် James Montgomery ၏အုတ်ဂူ ရှိခဲ့ဖူးသည်။

ရှေးအခါက ထိုနေရာတဝိုက်တွင် သင်္ချိုင်းရှိသောကြောင့် လူနေထိုင်မှု မရှိသေးပဲ သစ်ပင်ချုံနွယ်များသာ ပိတ်ဆီးလျက်ရှိနေသည်။

(၁၉၁၂)ခုနှစ်ဝန်းကျင် ရောက်သော် အိန္ဒိယတိုင်းရင်းသား ဗုဒ္ဓဘာသာဝင် မူလိယပွဆိုသူသည် ဥယျာဉ်ခြံ စိုက်ပျိုးရန်အတွက် ချုံနွယ်ပိတ်ပေါင်းတို့ကို ရှင်းလင်းရာမှ ဘုရားငုတ်တိုကို တွေ့ရှိခဲ့ခြင်းဖြစ်ပေသည်။

မူလိယပွသည် သံလျင်မြို့မှတစ်ဆင့် ပုစွန်တောင်သို့ ပြောင်းရွှေ့နေထိုင်သူဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တစ်ဦးလည်း ဖြစ်သောကြောင့် ဒေသခံများ အကူအညီဖြင့် စေတီတော်ကို မွန်းမံပြုပြင်ခဲ့လေသည်။

နောက်ပိုင်းမှာတော့ သက်ဆိုင်ရာပုဂ္ဂိုလ်များ၏အဆင့်ဆင့် ပြုပြင်ခဲ့ကြမှုကြောင့် (၁၃၃၅)ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်နေ့တွင် ရွှေဘုန်းပွင့် ဘုရားပွဲတော်ကို စတင်ကျင်းပနိုင်ခဲ့ကြပေသည်။

ကိုလိုနီခေတ်ဦးပိုင်းကာလကတည်းက မြို့အဖြစ် အသိအမှတ်ပြုခံခဲ့ရသော ပုစွန်တောင်မြို့မှာ ခေတ်လယ်ပိုင်းကာလ ရောက်သည် အထိ စည်ကားတိုးတက်ခြင်း မရှိလှသေးပေ။

(၁၉၁၂)ခုနှစ်ဝန်းကျင်တဝိုက် ရောက်သည့်အချိန်အထိ ပုစွန်တောင်သင်္ချိုင်းပတ်ဝန်းကျင်နှင့် ပုစွန်တောင်ချောင်း ပတ်ဝန်းကျင် တဝိုက်တွင် ပုံကျများ နေထိုင်ခဲ့ကြသည်။ ထိုအချိန်က ပုစွန်တောင် သင်္ချိုင်းနှင့် မဝေးလှသောနေရာတွင် ရွာငယ်ကလေးတစ်ရွာကဲ့သို့ စုပေါင်းနေထိုင်ကြသည့်နေရာတစ်ခုရှိသည်။

ထိုနေရာကို ဦးကောင်းစားရပ်ကွက်ဟုပင် အလွယ်တကူ ခေါ်ဝေါ်ကြသည်။





တကယ်တော့ ထိုအမည်မှာ မြို့သူကြီးက ပေးထားသော အမည်နာမ မဟုတ်ပဲ ထိုနေရာတွင် နေထိုင်သော ဦးကောင်းစား ဆိုသောလူကြီးတစ်ယောက်ကို အစွဲပြုပြီး ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ထိုသို့ အမည်နာမ တပ်ကာ ခေါ်ကြသည့်တိုင်း ဦးကောင်းစား မှာ အများကြည်ညိုလေးစားရသည့် လူကြီးလူကောင်းတစ်ယောက် တော့ မဟုတ်ပါချေ။

ဦးကောင်းစားမှာ အခြားမဟုတ်ပေ။

ရန်ကုန်မြို့အတွင်း နေရာအနှံ့ လှည့်လည်တောင်းရမ်းနေကြ သည့် သူတောင်းစားဂိုဏ်းချုပ်ကြီးတစ်ယောက်ပင်ဖြစ်သည်။

သူသည် အသားမည်းမည်း၊ အရပ်က ဂင်တိုတိုနှင့် မျက်နှာပေါ် မှာ ကျောက်ပေါက်မာများ ရှိလေသည်။ ကတုံးပြောင်အောင် တုံးထား ပြီး များစွာအကျည်းတန် အရုပ်ဆိုးသူတစ်ယောက် ဖြစ်သည်။

အမြဲတစေ ဆေးပြင်းလိပ်တိုတစ်ပိုင်းကို ပါးစပ်မှာ ခဲထားလေ့ ရှိသည်။

သူသည် ဒေါသကြီးသူတစ်ယောက်မို့ ၎င်းထံမှ မှီခိုနေထိုင် သော သူတောင်းစားများက များစွာကြောက်ရွံ့ကြလေသည်။

၎င်းနေထိုင်သောနေရာမှာ ပုစွန်တောင်သင်္ချိုင်းနှင့်လည်း မဝေးလှသော ပုစွန်တောင် ချောင်းကမ်းပါးတစ်နေရာတွင်ဖြစ်သည်။

၎င်းအတွက် ဆောက်ထားသောအိမ်မှာ ဓနိမိုး၊ ပျဉ်ခင်း၊ ဝါးထရံ ကာရံထားပြီး တစ်အိမ်လုံး ရေနံချေးများ မည်းမှောင်နေအောင် သုပ်ထားသည်။

၎င်းအိမ်မှာ ခင်းထားသော ပျဉ်ချပ်များမှာ ပုစွန်တောင်သင်္ချိုင်း မှ ခွာယူလာသော ခေါင်းပျဉ်များလည်း ပါသည်။ ၎င်းအိမ်၏အနောက် ဘက်တွင် တဲတန်းလျားများ ဆောက်ပေးထားသည်။

ထိုတဲတန်းလျားများကိုတော့ သင်ပေါင်းသားတို့ထူ မျော



www.burmeseclassic.com

www.burmeseclassic.com



တန်းတင်ကာ ခနီများ မိုးပေးထားသည်။

အကာကိုတော့ သက်ကယ်ပျစ်များ ကာပေးထားသည်။ အခင်းကတော့ မရှိပေ။

ကုန်းဖို့ထားသောမြေကို ညှိကာ ကောက်ရိုးခြောက်များ ခင်းပေးထားသည်။

ထိုတဲတန်းလျားမှာတော့ သူတောင်းစားများ နေထိုင်ကြသည်။

အချို့လည်း တစ်ကိုယ်တည်း နေထိုင်သည်။

အချို့လည်း မိသားစုနှင့် နေကြသည်။

သို့သော် တဲတန်းလျားအတွင်းမှာ ရောနှောမနေဘဲ ကိုယ့်နေရာနှင့်ကိုယ် နေကြရခြင်းဖြစ်သည်။

မိန်းမ ကလေးရှိသော မိသားစုများက ကိုယ့်အိုးနှင့်ကိုယ် ချက်ပြုတ်စားသောက်ကြသည်။

တစ်ကိုယ်တည်းသမားများကတော့ တစ်ဝမ်းတစ်ခါးအတွက် သင့်သလို ဖန်တီးစားသောက်ကြသည်။

အချို့က တောင်းရမ်းရသော အစားအသောက်များကို စားသောက်ကြပြီး အချို့ကတော့ ဝယ်ယူစားသောက်ကြသည်။ သူတို့တာဝန်က မနက်မိုးလင်းတာနဲ့ သူတောင်းစား အဝတ်အစားများ လဲလှယ်၍ တောင်းရန် ထွက်ကြရသည်။ ထိုသို့မထွက်ခင်မှာ ဦးကောင်းစားက အားလုံးကို လိုက်ကြည့်သည်။

ပြင်ဆင်ထားမှု အမြင်မတော်လျှင် ရိုက်နှက်လေသည်။

"မင်းက အနာရောဂါသည်ယောင်ဆောင်ပြီး ခြေလက်တွေကို ပတ်တီးစည်းထားတယ်၊ ဒီအတိုင်း စည်းထားရုံနဲ့ မင်းလက်မှာ အနာရှိနေတယ်လို့ ဘယ်သူက ယုံမှာလဲ၊ အနာနဲ့ တူအောင် အနီရောင်ဆေးတွေဆွတ်၊ ယင်ကောင်တွေ လာနားအောင် ထန်းညက်ရေလေး ဘာလေး သုပ်ထားမှ သဘာဝကျမှာပေါ့ဟ"





"ဟုတ်. . . ဟုတ်ကဲ့ ဆရာကြီး"

"ဟိုတစ်ယောက်ကလည်း အကျိုးဟန်ဆောင်ပြီး ချိုင်းထောက်ကြီးသာ ဆောင်ထားတယ်၊ လမ်းသွားတော့လည်း ဟန်မကျပါလား၊ ချိုင်းထောက်နဲ့ လမ်းလျှောက်တယ်ဆိုတာ သဘာဝ ကျအောင် ဒီလိုပုံစံမျိုးနဲ့ လျှောက်ရတယ်ကွ"

ဟု ပြောကာ ချိုင်းထောက်ယူကာ သူကိုယ်တိုင် လျှောက်ပြလေသည်။

"တောင်းစားတယ်ဆိုတာ ဟန်အမူအယာ အရေးကြီးသလို အသံကလည်း အရေးကြီးတယ်၊ အချို့လူတွေက အသံနားထောင်ရုံနဲ့ သူတောင်းစားအစစ် ဟုတ်မဟုတ် သိနိုင်တယ်၊ ဒီတော့ အသံအဆွဲအငင် အရေးကြီးတယ်၊ လူတွေ သနားလာအောင် လုပ်ပြနိုင်လေ. . . ပိုက်ဆံပိုရလေပဲ"

"ဟုတ်ကဲ့ ဆရာကြီး"

"နောက်ပြီး ကိုယ့်နယ်မြေထဲမှာပဲ လှည့်တောင်း၊ တခြားနယ်မြေကို မကျော်စေနဲ့၊ ကျော်တာနဲ့ တခြားမြို့နယ်မှာ တောင်းနေတဲ့ သူတောင်းစားတွေက မင်းတို့ကို ရန်မူလိမ့်မယ်၊ ငါတောင်းရမယ့်နေရာတွေကို ခွဲပေးမယ်"

ဟု ပြောကာ ပုစွန်တောင်မြို့နယ် အတွင်းမှာ ရှိသော လမ်းအမည်များ ပြော၍ လူခွဲပေးလေသည်။

ထိုအချိန်က ပုစွန်တောင်မြို့နယ်အတွင်း၌ ရှိခဲ့ဖူးသောလမ်းနှင့် ရပ်ကွက်တို့မှာ. . .

အလီမူလာမြေ၊ ဇကဝိုင်ရပ်ကွက်၊ အလီလမ်းတပ်မြေ ဒေါ်ဒွေးလမ်း၊ အိုးဘို၊ မင်လှိုင်လမ်း၊ ဂရန့်လမ်း၊ ဟဒီးမြေ၊ အေ၊ က၊ ဂိုအထိ ညောင်တန်းဟိလမ်း၊ ရောဝက်ကိတ်လမ်း၊ ကုန်ဈေးတန်းလမ်း၊ ကျွင်းပြင်ရပ်ကွက်၊ လိပ်တန်လမ်း၊ အိုးဘို၊ အောက်ပုစွန်တောင်လမ်း၊



www.burmeseclassic.com

www.burmeseclassic.com



မာမွတ်လမ်း၊ တပ်မြေ၊ မဟာဇေယျာလမ်း၊ အိုးဘို။ မြစိမ်းလမ်းရော်ဝက်၊ မဟာဘောဂလမ်း၊ အိုးဘို။ ဥသြလမ်း၊ အိုးဘို ပုစွန်တောင်လမ်း၊ ပေတောကုန်း၊ ပေတောကုန်းလမ်း၊ အိုးဘို၊ ပြုံးချိုအထက်ပုစွန်တောင်လမ်း၊ ရော်ဝက်လမ်း၊

စက်ဆန်းရွာအထက် ပုစွန်တောင်လမ်း။

ရွှေဘုန်းပွင့်လမ်း၊ အိုးဘို၊ စင်ကာပူရပ်ကွက်၊ ဦးရွှေဂွန်းလမ်း၊ အိုးဘို၊ ဦးဝိဇ္ဇာလမ်း၊ အိုးဘို၊ အထက်ပုစွန်တောင်လမ်း၊

စသည်တို့ ဖြစ်ကြသည်။

(အချို့လမ်းနှင့်နေရာများ၊ ရပ်ကွက်များမှာ ကွယ်ပျောက်သွားခဲ့ပြီး အချို့လမ်း၊ ရပ်ကွက်၊ နေရာများမှာ အမည်သစ်များ ပြောင်းလဲထားကြလေပြီ။)

ဦးကောင်းစားက ၎င်းထံမှ သူတောင်းစားများကို လမ်း၊ ရပ်ကွက်၊ နေရာများကို ခွဲ၍ လွှတ်လိုက်ပြီးနောက် ၎င်းကတော့ မြို့လယ်တရုတ်တန်းမှ မိတ်ဆွေတစ်ဦးနေအိမ်မှာ တိတ်တိတ်ပုန်းဖွင့်ထားသော ဖဲဝိုင်းသို့ သွားကာ တစ်နေကုန် ပိုကာဒေါင်းနေပြီး ညနေစောင်းတော့မှ လံချားခေါ်ကာ ၎င်းနေသောနေရာသို့ ပြန်လာလေ့ရှိသည်။

ဖဲဝိုင်းသွားကာ ပိုကာဆွဲသောအလုပ်က ဦးကောင်းစားအတွက် နေ့စဉ်ပြုလုပ်နေကျအလုပ်ဖြစ်သည်။

ထိုသို့သွားရာမှာတော့ ရင်ဖုံးအင်္ကျီ၊ ဘန်ကောက်လုံချည်၊ နောက်ပိတ်ဖိနပ်၊ ပိုးပုဝါပေါင်းပြီး တကယ့်လူကုံထန်တစ်ဦးပုံသဏ္ဍာန် ဝတ်စားဆင်ယင်ပြီးမှ သွားရောက်ကစားလေ့ရှိသည်။

အကြောင်းမသိသူများကတော့ ဝတ်ကောင်းစားလှများ ဝတ်ကာ ဖဲဝိုင်းသို့ နေ့တိုင်းလာနိုင်သော ဦးကောင်းစားကို ကြည့်ကာ ငွေကြေးပြည့်စုံသော လူကုံထံအသိုင်းအဝန်းမှ ပုဂ္ဂိုလ်တစ်ယောက်ဟု ထင်ကြလေသည်။





ဖဲဝိုင်းကို လာကြသူများမှာလည်း အထက်တန်းစား၊ လူကုံထံအသိုင်းအဝိုင်းများသာ များသဖြင့် ၎င်းအနေနှင့် ထိုလူများနှင့် ရင်းနှီးခင်မင်အောင် ပေါင်းသင်းလေ့ရှိသည်။

"ဒါထက် ဦးကောင်းစားနဲ့က ဒီဝိုင်းမှာ မိတ်ဆွေဖြစ်နေကြတာကြာပြီ၊ တစ်ယောက်အကြောင်းတော့ တစ်ယောက်မသိကြရသေးဘူး၊ ကျုပ်နာမည်က ဂျေဒီမောင်မောင်လို့ ခေါ်ပါတယ်၊ အရင်ကတော့ အင်းစိန်ထောင်ပိုင်ကြီးဘဝနဲ့ အတော်ကြာကြာကလေး အလုပ်လုပ်ခဲ့သေးတယ်၊ အခုတော့ ပင်စင်ယူလိုက်ပါပြီ"

"အော်. . . ဟုတ်လား"

"အခု အရှေ့ပိုင်းအနောက်ပိုင်း နယ်မြေတွေမှာ တာဝန်ကျနေတဲ့ မီလာသခင်တွေ၊ ရာဇဝတ်အုပ်တွေ၊ ဌာနအုပ်တွေဆိုရင် ကျုပ်ရဲ့ ငယ်တပည့်တွေချည်းပါပဲ၊ ကျုပ်တစ်ခွန်းပြောလိုက်တာနဲ့ ပြီးပါတယ်"

"အေးဗျာ. . . ပုလိပ်လောကသားတွေနဲ့ ကျွမ်းဝင်မှု ရှိတဲ့ ဦးမောင်မောင်လို လူတစ်ယောက်နဲ့ သိကျွမ်းရတာ ဝမ်းသာစရာပါပဲ၊ လိုတဲ့အကူအညီ ရှိတော့လည်း ပြောရတာပေါ့"

"ပြောပါဗျား. . . ပြောပါ၊ ကိုယ့်မိတ်ဆွေရင်းချာတွေ ဖြစ်ကြမှပဲ၊ တစ်ယောက်အကြောင်းရှိ တစ်ယောက်အကူအညီ ပေးရမှာပေါ့၊ ပုလိပ်လောကဆိုတာကလည်း အခက်သားဗျ၊ ကျီးကန်းတွေလိုပဲ ကိုယ့်အချင်းချင်းဆိုရင် ရိုင်းပင်းအကူအညီပေးတတ်ကြတယ်၊

အော်. . . ဒါထက် ခင်ဗျားရဲ့နာမည်နဲ့ အလုပ်အကိုင်လည်း တဆိတ်လောက် ပြောပါဦးဗျ"

ထိုအခါ ဦးကောင်းစားက လက်ထဲမှာ ကိုင်ထားသော ဆေးပြင်းလိပ်ကို မီးညှိပြီး တစ်ဖွာနှစ်ဖွာလိုက်ပြီးမှ ပြောပြသည်။

"ကျုပ်နာမည်က ဦးကောင်းစားလို့ ခေါ်ပါတယ်၊ ပုစွန်တောင်ဘက်မှာ နေပြီး ငွေတိုးကြေးတိုး ချစားတယ်ဆိုပါတော့၊ အဲ. . . ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ခင်ဗျားမှာလို ပုလိပ်တွေဘာတွေနဲ့ အသိအကျွမ်း မရှိဘူးဗျ၊ ခိုင်းစေထားတဲ့ လူဆိုးလူမိုက်တွေပဲ ရှိတယ်၊ အသုံးလိုရင်လည်း ပြောပေါ့ဗျာ"

ဟု ပြောလိုက်ရာ ဂျေဒီမောင်မောင်ဆိုသောလူကြီး သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။

"ပုလိပ်နဲ့ လူဆိုးလူမိုက်ဆိုတာ နာမည်တပ်တာချင်းသာ မတူပေမယ့် သဘာဝစရိုက်ချင်းကတော့ အတူတူပါပဲဗျာ၊ အကြောင်းကိစ္စပေါ်လာတော့လည်း အကူအညီတောင်းတန် တောင်းရတာပေါ့၊

ကိုင်း. . . အဖွဲ့သားတွေလည်း စုံပြီဆိုတော့ ကျုပ်တို့ရဲ့ပိုကာဝိုင်းလေး စလိုက်ကြရအောင်"

ဟု ပြောဆိုကာ နှစ်ယောက်သား စကားဖြတ်ပြီးနောက် ပိုကာဝိုင်းဆွဲရန် ပြင်ဆင်ထားသာနေရာသို့ သွားလေသည်။

ဦးကောင်းစားသည် တစ်နေကုန် ပိုကာဝိုင်းတွင် ရှိနေပြီး ညနေပိုင်းအချိန်ရောက်မှ လက်စသတ်ကာ ပုစွန်တောင်ဘက်သို့ ပြန်လေသည်။

တစ်ခါတစ်ရံလည်း ပိုကာဝိုင်း မသွားဘဲ ရပ်ဖျက်ကာ ပုစွန်တောင်မြို့အတွင်းသို့ လှည့်လည်ကာ တောင်းရမ်းနေသော ငှင်းတပည့်များကို လိုက်လံကြည့်ရှုလေသည်။

အချို့က အတောင်းအရမ်းထွက်သော်လည်း မတောင်းဘဲ တစ်နေရာမှာ ခွေအိပ်နေပြီး အချိန်တန်မှ ပြန်လာလေ့ရှိသည်။ အချို့ကလည်း အရိပ်ရသည့်သစ်ပင်အောက်မှာ ထိုင်ပြီး အတင်းပြောသူပြော၊ ခေါင်းမှာ သန်းရှာသူက ရှာနေကြသည်။

ယောကျ်ားများက ကျားထိုးသည့်သူကထိုး၊ ပဆစ်ပစ်သူက ပစ်ကြလေသည်။

တစ်နေရာမှာတော့ ရထားသံလမ်းဘေး နေပူထဲမှာ ဖွဲ့ကောင်း





ကောင်းနှင့် တောင်းနေသော သူတောင်းစားတစ်ယောက်ကို တွေ့သဖြင့် သဘောကျသွားကာ အိတ်ထဲမှ တစ်ကျပ်တန် အသစ်နှစ်ရွက်ကို ထုတ်ယူပြီး ခွက်ထဲသို့ ထည့်ပေးလိုက်သည်။

သူတောင်းစားက မကြုံစဖူး တစ်ကျပ်တန်နှစ်ရွက်ကို ရက်ရက်ရောရော ထည့်သည့်လူကြီးကို တစ်ချက်မော့ပြန်ပြီး ဝမ်းသာအားရနှင့် ဆုများ ပေးနေလေသည်။

"ကျန်းမာပါစေ ချမ်းသာပါစေဗျာ၊ ကျွန်တော့်အစ်ကိုကြီး အခုလို စွန့်ကြဲရတဲ့အကျိုးကြောင့် ရွှေငွေရတနာများ ဒီရေအလား တိုးပွားပြီး မယားအချောနှစ်ယောက်လည်း ရကာ တရားသဘောလည်း ပေါက်ပါစေခင်ဗျား"

ဟု ဆုပေးလေရာ ဦးကောင်းစားက သဘောကျစွာ တစ်ချက်ပြုံးလိုက်လေသည်။

မနီးမဝေးနေရာ ရောက်မှ နောက်သို့ လှည့်ကြည့်လိုက်သော အခါ သူတောင်းစားက ခွက်ထဲမှ ငွေစက္ကူနှစ်ရွက်ကို ယူ၍ လိပ်ကာ ၎င်းခါးကြားအတွင်းသို့ ထိုးထည့်နေသည်ကို တွေ့ရလေသည်။

ညနေစောင်းအချိန်ရောက်လျှင် ရပ်ကွက်အတွင်း၌ လှည့်လည်တောင်းရမ်းနေကြသည့်သူတောင်းစားများ ပြန်ရောက်လာကြသည်။

ထိုသို့ပြန်ရောက်သည်နှင့် ဦးကောင်းစားဆီသို့ သွားကာ တောင်းရမ်းရသမျှ ပိုက်ဆံများကိုပေးရသည်။ ထိုသို့အပ်ရာမှာ နည်းရင်နည်းသလို အဆူအဆဲ ခံရသေးသည်။

"တစ်နေ့လုံး တောင်းတာမှ ငါးမူး၊ သုံးမတ်ပဲ ရသလား၊ ငါ့ကို မှန်မှန်ပြောစမ်း၊ နင် ပိုက်ဆံမတောင်းဘဲ ဘာတွေ သွားလုပ်နေတာလဲ"

"ကျွန်မတို့လည်း တောင်းတာပါပဲ ဆရာကြီးရယ်၊ လူတွေက တစ်ပြားနှစ်ပြား ထည့်ဖို့တောင် အတော်တွန့်တိုနေကြလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဒီသုံးမတ်ထဲနဲ့ ဘယ်လိုစားမှာလဲ၊ ဒီလိုသာ ပိုက်ဆံရအောင် မတောင်းနိုင်ရင် သူတောင်းစားသိက္ခာကျတယ်၊ နာမည်ပျက်တယ်၊ နောက်တစ်နေ့ စောင့်ကြည့်လို့မှ ပိုက်ဆံမရရင်တော့ ငါ့ဆီမှာ မနေနဲ့တော့၊ တခြားရပ်ကွက်ကို ပြောင်းပေတော့”

“ဟုတ်. . . ဟုတ်ကဲ့ ဆရာကြီး၊ ရအောင်တောင်းပါ့မယ်”

အချို့ကလည်း တောင်းရသောပိုက်ဆံကို တစ်ဝက်သာ အပ်ပြီး တစ်ဝက်ကို ဝှက်ထားကြသည်။

ထိုသို့ပြုလုပ်သည်ကို စစ်ဆေးတွေ့လျှင် အရိုက်အနှက် ခံရရုံမက နေရာမှပင် နှင်ထုတ်ခံရပေသည်။

အချို့ကလည်း တောင်းရသမျှ ပိုက်ဆံနည်းနေသည့်အခါ ဦးကောင်းစားက ၎င်းအတွက် ခွဲတမ်းနှုတ်လိုက်သည့်အခါတွင် စားစရာပင် မကျန်တော့ပေ။

ထိုအခါ တောင်းတောင်းပန်ပန် ပြောပြရသည်။

“ဆရာကြီးရယ်. . . ဒီကနေ့တော့ ထမင်းဖိုးလေး နည်းနည်းပြန်ပေးပါ၊ ကျွန်တော်တို့မှာ ကလေးတွေက များတော့ စားဖို့မလောက်လို့ပါ၊ နောက်တစ်နေ့ကျရင် ဖြည့်ပေးပါ့မယ်”

ဟု တောင်းပန်ပြောဆိုလေသည်။

“အခုမှ သူတောင်းစားလေသံမျိုးနဲ့ ငါ့ကို လာပြောမနေနဲ့၊ ယူစရာရှိတာတော့ ယူရမှာပဲ၊ ငါ့ဘက်ကလည်း ပြန်ကြည့်ကြဦးလေ၊ မင်းတို့အတွက် နေဖို့ စီစဉ်ပေးရတယ်၊ နယ်မြေတစ်ခုထဲမှာ အေးအေးချမ်းချမ်း တောင်းရမ်းနိုင်အောင် သက်ဆိုင်ရာတွေနဲ့ ညှိထားပေးရတယ်၊ ဒီအတွက် အကုန်အကျတွေ အများကြီး ရှိတယ်၊

ဒီတော့ တောင်းလို့ရရင် စား၊ တောင်းလို့မရရင် မစားနဲ့၊ ငါကတော့ ငါ့အတွက် အပြည့်ယူရမှာပဲ”

ဟု ပြောရာ ထိုသူတောင်းစားလည်း နောက်ထပ်မပြောဝံ့တော့





ပေ။ ထိုအချိန်မှာ နောက်ကျနေသော သူတောင်းစားတစ်ယောက် ဝင်လာသည်။

သူ့လွယ်အိတ်ထဲမှာ ဝှက်ယူလာသော ခေါက်ဆွဲကြော်ထုပ် တစ်ထုပ်လည်း ပါလာလေသည်။

“အော်. . . ငထွန်းတောင် ပြန်လာပြီလား၊ မင်းလွယ်အိတ်က တွဲကျနေပါလား၊ ဘာတွေများလဲ”

“ရထားပေါ် တက်ကာနီး ခရီးသည်တစ်ယောက်က ပေးထားခဲ့တဲ့ ခေါက်ဆွဲထုပ်ပါ ဆရာကြီး၊ ဆရာကြီး စားချင် ယူထားလိုက်လေ”

ငထွန်းက ဟန်ဆောင်ပန်ဆောင် ပြောနေမှန်း သူ့အမူအယာက ပေါ်လွင်လျက်ရှိနေသည်။

“ကဲ. . ကဲ. . မင်း ဒီကနေ့ ဘယ်လောက်ရသလဲ ပြပါဦးကွ”

ငထွန်းက တောင်းရမ်းရလာသော အကြွေစေ့များကို ဦးကောင်းစားရှေ့သို့ ချပေးလိုက်သည်။

မနည်းလှပေ။

နှစ်ကျပ်ကျော်ကျော် သုံးကျပ်နီးပါး ရှိပေမည်။

သို့သော်လည်း ဦးကောင်းစားက ကိုင်၍မျှ မကြည့်ပေ။

“ဒါ အကုန်ပဲလားကွ”

ဦးကောင်းစားက ဆေးပြင်းလိပ်ဖွာရင်း မေးလိုက်တော့ ငထွန်းမျက်နှာတစ်ချက် ပျက်သွားသည်။

“ဒါ. . ဒါပါပဲ ဆရာကြီး”

“မင်းတောင်းတဲ့အထဲမှာ တစ်ကျပ်တန်လေးဘာလေး မရဘူးလား”

“မရပါဘူး”

“ကဲ. . . ဒါဖြင့် မင်းလွယ်အိတ် ခဏပြပါဦးကွာ”

ငထွန်းက ကြောက်ကြောက်ရွံ့ရွံ့ အမူအယာဖြင့် လွယ်အိတ်



www.burmeseclassic.com

www.burmeseclassic.com



စုတ်ကလေးကို ကမ်းပေးလိုက်သည်။

လွယ်အိတ်ထဲမှာတော့ အခြားထွေထွေထူးထူး မရှိချေ။ ခေါက်ဆွဲထုပ်တစ်ထုပ်နှင့် အခြားအသုံးအဆောင်ပစ္စည်းအချို့သာ ရှိသည်။

ဂိုးဖလိပ် စီးကရက်ဗူးခွံတစ်ခု၊ တယောတံဆိပ် ယမ်းမီးခြစ်တစ်ဗူးနှင့် ဆေးပေါ့လိပ်များက ရှိသည်။

ဦးကောင်းစားက စီးကရက်မရှိသော ဂိုးဖလိပ်စီးကရက်ဗူးခွံကို အသေအချာ ကြည့်သည်။

ဘာမှမတွေ့ရပေ။

တယောတံဆိပ် ယမ်းမီးခြစ်ဗူးကို မီးခြစ်ဆံများ သွန်ချပြီး ကြည့်သည်။

မရှိပေ။

ငထွန်းအပါအဝင် အခြားသူတောင်းစားများက ဦးကောင်းစား ပြုလုပ်နေသမျှကို ရင်တထိတ်ထိတ်နှင့် ကြည့်နေကြ သည်။ နောက်ဆုံး လွယ်အိတ်ထဲမှာ ခေါက်ဆွဲထုပ်တစ်ထုပ်သာ ကျန်တော့သည်။

ဦးကောင်းစား ခေါက်ဆွဲထုပ်ကို ယူကြည့်သည်။

အထုပ်ကို ချည်ထားသော သင်အူကြိုးမှာ ခေါက်တုံ့ချည်ထား ခြင်းမျိုး မဟုတ်ဘဲ သာမန်လူတစ်ယောက်ကဲ့သို့ ကြိုးနှစ်ချောင်း ပူးကာ အသေထုပ်ချည်ထားသည်ကို တွေ့ရသဖြင့် သဘောကျစွာ ပြုံးပြီး ခေါက်ဆွဲထုပ်ကို ဖြည်လိုက်သည်။

ထိုအခါ အတွင်းသတင်းစာစက္ကူနှစ်ချပ်ကြား၌ ညှပ်ထားသည့် တစ်ကျပ်တန်နှစ်ရွက်ကို တွေ့ကြရသည်။

ငထွန်းမှာ မျက်စိမျက်နှာပျက်သွားလေသည်။

"ခေါက်ဆွဲဆိုင်ကက တရုတ်တွေက ကြိုးချည်ရင် ဘယ်တော့မှ အသေထုပ်မချည်ဘူး၊ ဖြေရတာ လွယ်အောင်လို့ သင်အူကြိုးကို ခေါက်တုံ့ပဲ ချည်လေ့ရှိတယ်၊





အခု မင်းက ကြိုးတွေကို အသေချည်ထားတော့ တရားခံ ရှာရတာ လွယ်တာပေါ့ကွာ၊

ကဲ. . . မင်းဘာပြောမလဲ ငထွန်း၊ ငါက ဒီလိုမရိုးမသား လုပ်တာမျိုးတွေ လုံးဝမကြိုက်ဘူး၊

ဒီတော့ မင်း ဒီနေရာက ထွက်သွားမလား၊ ဒါမှမဟုတ် ငါဆုံးမ တာကို ခံမလား"

ဦးကောင်းစားက နံရံမှာ ချိတ်ထားသော ကျပ်ပြားအဝိုင်းခန့် ကြီးသည့်ကြိမ်လုံးကို လှမ်းကြည့်သည်။

"ကျွန်တော်မှားပါတယ် ဆရာကြီး၊ နောက်ကို ဒီလို မလုပ်တော့ ပါဘူး၊ ကျွန်တော် ဆရာကြီး ဆုံးမတာကိုပဲ ခံပါ့မယ်၊ ဒီနေရာကတော့ မသွားပါရစေနဲ့"

ဟု ပြောလေသည်။

ထိုအခါ ဦးကောင်းစားက ခေါင်းညိတ်ပြပြီး ကြိမ်လုံးချိတ်ဆွဲ ထားရာသို့ လျှောက်သွားလေသည်။


ထိုနေ့ညအဖို့တော့ သူတောင်းစားများ နေကြသည့် တဲတန်း လျားဆီမှ အော်သံများ အဆက်မပြတ် ကြားရပေဦးတော့မည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

## သချိုင်းထဲမှထွက်လာသောရန်သူ

ဦးကောင်းစား နေသောနေရာတဝိုက်မှာ ပုစွန်တောင်သင်္ချိုင်းနှင့် နီးသည်ကတစ်ကြောင်း၊ သစ်တောနှင့် ချုံနွယ်ပိတ်ပေါင်းများ ထူပြောလှသောကြောင့် လူနေအိမ်ခြေ မရှိသလို လူသွားလူလာလည်း သိပ်မရှိလှပေ။

သို့သော်လည်း ညနေပိုင်းအချိန်မှာတော့ ဦးကောင်းစား နေသောနေရာသို့ ပုစွန်တောင်မြို့တွင်းမှ လူများအပါအဝင် အခြေမြို့နယ်မှ လူအချို့ အဝင်အထွက် ပြုကြလေသည်။

ညဦးပိုင်းအချိန်ရောက်လျှင် ၎င်းနေသောအိမ်မှ အောက်



www.burmeseclassic.com

www.burmeseclassic.com



လင်းဓါတ်မီးတစ်လုံး ထွန်းကာ အိမ်အပြင်သို့ ထုတ်ချိတ်ပေးထားသည်။

ထိုမီးရောင်က သူ့အိမ်ပေါ်မှာသာမက သူတောင်းစားများ နေကြသည့် တဲတန်းများများအထိ အလင်းရောင် ရရှိလေသည်။

ထိုအောက်လင်းဓါတ်မီးကို လူတစ်ယောက်က အမြဲထိုင်စောင့်ပြီး ရေနံဆီဖြည့်ခြင်း၊ လေထိုးခြင်းကိစ္စများကို ပြုလုပ်ပေးရသည်။

အိမ်ပေါ်မှာတော့ ခွေးတံဆိပ် ဓါတ်ပြားစက်တစ်လုံး ရှိပြီး ညစဉ်ညတိုင်း ဇာတ်ထုပ်ဇာတ်လမ်းများကို အများကြားလောက်သည် အထိ အသံကျယ်ကျယ်နှင့် ဖွင့်ပေးထားသည်။

ရှေးအခါက အောက်လင်းဓါတ်မီးမှာ တောနေ စပါးပွဲစားများ၊ လယ်သမားများ အသုံးပြုသော အသုံးအဆောင်တစ်ခုဖြစ်ခဲ့ပေသည်။

ညအချိန် စပါးလှေ့ကြသောအခါ လှေစင်ကြီးများအောက်မှာ အောက်လင်းဓါတ်မီးများ ချိတ်ဆွဲ၍ တပျော်တပါး လုပ်ကိုင်ကြခြင်းဖြစ်သည်။

မြို့ငယ်ကလေးများမှာလည်း လျှပ်စစ်မီး မရရှိသောကြောင့် အောက်လင်းဓါတ်မီးနှင့် ရေနံဆီမီးအိမ်များကိုသာ အားထား၍ အသုံးပြုခဲ့ကြသည်။

ရှေးအခါက တောရောမြို့ပါ လူတန်းစားတစ်ရပ်အနေနှင့် အသုံးပြုသောပစ္စည်းများထဲမှ ထင်ရှားသောပစ္စည်းများမှာ သွပ်မိုးခြင်း၊ အောက်လင်းဓါတ်မီး ထွန်းခြင်းနှင့် ဓါတ်စက်ဖွင့်နိုင်ခြင်းတို့ပင်ဖြစ်၏။

ကျေးရွာ၌ သွပ်မိုးအိမ်ဖြင့် နေကာ အောက်လင်းဓါတ်မီး ညစဉ်ထွန်းနိုင်ပြီး ဓါတ်စက်မှန်မှန်ဖွင့်နိုင်သူမှာ အခြားသူများထက် ကြီးပွားချမ်းသာသူဖြစ်ကြောင်း မပြောဘဲနှင့် သိနိုင်လေသည်။

အောက်လင်းဓါတ်မီး ထိန်ထိန်လင်းနေသော တလင်းထဲမှာ ဘုရားဒကာ တိုင်းကျိုးပြည်ကျိုးဆောင် ဦးဖိုးစိန်ကြီး၏တက္ကပဏ္ဏိတ ဇာတ်၊ ပဒကုသလဇာတ်ထုပ်တို့ကို ညဉ့်နက်သန်းခေါင်အချိန်ထိ ဖွင့်ပေး





ထားကြသည်။

တစ်နှစ်တစ်ခါ ပွဲကြည့်ခွင့်မရသော တောသူတောင်သားများမှာ လူကိုယ်တိုင် မကြည့်ရသော်လည်း ဓါတ်စက်(အချို့ကလည်း ဓါတ်အိုးဟု ခေါ်သည်) ဓါတ်စက်ထဲမှ အသံကို နားထောင်၍သာ ကျေနပ်နှစ်သိမ့်ကြရသည်။

ဖိုးစိန်နှင့်အောင်ဗလတို့ စုံတွဲခေတ် မတိုင်မီက ဓါတ်စက်ကို ဓါတ်အိုး၊ ဓါတ်လုံးဟု ခေါ်ဝေါ်ကြသည်။

ရှေးအခါက အသံသွင်းသောအခါ ဓါတ်ပြားပေါ်တွင် သွင်းယူခြင်း မဟုတ်ဘဲ တလိမ့်တုံးနှင့် တူသော ဓါတ်လုံးပေါ်မှာ သွင်းယူရသောကြောင့် 'ဓါတ်လုံး' ဟု ခေါ်တွင်ကြခြင်းဖြစ်ပေသည်။

နောက်ပိုင်းမှာတော့ ခွေးတံဆိပ် ဓါတ်ပြားများ တွင်ကျယ်လာသောအခါ ဓါတ်အိုး၊ ဓါတ်စက်၊ သီချင်းစက် ဟူ၍ အမျိုးမျိုး အခေါ်အဝေါ် ပြောင်းခဲ့လေသည်။

နောက်ဆုံး အသံချဲ့စက်ဟူသော အခေါ်အဝေါ် ရောက်သည် အထိဖြစ်သည်။

ကျေးရွာများမှာ ဓါတ်အိုး၊ ဓါတ်စက်၊ သီချင်းစက်များ ဝင်ရောက်လာသောအချိန်မှာ စိတ်ဝင်စားစရာလည်းကောင်း၊ ပျော်စရာလည်း ကောင်းပေသည်။

ဓါတ်စက်ဖွင့်တော့မည့်အချိန် ရောက်လျှင် အလုပ်မရှိသူများက ပွဲကြည့်သကဲ့သို့ တကူးတက သွားရောက်နားထောင်ကြလေသည်။

အိမ်မှာ ဖွင့်လျက် ဖွင့်သည့်အိမ်မှာ သွားရောက်နားထောင်ပြီး စပါးလှေ့သောတလင်းထဲမှာ ဖွင့်လျှင် တလင်းထဲမှာ သွားရောက်နားထောင်ကြရသည်။

ညဉ့်အချိန် ဓါတ်အိုးအတွင်းမှ ထွက်လာသော. . .

"ယာတောအလယ်မှာ ငါပြောမယ် ရွှေရှင်ဘုရင်ရဲ့ [illegible] ဆင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်ဦး" ဟူသော ဦးဖိုးစိန်၏ဆွဲဆောင်မှု ရှိသော အသံဝါကြီးကြောင့် ပွဲကြိုက်တတ်သော ပျိုပျိုအိုအို ရွာသူရွာသားများမှာ နှလုံးသား တုန်ခါသွားလောက်အောင် နှစ်ခြိုက်မှု ဖြစ်ကြလေသည်။

နှင်းဖဝေး မောင်နှမကို သနားသောကြောင့် မျက်ရည်ဝိုင်းသူဝိုင်း၊ မျက်ရည်ကျသူက ကျကြလေသည်။

"အကြွဲရခက်ပါသနော်၊ သံလျက်တော် ယူသည့်သူခိုးကိုလ" ဟူသောအသံကို ကြားသောအခါ ပဒေသရာဇ်ခေတ်၏သက်ဦးဆံပိုင်ဘုရင်၏အကြွဲယုတ်မာပုံကို တစေ့တစောင်း သိကြရသည်။

ဘုရင်ဆိုတိုင်း တစ်သက်လုံး ကောင်းနေသည်မဟုတ်ဘဲ ယုတ်မာသည့်အခါ ယုတ်မာပုံများကို သီချင်းတစ်ပိုဒ်နှင့် တောသူတောင်သားများ နားလည်သဘောပေါက်ကြရသည်။

ဦးကောင်းစား အိမ်ပေါက်ဝမှာ အောက်လင်းဓါတ်မီးတစ်လုံး အပြင် ထုတ်ချိတ်ထားသော ရည်ရွယ်ချက်မှာ ၎င်းအိမ်လည်း လင်းစေ၊ မနီးမဝေးမှာ ရှိနေသော သူတောင်းစား တန်းလျားများလည်း အလင်းရောင် ရစေ၊ ထို့ပြင် ညဦးပိုင်းအချိန်ရောက်တော့ သူ့အိမ်သို့ အဝင်အထွက်ပြုကြသော ပုစွန်တောင်ဈေးနှင့် ရပ်ကွက်အတွင်းမှ လူများ လမ်းမြင်ရစေရန် ရည်ရွယ်ကာ ထွန်းပေးထားခြင်းဖြစ်ပေသည်။

ဦးကောင်းစားကတော့ ခေါင်းရင်းစင်ပေါ်မှာ တင်ထားပြီး အသံကျယ်ကျယ်နှင့် ဖွင့်ပေးထားသော ဓါတ်စက်အောက်မှာ တင်ပလ္လင် ချိတ်ထိုင်၍ ဆေးပြင်းလိပ်ကို ဖွာနေတတ်ပေသည်။

နေဝင်ရီတရောအချိန် ရောက်သောအခါ ရပ်ကွက်ထဲမှ ပျံကျဈေးသည်များ၊ လက်လုပ်လက်စားများ၊ အလုပ်သမားများ ရောက်လာပြီး ငွေတိုးချေးကြတော့သည်။

ထိုကဲ့သို့ ငွေတိုးချေးသောအလုပ်ကိုတော့ သမီးဖြစ်သူ ခင်နုက ဒိုင်ခံလုပ်လေသည်။





ခင်နုမှာ မိတဆိုးသမီးတစ်ယောက်ဖြစ်ပြီး ရွှေဘုန်းပွင့်ဘုရားနားမှာ အဒေါ်တစ်ယောက်နှင့် အတူတူ နေသည်။ ဦးကောင်းစားက ရုပ်ဆိုးအကျည်းတန်သော်လည်း မိခင်ဖြစ်သူက အသားဖြူဖြူနှင့် ရုပ်ချောမောသူဖြစ်ရာ ခင်နုက မိခင်ရုပ်ရည်အတိုင်း ချောမောသူတစ်ဦးဖြစ်သည်။ သူမသည် ဖခင်နှင့် အတူမနေဘဲ အဒေါ်နှင့် နေသည်ဆိုသော်လည်း ငွေတိုးချေးသော အလုပ်များကိုတော့ သူမက လုပ်ကိုင်ပေးလေသည်။

ညနေပိုင်းတွင် ဦးကောင်းစားနေအိမ်သို့ သွားကာ စာရင်းစာအုပ်ကြီးဖြင့် ငွေလာသွင်းသူ၊ ငွေပြန်ထုတ်သူ၊ အတိုးဆပ်သူများကို စာရင်းမှတ်သားကာ ရရှိသောအတိုးငွေများကို သိမ်းပေးရသည်။

ငွေတစ်ကျပ် ချေးယူလျှင် ဆယ်ပြားနှုန်း အတိုးပေးရသည်။ အကယ်၍ နေ့ပြန်တိုး ချေးယူလျှင် ငွေတစ်ဆယ် ချေးယူလျှင် တစ်နေ့ကို ငါးမူးပြန်သွင်းပေးရသည်။ တစ်လပြည့်လျှင် ဆယ့်ငါးကျပ် ပြန်ရသည်။

အကယ်၍ ငွေသိမ်းချိန် တန်ပါလျက် မသွင်းဘဲနေလျှင် ဦးကောင်းစားက သူတောင်းစားလူမိုက်များကို စေလွှတ်၍ တောင်းခိုင်းသောကြောင့် မည်သူမှ ပြန်မပေးဘဲ မနေဝံ့ကြပေ။

ထို့ပြင် ဦးကောင်းစားက ပုလိပ်များနှင့်လည်း အဆင်ပြေအောင် ပေါင်းသင်းထားသောကြောင့် အကယ်၍ မရိုးမသား လုပ်ပါက ပုလိပ်များကို တိုင်ကြားပြီး ဖမ်းဆီးခိုင်းလေ့ရှိသောကြောင့် အရင်းမဆပ်နိုင်လျှင်သော်မှ အတိုးငွေကိုတော့ မှန်မှန်ပေးကြရသည်။

တကယ်တော့ ပုစွန်တောင်ဈေးနှင့် ရပ်ကွက်ထဲမှာ နေထိုင်ကြသူများမှာ ပျံကျလက်လုပ်လက်စား များသောကြောင့် ငွေတိုးယူရသည်ကိုစွန့်နှင့် မကင်းကြပေ။

ညဘက်တွင် လိုသောငွေ လာချေးယူပြီး တစ်နေ့ကုန် ဈေး



www.burmeseclassic.com

www.burmeseclassic.com



ရောင်းပြီးမှ ညအချိန်ရောက်သောအခါ အမြတ်ငွေထဲမှ အတိုးလာပေးကြသည်။

ဤနည်းဖြင့် သံသရာ လည်နေကြခြင်းဖြစ်လေသည်။ ညနေပိုင်း ငါးနာရီလောက်ကတည်းက လူအဝင်အထွက် ရှုပ်နေသော ဦးကောင်းစားနေအိမ်တွင် ည(၈)နာရီအချိန် ရောက်သောအခါ လူအဝင်အထွက် နည်းသွားလေသည်။ နောက်ကျနေသူ တစ်ဦးစ တစ်ယောက်စသာ ကျန်တော့သည်။

ထိုအခါ ခင်နုက တစ်နေ့ရသော အတိုးအရင်းငွေများကို စာရင်းနှင့်တကွ ဖခင်ဖြစ်သူကို အပ်လေသည်။ ထိုငွေကို သူတောင်းစားများထံမှ ရသောငွေများနှင့် ပေါင်းကာ အိတ်ကြီးတစ်လုံးထဲသို့ ထည့်သည်။ ပြီးလျှင် သံသေတ္တာကြီးတစ်လုံးအတွင်းသို့ ထည့်ကာ အာမခံသော့ကြီးဖြင့် ခတ်ကာ သိမ်းထားလိုက်လေသည်။

"အဖေ့ကို ကျွန်မ ပြောစရာတစ်ခုရှိလို့ပါ"

"ဘာပြောမှာလဲကွယ်. . . ပြောလေ"

"တခြားတော့ မဟုတ်ပါဘူး၊ အဖေလည်း အသက်အရွယ်ရလာပြီဆိုတော့ ဒီအလုပ်တွေကို စွန့်ပြီး အေးအေးချမ်းချမ်း နေဖို့ ပြောမလို့ပါ"

ထိုစကားကြားသောအခါ ဦးကောင်းစားက အငွေ့ဝေစပြုနေသော ဆေးပြင်းလိပ်ကို တစ်ဖွာနှစ်ဖွာ ဖွာလိုက်လေသည်။

"သမီးက အဖေအကြောင်းကို မသိသေးလို့ ဒီစကားမျိုး ပြောတာပါ၊ အဖေလည်း သူတောင်းစားတွေနဲ့ မပတ်သက်ချင်ပါဘူး၊ ဒါပေမယ့် တခြားအကြောင်းကိစ္စတွေအတွက် သူတို့ကို ထားရတယ်ဆိုရင် မမှားပါဘူး"

"သူတောင်းစားတွေနဲ့ ပတ်သက်တဲ့ ဘယ်လိုအကြောင်းတွေ ရှိနေလို့လဲဟင်"





"ဒါတွေကတော့ သမီးကို ပြောလို့ မသင့်သေးဘူးကွယ်၊ နောက်တော့ သိရစေမပေါ့"

သို့ကြောင့် ခင်နုလည်း ဆက်မမေးတော့ဘဲ သူမ နေထိုင်ရာ ပုစွန်တောင်အိမ်သို့ ပြန်သွားလေသည်။

ထိုအချိန်မှာမှ နောက်ထပ်ဧည့်သည်နှစ်ယောက် ရောက်လာကြသည်။

နှစ်ယောက်စလုံး ဘောင်းဘီရှည်နှင့် လောင်းကုတ်အင်္ကျီအရှည်များကို ဝတ်ဆင်ထားပြီး သက္ကလပ်ဦးထုပ်အပျော့များကို ခပ်စိုက်စိုက် ဆောင်းထားကြသည်။

မီးရောင်အောက်မှာ ဝင်လာကတည်းက ငွေတိုးချေးမည့်သူများ မဟုတ်မှန်း သိလိုက်ကြလေသည်။

"ဦးကောင်းစားနဲ့ တွေ့ချင်လို့ပါ"

"ဦးကောင်းစားဆိုတာ ကျုပ်ပါပဲ၊ ကိစ္စရှိရင် အိမ်ပေါ် လာကြပါ"

ဟု ပြောလိုက်ရာ နှစ်ယောက်သား ဖိနပ်များကို ချွတ်၍ အိမ်ပေါ် တက်လာကြသည်။

ပြီးမှ ချထားသော ကုလားထိုင်များမှာ ဝင်ထိုင်ပြီး ခေါင်းပေါ်မှ ဦးထုပ်များကို ချွတ်လိုက်သည်။

ဧင်းတို့မှာ အခြားမဟုတ်ပေ။

ဒေါက်တာမင်းထင်ဇကျော်နှင့် စုံထောက်ကျော်စွာတို့ နှစ်ယောက်ပင်ဖြစ်၏။

ဦးကောင်းစားက နှစ်ယောက်စလုံးကို အကဲခတ်ကြည့်ပြီး. .

"တစ်ယောက်က စွန့်စားမှု ခရီးရှည်တွေ အမြဲသွားနေတဲ့ ဒေါက်တာမင်းထင်ကျော် မှတ်တယ်၊ ဒီတစ်ယောက်ကတော့ ဗဟန်း ဂါတ်တဲက စုံထောက်ကျော်စွာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဣန္ဒြေမပျက် မေးလိုက်လေရာ ဒေါက်တာမင်းထင်ကျော် နှင့် ကျော်စွာတို့နှစ်ယောက်မှာ သဘောကျစွာ ပြုံးလိုက်ကြလေသည်။

"မှန်ပါတယ်ဗျာ. . . ကျွန်တော်က မင်းထင်ကျော်ပါ။ သူက ကျော်စွာပါပဲ၊ ဒါထက် ဘယ်လိုများ သိတယ်ဆိုတာလည်း တဆိတ်လောက် ပြောပြပါဦး"

ဒီတစ်ကြိမ်မှာတော့ ဦးကောင်းစားက ပြုံးလိုက်ခြင်းဖြစ်လေသည်။

"ခင်ဗျားတို့နှစ်ယောက်အကြောင်းက အထွေအထူး စုံစမ်းစရာမှ မလိုတဲ့ဟာ၊ ခင်ဗျားတို့နဲ့ ပတ်သက်တဲ့ခါတ်ပုံနဲ့ သတင်းတွေက မကြာခဏ ပါနေတာပဲ၊ တလောကပဲ ကြံ့တောသချိုင်းက သုဘရာဇာ သုံးယောက်နဲ့ ပေါင်းပြီး လသာက ဦးဒီပရဲ့ဂိုဏ်းကို ဖြိုခွင်းလိုက်တဲ့ သတင်းပါခဲ့သေးတာပဲ"

(ကြံ့တောသချိုင်းမှ သုဘရာဇာသုံးယောက်မှာ မှန်ကင်းစံဟု နာမည်ကြီးခဲ့သော ဦးဘမှန်၊ ဦးဘကင်း၊ ဦးဘစံတို့ သုံးယောက်ပင်ဖြစ်သည်။)

"မှန်ပါတယ်. . . ဒါကြောင့်လည်း ပုစွန်တောင်တကြောမှာ ဦးကောင်းစားနာမည်က ကြီးနေတာကိုး"

ဟု စုံထောက်ကျော်စွာက ပြောလိုက်သည်။

"ဒီလောက်လည်း ချီးကျူးနေစရာ မလိုပါဘူးဗျာ၊ ခင်ဗျားတို့ အခု ဒီကိုလာတာ ဘယ်လိုကိစ္စလဲဆိုတာက သိပါရစေ"

"တခြားတော့ မဟုတ်ပါဘူး၊ ဦးကောင်းစားဆီက သိချင်တာလေး ရှိလို့ပေါ့"

"ဘာများပါလိမ့်"

"နေရိယဂိုဏ်းနဲ့ ပတ်သက်ပြီးတော့ သိချင်တာပါ"

ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုးဖြင့် မေးလိုက်ရာ





ဦးကောင်းစားမျက်နှာမှာ သာမန်ထက် ပိုမိုတည်ငြိမ်သွားလေသည်။

မီးသေစ ပြုနေသော ဆေးပြင်းလိပ်ကိုလည်း ဆက်ကာဆက်ကာ ဖွာနေလေသည်။

ထို့ပြင် ခေါင်းရင်းစင်ပေါ်မှာ တင်ဖွင့်ထားသော ဓါတ်စက်ကိုလည်း အသံအနည်းငယ် ပိုမြှင့်လိုက်သည်။ သူတို့ ပြောနေသောစကားများကို အခြားသူများ မကြားစေလိုသည့်သဘောဖြစ်သည်။

"ကျုပ်က ကံမကောင်းလို့ တောင်းစားနေတဲ့ သူတောင်းစား တစ်ယောက်ပါဗျာ၊ ဒီအကြောင်းတွေကို ဘယ်မှာ သိပ့်မလဲ"

"ကျွန်တော်တို့လည်း ဒီလိုပဲ ထင်မိတာပါပဲ၊ ဒါပေမယ့် ချန္ဒရာနဲ့ တွေ့တော့ သူက ပုစွန်တောင်က တောင်းမစားတဲ့ သူတောင်းစား တစ်ယောက်နဲ့ သွားတွေ့ပါလို့ ပြောလိုက်တာနဲ့ ဒီကိုရောက်လာတာပါ"

ဒေါက်တာမင်းထင်ကျော်စကားကြားသောအခါ ဦးကောင်းစားမှာ အနည်းငယ် တွေဝေသွားသည်။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့ကိုလည်း အကဲခတ်သလို ကြည့်လိုက်သည်။

"ချန္ဒရာဆိုတာ ဘယ်သူလဲ"

"ချန္ဒရာဆိုတာ ဦးမာလကို ပြောတာပါ၊ ချစ်တီးတန်း အရှေ့ဘက်မှာ ရှိတဲ့ တောင်ဘီလူးကျောင်းဝန်းထဲမှာ နေတာပါ၊ သူက သေသူတွေရဲ့ဝိညာဉ်တွေကို ခေါ်ပေးနိုင်ပါတယ်"

ဟု ပြောလိုက်မှ ဦးကောင်းစား၏မျက်နှာအမူအယာမှာ ပြောင်းလဲသွားလေတော့သည်။

"နေရိယဂိုဏ်းက သာမန်မဟုတ်ဘူးဗျ၊ ရန်ကုန်တစ်မြို့လုံးမှာ ဂိုဏ်းဝင်တွေ အများကြီးရှိတယ်၊ ဂိုဏ်းခေါင်းဆောင် ဘယ်သူလဲဆိုတာ တော့ မသိဘူး"

"သူတို့ဂိုဏ်းရဲ့လှုပ်ရှားမှုတွေ ဘာရှိသလဲဆိုတာ သိချင်တာပါ"



www.burmeseclassic.com

"အခုတော့ သူတို့တွေ ငြိမ်သက်နေကြတယ်၊ ဒါပေမယ့် မကြာခင်မှာတော့ ရာဇဝတ်မှုကြီးတစ်ခု ကျူးလွန်ဖို့ ကြံစည်နေတာတော့ အသေအချာပဲ"

"ခင်ဗျားရထားတဲ့ သဲလွန်စတွေ ရှိရင်လည်း ပြောပြပါဦး"

ထိုသို့မေးသဖြင့် ဦးကောင်းစားက ၎င်းသိထားသော သဲလွန်စများကို ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့အတွက်ကတော့ တန်ဖိုးမဖြတ်နိုင်သော သဲလွန်စများဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ဦးကောင်းစားဆီမှ ပြန်လာသောအချိန်မှာ ညဉ့်နက်ပိုင်း ရောက်နေပေပြီ။ လမ်းကြားလေးအတိုင်း ထွက်လာရာ ပုစွန်တောင်သချိုင်းအနီးသို့ ရောက်သောအခါ အမှောင်ရိပ်များအတွင်းမှ လူတစ်စု ထွက်လာသည်။

ချိန်းကြိုး၊ နံချပ်ကူ၊ တုတ်၊ ဝါး စသည်တို့ ကိုင်ထားသော လူလေးယောက်ဖြစ်သည်။

အဝတ်နက်များ ဝတ်ကာ ရုပ်ဖျက်ထားသဖြင့် မည်သူမည်ဝါမှန်းတော့ မသိရပေ။

"ကဲ. . . မောင်ကျော်စွာရေ၊ အညောင်းအညာ ပြေအောင် သွေးပူလေ့ကျင့်ခန်းလေး လုပ်လိုက်ကြဦးစို့ရဲ့"

သူတို့ အနားရောက်သည်နှင့် လူလေးယောက်က ညှပ်ပူးညှပ်ပိတ် ဝိုင်းကာ တိုက်ခိုက်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်တို့ ရှေ့မှ လူက တုတ်နှင့် ပြေးရိုက်ပြီး နောက်မှ လူက ဓါးဖြင့် ပြေးထိုးသည်။

ဒေါက်တာမင်းထင်ကျော်က ရှေ့မှ ကျလာသော တုတ်ချက်ကို ရှေ့သို့ ညာခြေတစ်လှမ်းတက်ကာ ဘယ်လက်ဖျံဖြင့် တုတ်ကိုင်လက်ကို ရိုက်ဖယ်သည်။





ပြီးမှ တစ်ဆက်တည်း ရန်သူမျက်နှာကို ညာလက်ဝါးစောင်းဖြင့် ခပ်ပြင်းပြင်း ခုတ်ကာ နောက်ဘက်သို့ ရွှေ့သည်။

အငိုက်မိသွားသောရန်သူက ရှေ့သို့ အရှိန်ဖြင့် ထွက်သွားရာ နောက်မှ ဝင်လာသောဓါးချက်က ရင်ဝသို့ စိုက်ဝင်သွားသည်။

ထိုအခါမှ ရန်သူလက်မှ တုတ်ကို ယူပြီး ဓါးသမားမျက်နှာကို လက်ပြန်ရိုက်ချလိုက်ရာ နှစ်ယောက်စလုံး လဲကျသွားတော့သည်။ ပွဲကသိမ်ကြလိုက်ပေ။

ပွဲပြီး၍ လှည့်ကြည့်လိုက်တော့ ကျော်စွာကလည်း သူ တာဝန်ယူရသောနှစ်ယောက်ကို မြေပေါ်သို့ လှဲသိပ်ထားပြီးလေပြီ။

ရန်သူလေးယောက်စလုံး မြေပေါ်မှာ လဲသွားသောအခါမှ ရုပ်ဖျက်ထားသော ၎င်းတို့မျက်နှာများကို လက်နှိပ်မီးဖြင့် ထိုးကာ ကြည့်သည်။

သူတို့ တွေ့ဖူးသောလူများ မဟုတ်ဘဲ လူစိမ်းများဖြစ်သော်လည်း နောက်တစ်ကြိမ် တွေ့ပါက မှတ်မိစေရန် အသေအချာ ကြည့်ပြီး ထိုနေရာမှ ထွက်ခဲ့ကြသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

# ဦးမာလနှင့်မနုသမငွေတွင်း

ကိုလိုနီခေတ်ကာလက ယခု ရွှေဘုံသာလမ်းနေရာတစ်ဝိုက်တွင် ကုန်းဘောင်ခေတ်မှ ဘုန်းကြီးကျောင်းများ ရှိခဲ့လေသည်။

၎င်းတို့မှာ ခင်ကြီးဖြူကျောင်းတိုက်၊ ယင်း၏တောင် ဘက်၌ မဟာပိန္နဲတိုက် ခေါ် ပုဏ္ဏားတိုက်. . .

အနောက်မြောက်တွင် ဒူးရင်းဆရာတော်တိုက်နှင့် အရှေ့ဘက်၌ ရှိသော တောင်ဘီလူးကျောင်းတို့မှာ လူသိများ ထင်ရှားခဲ့လေသည်။

တောင်ဘီလူးကျောင်းဆရာတော်မှာ စစ်သူကြီးမဟာပန္လုလ



www.burmeseclassic.com

www.burmeseclassic.com



၏မြေးတော်စပ်သူဖြစ်သည်။

ဘုန်းကြီးကျောင်းများအတွင်း၌ သစ်ပင်ဝါးပင်များ ပေါက်ရောက်နေပြီး တောင်ဘီလူးကျောင်းဝင်းအတွင်းမှ ခရေပင်ကြီးနှစ်ပင်မှာ (၁၉၁၅)ခုနှစ်အထိ အထင်အရှား ရှိနေခဲ့ပေသည်။

ရန်ကုန်မြို့ကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးစကာလက မြို့ကွက်သစ်တည်ဆောက်ရာတွင် မဂိုလူမျိုးများ အခြေချ နေထိုင်လာကြသဖြင့် မဂိုလမ်းဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထိုမတိုင်ခင်က ချစ်တီးကုလားများ၏ ချစ်တီးတိုက်ကြီး ရှိသောကြောင့် ချစ်တီးလမ်းဟုလည်း ခေါ်ဝေါ်ခဲ့ကြသေးသည်။

ဗြိတိသျှလက်အောက် ရောက်သောအခါမှ 'မဂိုလမ်း' ဟု ပြောင်းလဲခေါ်ဝေါ်ကြခြင်းဖြစ်၏။

နောင်အခါတွင် ရွှေအရောင်းအဝယ်အလုပ်ကို ထိုလမ်းမှာပင် လုပ်ကိုင်မှု များလာသောကြောင့် (၁၉၅၆)ခု၊ ဧပြီလ(၃)ရက်နေ့တွင် 'ရွှေဘုံသာလမ်း' ဟု အမည်ပြောင်းလဲခေါ်ဆိုခဲ့သည်။ ရွှေအရောင်းအဝယ် ပြုလုပ်သောနေရာကို အရှေ့ဘက်ရှိ ချစ်တီးတိုက်ကြီး ရှိသောနေရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

တိုက်၏အထက်ဘက်တွင် ဘုရားကျောင်း၊ အောက်ဘက်တွင် အခန်းခြောက်ခန်း ပါသည့်ရွှေဆိုင်များ ရှိလေသည်။

ထိုခေတ်အခါက ရွှေထည့်သောပုံးများ ယခုခေတ်ကာလ အသုံးပြုနေသောမှန်ပုံးများ မဟုတ်ဘဲ သေတ္တာဖြင့် ပြုလုပ်ထားသော သေတ္တာများသာဖြစ်သည်။

လက်ဝတ်ရတနာ ဝယ်ယူသူများအနေဖြင့် ရွှေအခေါက် ငါးကျပ်သား၊ (၁၀)ကျပ်သားတို့ကို ပန်းတိမ်တွင် အလိုရှိရာပုံစံအတိုင်း အပ်နှံကြရာ ယခုခေတ်ကဲ့သို့ အလျော့တွက် ပေးရန်မလိုဘဲ လက်ခသာ ပေးကြရသည်။





လမ်းမျက်နှာစာနံဘေး လှေကားတစ်ဖက်တစ်ချက်ရှိ နတ်ကွန်းကဲ့သို့သော ရုံကလေးအတွင်း၌ ပန်းတိမ်ဆရာသည် လက်သကိရိယာအစုံအလင်၊ မီးဖိုကလေးနှင့်တကွ အရံသင့် စောင့်ဆိုင်းနေလေ့ရှိသည်။

လက်ဝတ်ရတနာများ လာရောက်အပ်နှံလျှင် ချက်ချင်းပြုလုပ်ပေးလေ့ရှိသည်။

ရှေ့ပိုင်းတွင် ရွှေလုပ်ကိုင်သောအလုပ်ကို အိန္ဒိယတိုင်းသားများသာ လုပ်ကိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် မြန်မာလူမျိုးများပါဝင်ရောက်လုပ်ကိုင်ကာ ဆိုင်ပိုင်ရှင်များ ဖြစ်လာကြလေသည်။

ရှေးက ရေးသားဖော်ပြခဲ့သည့် ကိုလိုနီခေတ်က ရွှေဘုံသာလမ်းမှာ ရွှေရောင်းအဝယ် လုပ်သောကုလားများသာ အနေများသော်လည်း ဘုန်းကြီးကျောင်းဝင်းများအတွင်းမှာတော့ ဗေဒင်ဟောပြောသည့် ပုဏ္ဏားများ၊ ကုလားလူမျိုးများ ရှိကြလေသည်။

၎င်းတို့သည် ဆိုင်ဖွင့်ပြီး အတည်တကျ ဟောသည် မဟုတ်ဘဲ အရပ်တကာ လှည့်လည်ကာ ဗေဒင်ဟောပြီး ညအချိန်ရောက်မှ စတည်းချရာနေရာ ပြန်လာလေ့ရှိသည်။

ဗေဒင်ဟောသူများမှာ အဖြူရောင်ပိတ်ပါးများကို ပုဏ္ဏားကဲ့သို့ ဝတ်ဆင်ပြီး နဖူး၌ ပြာတို့ထားကာ လွယ်အိတ်လွယ် ကျောက်သင်ပုန်းကို ချိုင်းကြားညှပ်ကာ အရပ်တကာ လှည့်လေ့ရှိကြသည်။

အိမ်တစ်အိမ်မှ ခေါ်၍ ဗေဒင်မေးသည့်အခါ ဗေဒင်ဟောပြောခက ငွေတစ်မတ်သာ ဖြစ်သော်လည်း နည်းအမျိုးမျိုးဖြင့် ခြောက်လှန့်ပြောဆိုကာ ယတြာချေရန် တိုက်တွန်းပြီး ယတြာကြေးကို ရအောင်ယူကြလေသည်။

လူအတော်များများမှာလည်း ရန်ကုန်မြို့၌သာ နေသည်ဆိုသော်လည်း ခေတ်ကာလ မကောင်းသဖြင့် နယ်များမှ လာရောက်



www.burmeseclassic.com

www.burmeseclassic.com



နေကြသူ များသဖြင့် အမြင်မကျယ်ကြပေ။

ကြောက်အောင်လန့်အောင် ပြောလျှင် ကြောက်လန့်တတ်ကြသည်။

ဗေဒင်ဟောသော ပုဏ္ဏားများကလည်း ဘယ်အိမ်မျိုး ရောက်လျှင် ဘယ်လိုဟောရမည်၊

ဘယ်လိုလူမျိုး တွေ့လျှင် ဘယ်လိုပြောရမည်ကို သိကြလေရာ လူကဲခတ် ကျွမ်းကျင်သူများဖြစ်ကြလေသည်။

အထူးသဖြင့် မိန်းမများနှင့် နတ်ယုံကြည်သူများ၊ အယူအစွဲကြီးသူများမှာ ၎င်းတို့သားကောင်များဖြစ်ကြရလေသည်။

ထိုကဲ့သို့ အရပ်တကာ လှည့်လည်၍ ဗေဒင်ဟောပြော၍ စီးပွားရှာသူများ ရှိသလို အချို့လည်း ဆိုင်ခန်းနှင့်ဟောခန်း၊ ဓါတ်ခန်း၊ နတ်ခန်းများ ဖွင့်ကာ စီးပွားရှာကြသည်။

ထိုအချိန်က မဂိုလမ်းတဝိုက်မှာ နာမည်ကြီးသော ဟောခန်းတစ်ခန်းရှိခဲ့ပေသည်။

ထိုဟောခန်းမှာ မဂိုလမ်းအရှေ့ဘက်ရှိ တောင်ဘီလူး ကျောင်းဝင်းအတွင်း အထိကရ ခရေပင်ကြီးနှစ်ပင်အနီး၌ ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ဟောခန်းအမည် "မနောမဟိဒ္ဓိ" ဟူ၍ ဖြစ်ပေသည်။

ဆိုင်ခန်းမှာ အတော်ကျယ်ဝန်းပြီး ဘုရားခန်း၊ အတွင်းခန်း၊ အပြင်ခန်းများဖြင့် ဖွဲ့စည်းထားလေသည်။

အပြင်ခန်းမှာ ဧည့်သည်များ ရောက်လာပါက လက်ခံတွေ့ဆုံသောအခန်းဖြစ်ပြီး အတွင်းခန်းမှာ ဝိညာဉ်များကို ခေါ်၍ ဟောပြောပေးသည့်အခန်းဖြစ်သည်။

ဘုရားခန်းကတော့ဆရာကြီး ဘုရားဝတ်ပြုသောနေရာ ဖြစ်သည်။ ဆရာကြီးဆိုသူမှာ အခြားမဟုတ်ပေ။

ချန္ဒရာဟု ကုလားလူမျိုးနာမည် ပေးထားသော ဆရာကြီး





ဦးမာလပင်ဖြစ်သည်။

ဦးမာလမှာ မြန်မာလူမျိုးတစ်ယောက်ဖြစ်သော်လည်း ကုလားလူမျိုးတစ်ယောက်ကဲ့သို့ ဝတ်စားဆင်ယင်ထားလေသည်။

အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး အိန္ဒိယ ယောဂီများကဲ့သို့ ဦးခေါင်းထိပ်၌ ဆံထုံးထုံးထား တင်ထားသည်။ နှုတ်ခမ်းမွှေးနှင့် ပါးသိုင်းမွှေး၊ မုတ်ဆိတ်မွှေးများကို အရှည်ထားသောကြောင့် ၎င်း၏ မျက်နှာသွင်ပြင်ကို သဲကွဲစွာ မမြင်ရပေ။

ကိုယ်ပေါ်မှာလည်း အညိုရောင်ဝတ်ရုံရှည်ကြီးကို ဝတ်ထားလေသည်။

ဦးမာလ၏အလုပ်မှာ ဗေဒင်ဟောပြောခြင်း မဟုတ်ဘဲ သေဆုံးသွားသောလူများ၏ဝိညာဉ်များ ခေါ်၍ အကျိုးအကြောင်း မေးမြန်းပေးခြင်းဖြစ်သည်။

၎င်းဖွင့်လှစ်ထားသော ရုံးခန်းမှာ အတော်ကျယ်ဝန်းခမ်းနားစွာ ပြင်ဆင်ထားလေသည်။

တစ်ခုလုံး အစိမ်းရောင်များ သုတ်ထားပြီး ခန်းဆီးများကို အဆင့်ဆင့် ကာရံထားသည်။

၎င်းတွင် တရုတ်ဘာသာစကား ဖတ်တတ်ပြောတတ်သည့် မော်စီဆိုသောတပည့်နှင့် ကုလားဘာသာစကားကို ဖတ်တတ်ပြောတတ်သော အင်ကာအမည်ရှိသော တပည့်နှစ်ယောက်အပြင် အခြားခိုင်းစေရန် ကျွေးမွေးထားသည့် တပည့်များလည်းရှိလေသည်။

နံနက်ပိုင်း ဟောခန်းဖွင့်သည်နှင့် ၎င်း၏တပည့်နှစ်ယောက်က အပေါက်ဝ ဧည့်ခန်းမှာ ထိုင်စောင့်ကြသည်။ ဧည့်သည်တစ်ယောက်ဝင်လာလျှင် တရုတ်လူမျိုးဖြစ်လျှင် မော်စီက တရုတ်ဘာသာဖြင့် မေးမြန်းပြောဆိုရပြီး ကုလားလူမျိုးဖြစ်လျှင် အင်ကာက တာဝန်ယူရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗင်းတို့၏တာဝန်က လာရောက်မေးမြန်းသူ၏နာမည်နှင့် နေရပ်လိပ်စာအပြည့်အစုံအပြင် သေဆုံးသွားသူ၏အမည်နှင့် အလုပ်အကိုင်ကိုပါ မေးမြန်းရသည်။

ထိုသို့ပြောဆိုနေသည်ကို အတွင်းခန်းမှာ ရှိနေသော ဦးမာလ ကြားနိုင်အောင် အသံဖမ်းသော စက်ကြိုးများဖြင့် သွယ်တန်းပို့ပေးထားသည်။

အပြင်မှ မေးမြန်းနေသော အချက်အလက်များကို သူက လျှို့ဝှက်စွာ မှတ်သားထားလေသည်။

စုံလင်စွာ မေးမြန်းပြီးသောအခါ တပည့်တစ်ယောက်က အတွင်းဝင်ကာ အခြေအနေကို ပြောပြပေးသည်။

ပြီးမှ ပြန်ထွက်လာသည်။

"ဆရာကြီး တရားထိုင်နေပါတယ်၊ ဝိညာဉ်လောကသားတွေနဲ့ ဆက်သွယ်မှု ယူနေပါတယ်၊ နောက်နာရီဝက်လောက် ကြာရင် တွေ့ခွင့်ရပါလိမ့်မယ်"

ဟု ပြောကာ လာရောက်မေးမြန်းသူကို စောင့်ခိုင်းထားလေသည်။ အခန်းတွင်းမှာတော့ ဦးမာလက ဗင်း၏တပည့်တစ်ဦးကို ခေါ်ပြီး ထိုနေ့ရက်နှင့် သက်ဆိုင်သော နာရေးသတင်း ပါသည့် သတင်းစာများကို ထုတ်ယူခိုင်းလေသည်။

"ရှေ့မှာ မေးမယ့် အမျိုးသမီးရဲ့ယောကျ်ား နာရေးကြော်ငြာကို ရှာလိုက်"

ဟု ပြောသဖြင့် တပည့်မှ ရှာပေးရသည်။

သူ့ဆီသို့ လာရောက်မေးမြန်းသူများမှာ သာမန်ငွေကြေး မတတ်နိုင်သူတို့ မလာကြဘဲ ငွေကြေးတတ်နိုင်သူများသာ လာကြလေသည်။

ထိုကဲ့သို့ ငွေကြေးတတ်နိုင်သူများမှာ တစ်စုံတစ်ယောက် သေ





ဆုံးသွားပါက နာရေးသတင်း ထည့်လေ့ရှိကြသည်။

အတန်ကြာတော့ တပည့်ဖြစ်သူက သတင်းစာတစ်စောင် ယူလာပေးသည်။

"ဒီမှာတွေ့ပြီ ဆရာကြီး"

ဦးမာလက သတင်းစာကို ယူပြီး လာရောက်မေးမြန်းသော အမျိုးသမီး၏အမည်နာမ၊ ဗင်း၏ယောကျ်ား သေဆုံးသူ၏အမည်နာမ သာမက အလုပ်အကိုင်နှင့် ဆွေမျိုးများ သားသမီးများ၏နာမည်များကို ရေးမှတ်ကာ ဗင်းထိုင်သောစားပွဲနောက်ဘက် မြင်သာသောနေရာမှာ ကပ်ထားလေသည်။

ပြီးမှ အခန်းကို မှောင်သွားစေရန် ပြတင်းပေါက်မှ ခန်းစည်းများကို ဆွဲစေလိုက်သည်။

အခန်းအလယ်၌ အားနည်းသော ဖယောင်းတိုင်တစ်တိုင် ထွန်းထားပြီး ရနံ့သင်းသော အမွှေးတိုင်များကိုလည်း ထွန်းထားသေးသည်။

ထိုမီးခိုးငွေ့များသည် အခန်းတွင်းသို့ ဝင်လာသူအား စိတ်ကို ပြောင်းလဲစေမည်ဖြစ်ပြီး လျှို့ဝှက်ဆန်းကြယ်သည့် ခံစားမှုကိုလည်း ဖြစ်စေသည်။

စားပွဲပေါ်မှာ ကြီးမားသောဖန်လုံးကြီးတစ်လုံးကို ရွှေချထားသည့် ကလပ်တစ်ခုပေါ်မှာ တင်ထားသည်။ ထိုဖန်လုံးရှိရာသို့ တစ်နေရာမှ ဝင်လာသော အလင်းရောင်တစ်ခုက ထိုးချနေရာ မီးခိုးရောင်များ သမ်းနေသကဲ့သို့ ရှိသည်။

မလှမ်းမကမ်းမှ ကြည့်လျှင် ဖန်လုံးထဲမှာ မီးခိုးငွေ့ကဲ့သို့ လှုပ်ရှားနေသောအရာများ ရှိနေသည်ဟု ထင်ရပေသည်။

အားလုံးအဆင်သင့် ပြင်ပြီးသောအခါ အပြင်မှာ စောင့်နေသော အမျိုးသမီးကြီးကို အခန်းတွင်းသို့ ဝင်လာရန် အချက်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုအခါ အခန်းပေါက်မှာ စောင့်နေသူက အမျိုးသမီးကြီးထံသို့ သွားကာ လေသံတိုးတိုးဖြင့် ပြောသည်။

"ဆရာကြီး အခိဋ္ဌာန်ဝင်လို့ပြီးပြီမို့ အတွင်းခန်းကို ကြွပါခင်ဗျား"

ထိုအခါ အပြင်မှာ စောင့်နေသော မိန်းမကြီး အခန်းတွင်းသို့ မရဲတရဲ ဝင်သွားလေသည်။

သူမသည် စိန်ရွှေရတနာ လက်ဝတ်တန်ဆာများ ဝတ်ဆင်ထားပြီး ကြီးမားသော ပိုက်ဆံအိတ်ကြီးကို လက်မှာ ချိတ်ဆွဲထားသည်။

အခန်းထဲမှာ မှောင်နေပြီး သင်းပျံ့သောရနံ့နှင့် မီးခိုးငွေ့များကို မြင်ရသောအခါ သူမကိုယ်တိုင် ဝိညာဉ်လောကသို့ ရောက်သွားသကဲ့သို့ ထင်မိလေသည်။

ဆရာကြီးကတော့ စားပွဲနောက်မှ ကုလားထိုင်ပေါ်မှာ ထိုင်ကာ မျက်စိမှိတ်ထားသည်။

"ရှေ့က ထိုင်ခုံပေါ်မှာ ထိုင်ပါ"

အသံသြသြကြီးဖြင့် ပြောလိုက်သောအခါ အနည်းငယ် စိတ်လှုပ်ရှားနေသော အမျိုးသမီးကြီးက စားပွဲရှေ့မှာ ချထားသော ကုလားထိုင်ပေါ်မှာ ဝင်ထိုင်လိုက်သည်။

ဆရာကြီးက ဘာမှမပြောသေးဘဲ မျက်စိမှိတ်ကာ ငြိမ်သက်နေသဖြင့် အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

အတန်ကြာမှ. . .

"ဒေါ်စိန်ကြည် မဟုတ်လား"

ဟု မေးလိုက်ရာ အမျိုးသမီးကြီးက အံ့သြဟန်ဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်. . . ဟုတ်ပါတယ်"

"လမ်းမတော်လမ်း၊ တိုက်အမှတ်(. . . . )မှာ နေတယ်မဟုတ်





လား"

"ဟုတ်ပါတယ် ဆရာကြီး"

"အခုလာတဲ့ကိစ္စက လွန်ခဲ့တဲ့လက သေဆုံးသွားတဲ့ ခင်ပွန်းဖြစ်သူရဲ့ဝိညာဉ် ဘယ်နေရာ ရောက်နေသလဲဆိုတာ သိချင်လို့ လာခဲ့တာ မဟုတ်လား"

"မှန်ပါတယ် ဆရာကြီးရယ်၊ ဘယ်လိုများ သိနေတာပါလဲ"

"ကျုပ်က သေသွားတဲ့လူရဲ့ဝိညာဉ်နဲ့ တွေ့ပြီးပါပြီ၊ သေသွားတဲ့ ခင်ဗျားယောကျ်ားရဲ့နာမည်က ဦးစိန်လျှောင် မဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

ပြောရင်းနှင့် ဒေါ်စိန်ကြည်ဆိုသောအမျိုးသမီးကြီးမှာ သေဆုံးသွားသောယောကျ်ားကို သတိရဟန်ဖြင့် အသံများပင် တုန်ယင်လာလေသည်။

"ဦးစိန်လျှောင်က ပွဲရုံလုပ်ငန်းနဲ့ ကြီးပွားလာသူပဲ၊ သူ သေတော့ သားနှစ်ယောက်နဲ့သမီးတစ်ယောက် ကျန်ခဲ့တယ်လို့ ပြောပါတယ်"

ထိုသို့ပြောပြီး နာရေးကြော်ငြာမှ ကူးထားသော ဆွေမျိုးများ၏ နာမည်၊ သားသမီးများ၏နာမည်များကို ပြောပြလိုက်ရာ ဒေါ်စိန်ကြည်မှာ အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"မှန်လိုက်တာ ဆရာကြီးရယ်၊ ဦးစိန်လျှောင်ရဲ့ဆွေမျိုးသားချင်းတွေရဲ့နာမည်တွေကအစ အားလုံးမှန်ပါတယ်၊ ဆရာကြီး ဒီအကြောင်းတွေကို ဘယ်လိုများ သိနေတာပါလဲရှင်"

"ကျုပ်က ဦးစိန်လျှောင်ရဲ့ဝိညာဉ်နဲ့ တွေ့ပြီး သူပြောပြလို့ သိရတာပါ"

"ဒါထက် သူ့ဝိညာဉ်နဲ့ ဘယ်နေရာများ ရောက်နေသလဲ ဆရာကြီးရယ်၊ အဲဒါသိချင်လို့ လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ခင်ဗျားသိချင်တာတွေကို ဆောင်ရွက်ပေးပါ့မယ်၊ မနက်ပိုင်းက ကျုပ်တရားထိုင်နေတုန်း အသားဖြူဖြူ ပိန်ပိန်ပါးပါး၊ အရပ်မြင့်မြင့်နဲ့ စိတ်သဘောကောင်းတဲ့ ရုပ်ဆင်းအင်္ဂါမျိုး ရှိတဲ့ တရုတ်အမျိုးသားတစ်ယောက် ရောက်လာတယ်၊ သူ့နာမည်က ဦးစိန်လျှောင် ဖြစ်တဲ့အကြောင်းနဲ့ သူ့အကြောင်းတွေကို ပြောပြပါတယ်"

"အော် . . ."

"ပြီးတော သူက ပြောသေးတယ်၊ ဒီကနေ့မနက်မှာ သူ့ရဲ့ဇနီးဖြစ်တဲ့ ဒေါ်စိန်ကြည် ရောက်လာပါလိမ့်မယ်၊ ခင်ဗျား ရောက်လာရင်ပြောပေးဖို့ စကားတွေလည်း ပြောပြသွားပါတယ်"

"အိုး . . . ကျွန်မ အခုလာတာ ဒီကိစ္စတွေပါပဲရှင်၊ သူ ဘယ်ဘဝ ရောက်နေတယ်၊ ဘာတွေ မှာသွားသလဲဆိုတာ သိချင်ပါတယ်ဆရာရယ်"

ဟု အလောတကြီး စိတ်အားတက်ကြွနေသောအသံဖြင့် ပြောလေသည်။

ဆရာကြီးက အတန်ကြာအောင် စဉ်းစားနေသဖြင့် အခန်းတွင်းမှာ တိတ်ဆိတ်ငြိမ်သက်သွားပြန်လေသည်။

"သူက သေခြင်းတရားနဲ့ ကူးပြောင်းမှ ရတဲ့ ဘဝသစ်တစ်ခုကိုရောက်ရှိတော့မှာမို့ ဒေါ်စိန်ကြည်အနေနဲ့ ဝမ်းနည်းပူဆွေးမှုတွေကိုတတ်နိုင်သမျှ လျှော့ထားဖို့လည်း သူက အမိက မှာပါတယ်၊

နောက်ဘဝတစ်ခုကို ရောက်နေတဲ့တိုင် သူက ခင်ဗျားအပေါ်မှာ သံယောဇဉ်ရှိနေတုန်းပါပဲ"

ဒေါ်စိန်ကြည်က စီးကျလာသောမျက်ရည်များကို ပုဝါဖြင့်တို့သုတ်ရင်း ခေါင်းညိတ်ပြသည်။

"ဦးစိန်လျှောင်အား မကြာခင်မှာ ယခုဘဝထက် ပိုကောင်းတဲ့ဘဝသစ်တစ်ခုရဲ့တံခါးပေါက်ဝကို ရောက်ရှိနေပါတယ်၊ ဒါပေမယ့် သူ





ဝင်ခွင့်မရသေးပါဘူး"

"ဘာကြောင့်လဲ ဆရာကြီးရယ်"

"ကုသိုလ်ကောင်းမှုတစ်ခု ပြုဖို့ လိုနေသေးတယ်ဗျာ၊ သူ့ခမျာကုသိုလ်ကောင်းမှု မပါတော့ ရုံထဲ ဝင်ကာနီးမှ လက်မှတ်ပျောက်သလိုဖြစ်နေရရှာတာပေါ့"

"ဒါဖြင့် ဘယ်လိုများ လုပ်ပေးရမလဲ ဆရာကြီးရယ်"

"သူ့အတွက် ရည်စူးပြီး ကုသိုလ်ကောင်းမှုတစ်ခု ပြုလုပ်ပေးရမယ်ဗျ၊ ဒါပေမယ့် ဒီအတိုင်းတော့ လုပ်လို့မရဘူး၊ ဝိညာဉ်လောကသားတွေအတွက် လုပ်ပေးရမှာဆိုတော့ သူတို့နဲ့ သက်ဆိုင်တဲ့ကောင်းမှုတွေပြုလုပ်ပေးရလိမ့်မယ်၊ ဒီလိုလုပ်ပေးမှ သူ့အတွက် ကောင်းရာဘုံဘဝကိုဘဝကူး ကောင်းလိမ့်မယ်"

"သူ့အတွက်ဆိုရင် ဘာပဲလုပ်ပေးရ လုပ်ပေးရ ကျွန်မ လုပ်ပေးနိုင်ပါတယ်၊ ဘယ်လောက်ပဲ ကုန်ကျပါစေ အကုန်အကျ ခံနိုင်ပါတယ်၊ ဒီကိစ္စအတွက် ဆရာကြီးကပဲ ကူညီလုပ်ကိုင်ပေးပါ"

ဟု ပြောလေရာ ဦးမာလက သဘောကျစွာဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

စိတ်ထဲမှလည်း သိုက်စာဖြင့် တကူးတက လိုက်ရှာစရာ မလိုဘဲအလွယ်တကူ ငွေရနိုင်သည့် ငွေတွင်းတစ်ခုတော့ တွေ့ရလေပြီဟုမှတ်ချက်ချလိုက်လေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

# ထူးဆန်းသောအကြားအမြင်ဆရာ

တစ်နေ့သ၌ ရုံးခန်းပိတ်သိမ်းသောအချိန်တွင် တပည့်ဖြစ်သူ အင်ကာက ထိုနေ့ထုတ် သတင်းစာတစ်စောင်ကို ကိုင်ကာ ဝင်လာလေသည်။

"အခြေအနေ ဘာထူးသလဲ အင်ကာ"

"ဒီကနေ့ သတင်းစာထဲမှာ မဂိုလမ်းအထက်ပိုင်းမှာ နေတဲ့ စိန်ဘာဘူတစ်ယောက်ရဲ့နာရေး ပါလာတယ် ဆရာကြီး"

"မင်းပဲ ဖတ်ပြပါဦးကွာ"

ဟု ပြောသဖြင့် ကုလားစကားနှင့် စာကို ကျွမ်းကျင်စွာ တတ်



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းသော အင်ကာက ဖတ်ပြလေသည်။

ထိုအထဲတွင် သေဆုံးသွားသော စိန်ဘာဘူ၏ဆွေစဉ်မျိုးဆက်များ ပါလာလေသည်။

သတင်းစာမှာ ပါသောအကြောင်းများကို နားထောင်ပြီးသောအခါ ဦးမာလက ပြောသည်။

"သတင်းစာကို သေသေချာချာ ရက်စွဲနဲ့တကွ ဖိုင်တွဲသိမ်းထားရမယ်၊ ပြီးရင် စိန်ဘာဘူရဲ့ဆွေမျိုးတွေနာမည်၊ သူ့မှာ မယားကြီး မယားငယ် ဘယ်နှစ်ယောက်ရှိတယ်၊ နာမည်ဘယ်သူတွေလဲဆိုတာ သိအောင် စုံစမ်းထားရမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"အရေးကြီးတာက သူ မသေခင်က ဘာတွေလုပ်ခဲ့တယ်၊ ဘယ်လောက်ချမ်းသာတယ်၊ ဘယ်သူတွေနဲ့ အဆက်အသွယ်ရှိတယ်ဆိုတာကအစ အသေးစိတ် စုံစမ်းကြရမယ်၊ အရေးအကြီးဆုံးက မင်းတို့ စုံစမ်းတာတွေကို ဘယ်သူ့မှ မရိပ်မိဖို့ အရေးကြီးတယ်၊ ဒါကြောင့် သွားရင် ရုပ်ဖျက်သွားကြရမယ်"

"စိတ်ချပါ ဆရာကြီး"

ဟု ပြောကာ နောက်တစ်နေ့တွင် အင်ကာက ကုလားတစ်ယောက်လို ရုပ်ဖျက်ကာ စိန်ဘာဘူ သေဆုံးသောနေအိမ်သို့ သွားလေသည်။

သူနှင့်အတူ အခြားအဖော်တစ်ယောက်လည်း ခေါ်သွားသေးသည်။ အင်ကာမှာ ကုလားလူမျိုးတစ်ယောက် ဖြစ်သောကြောင့် ကုလားတစ်ယောက်ကဲ့သို့ ရုပ်ဖျက်သွားသော်လည်း မည်သူမှ မသိကြပေ။

နာရေးဖြစ်သောအိမ်မှာ မဂိုလမ်းအထက်ပိုင်းတွင် ရှိပြီး တိုက်တန်းလျား၏အောက်ဆုံးထပ်ဖြစ်သဖြင့် တိုက်ရှေ့မျက်နှာစာတွင်





တာလပတ်များ မိုး၍ စားပွဲကုလားထိုင်များ ချထားလေသည်။

သူတို့ ရောက်သွားသောအချိန်မှာ အသုဘ ချပြီးသည့်အချိန်ဖြစ်သောကြောင့် အိမ်ရှေ့၌ ခင်းထားသော စားပွဲကုလားထိုင်များ၌ လူသိပ်မရှိလှပေ။

အင်ကာတို့ စားပွဲမှာ ဝင်ထိုင်သောအချိန်တွင် အိမ်အတွင်းမှ ကုလားအမျိုးသမီးတစ်ယောက် ထွက်လာပြီး ဧည့်ခံလေသည်။

"ဦးဒါဝတ် နာရေးဖြစ်နေတဲ့ရက်က ကျွန်တော်တို့က မန္တလေးရောက်နေလို့ နာရေးလာမပို့ဖြစ်တာပါ၊ နောက်မှ သတင်းစာမှာ တွေ့ပြီး သိရတာပါ၊ ဦးဒါဝတ် အခုလို ဆုံးပါးသွားတဲ့အတွက် စိတ်မကောင်းပါဘူး"

အမျိုးသမီးက မျက်ရည်အဝဲသားဖြင့် ခေါင်းညိတ်ပြလေသည်။

"ဒါထက် ရှင်တို့က အစ်ကိုကြီးရဲ့မိတ်ဆွေတွေလား"

"ဟုတ်ပါတယ်"

"ဒီလိုဆိုရင် အိမ်ထဲ ဝင်ကြပါရှင်၊ အိမ်ထဲမှာ အခြားသတင်းလာမေးတဲ့သူတွေလည်း ရှိပါတယ်"

"ရပါတယ်. . . အတွင်းတော့ မဝင်တော့ပါဘူး"

ထိုအချိန်မှာ အိမ်တွင်းမှ ကုလားတစ်ယောက် ထွက်လာလေသည်။ သူသည် အင်ကာတို့ ထိုင်နေသည်ကို မြင်သောအခါ ထိုစားပွဲမှာ လာထိုင်လေသည်။

ထိုသူ ဝင်ထိုင်သောအခါ စောစောက ကုလားအမျိုးသမီးက အိမ်ထဲ ပြန်ဝင်သွားလေသည်။

သူတို့အနီးသို့ လာရောက်ထိုင်သော ကုလားမှာ အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး သတင်းလာမေးသူတစ်ယောက်ဖြစ်ဟန်ရှိသည်။

ထိုလူက အင်ကာတို့ကို တစ်ချက်ကြည့်ပြီးပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဒါဝတ်ရဲ့မိတ်ဆွေတွေ ထင်ပါရဲ့"

"ဟုတ်ပါတယ်"

"အေးဗျာ. . . စီးပွားဥစ္စာကောင်းပြီး အရွယ်ကလည်း ရှိပါသေးရက်နဲ့ အခုလို မမျှော်လင့်ဘဲ သေဆုံးသွားတာ နှမြောစရာပေါ့"

ထိုသို့ စကားစလိုက်သည်နှင့် အင်ကာမှ ဝမ်းသာသွားလေသည်။ သူသိချင်တာကို မေးခွင့်ရပြီဟု စိတ်ထဲမှ ထင်လိုက်မိလေသည်။

"သေခြင်းတရားကတော့ ဒီလိုပါပဲဗျာ၊ ကြီးတယ် ငယ်တယ် မဟုတ်ပါဘူး၊ ဒါထက် ဦးဒါဝတ်က ဘာရောဂါနဲ့ သေရတာလဲဗျ"

"နေ့လည်ဘက်မှာ ဒန်ပေါက်ထမင်းတွေ စားတယ်၊ ညနေဘက်မှာ ရေချိုးပြီး ပန်ကာလေခံရင်းနဲ့ အိပ်ပျော်သွားတာ၊ ညဉ့်ဦးပိုင်း အချိန်ရောက်တော့ ဦးနှောက်သွေးကြောပိတ်ပြီး သေတာပါပဲ"

"စိတ်မကောင်းစရာပေါ့ဗျာ"

အင်ကာက သူသိချင်သောအချက်တစ်ချက် ရလိုက်သဖြင့် စိတ်ထဲမှ ကြိတ်၍ဝမ်းသာသွားလေသည်။

"သူ့အတွက်ကတော့ သေသွားပြီးတဲ့နောက်မှာ ဘာမှမသိနိုင်တော့ပေမယ့် ကျန်ခဲ့တဲ့လူတွေအတွက်ကတော့ အကြီးအကျယ် စိတ်ဆင်းရဲစရာတွေနဲ့ ကြုံရဦးတော့မှာပေါ့"

"ဘာကြောင့်လဲဗျ. . ."

"ဦးဒါဝတ် ပိုင်ဆိုင်တဲ့ ဥစ္စာပစ္စည်းတွေက နည်းတာမှတ်လို့၊ ရန်ကုန်မြို့မှာ ရှိတဲ့ အချက်အခြာကျတဲ့နေရာတွေမှာ သူပိုင်တဲ့တိုက်တွေ၊ အခန်းတွေ အများကြီးရှိတယ်၊ သိမ်ကြီးဈေး၊ စကော့ဈေး၊ သံဈေး၊ ညောင်ပင်လေးဈေးမှာလည်း သံပစ္စည်း ရောင်းတဲ့ဆိုင်တွေ အများကြီး ရှိသေးတယ်"

အင်ကာက ထိုလူပြောပြနေသော အကြောင်းအရာများကို စိတ်တွင်းမှ လိုက်မှတ်နေလေသည်။





"ဒါ့အပြင် ရွှေငွေလက်ဝတ်ရတနာ စတဲ့ အတွင်းပစ္စည်းတွေ အပြင် ခနောင်တိုဘက်မှ သူပိုင်တဲ့ စပါးကြိတ်တဲ့ ဆန်စက်တွေလည်း ရှိသေးတယ်"

"မနည်းပါလားနော်"

"ဒီလို မနည်းလို့လည်း ခက်ကုန်ကြတာပေါ့"

"ဘာကြောင့် ခက်ရတာလဲဗျ"

အင်ကာက စိတ်မဝင်စားဟန်ဖြင့် မေးလိုက်သည်။

"အမွေခွဲရမယ့်ကိစ္စပေါ့ဗျာ. . . ဒီလိုချမ်းသာတဲ့လူတွေ သေရင် ကျန်ခဲ့တဲ့ပစ္စည်းတွေအတွက် အမွေကိစ္စ ရှုပ်ကြရတာ ဓမ္မတာပဲ မဟုတ်လား၊ အခုလည်း ဒီအတိုင်းပဲပေါ့"

"ဒါများဗျာ. . . ဘာဆန်းတာ မှတ်လို့၊ ယောကျ်ားသေရင် ကျန်ခဲ့တဲ့မိန်းမက ပစ္စည်းတွေကို ထိန်းသိမ်းထားပြီး သားသမီးတွေကို သင့်တော်သလို ခွဲပေးလိုက်ရင် ပြီးတာပဲပေါ့"

"အဲဒါခက်တာပေါ့ဗျာ. . . ဦးဒါဝတ်က မိန်းမတစ်ယောက်တည်း ရှိတာမှ မဟုတ်တာ၊ တရားဝင် ယူထားတဲ့မိန်းမကချည်း (၃)ယောက်ရှိတယ်၊ ဒါ့အပြင် တိတ်တိတ်ပုန်း ယူထားတဲ့မိန်းမတွေက လည်း အများကြီး ရှိသေးတယ်၊ အဲဒီမိန်းမတွေက မွေးထားတဲ့ကလေးတွေကလည်း အများကြီးရှိသေးတယ်၊

ဒါတွေကလည်း သူသေသွားပြီးမှပဲ ပေါ်လာကြတာလေ၊ ဒီတော့ မခက်ပေဘူးလား"

ထိုလူက သူသိသမျှအကြောင်းများကို သာမန်စကားစပ်မိ၍ ပြောနေသကဲ့သို့ ခပ်ပေါ့ပေါ့နှင့်ပင် ပြောနေသော်လည်း အင်ကာကတော့ ရေငတ်တုန်း ရေတွင်းထဲ ကျသကဲ့သို့ ဖြစ်ကာ တစ်ခုချင်း အသေအချာ မှတ်သားနေလေသည်။

"ဒါထက် ခင်ဗျားက ဒီအကြောင်းတွေကို ဘယ်လိုသိနေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ”

“ကျွန်တော်က ဦးဒါဝတ်ရဲ့မိန်းမတစ်ယောက်နဲ့ ဆွေမျိုးတော်တယ်လေဗျာ၊ ဒါကြောင့် သိတာပေါ့၊ ဒါထက် ပိုသိတာတွေတောင် ရှိသေးတယ်”

“ဘာတွေများလဲဗျ”

“အခု အမွေပစ္စည်းတွေ ပိုင်ဆိုင်ရဖို့ တရားဥပဒေအရအပြင် အောက်လမ်းနည်း၊ အထက်လမ်းနည်းတွေနဲ့ပါ လုပ်ဖို့ ကြိုးစားနေကြပြီလေ၊ ဒီတစ်ခါတော့ တကယ်ပွဲကြီးပွဲကောင်းတွေ ဖြစ်ကြဦးမှာပေါ့”

“ဒါကတော့ လောဘကြောင့်ဆိုတော့ တရားတယ် မတရားဘူး မစဉ်းစားနိုင်တော့ဘဲ ကိုယ်ရဖို့ပဲ ကြိုးစားကြမှာပေါ့ဗျာ၊ ဒီလိုလုပ်မယ်ဆိုရင်တော့ ဆရာကောင်းကောင်း ရနိုင်မယ့်သူက အသာရမှာပေါ့ဗျာ”

အင်ကာ စကားကြားသောအခါ ရှေ့မှာ ထိုင်နေသောလူကများစွာစိတ်ဝင်စားသွားဟန်ရှိလေသည်။

“ခင်ဗျားပြောတာ စိတ်ဝင်စားစရာပဲဗျို့၊ ကျွန်တော်တို့လည်း အရင်က ဒီအကြောင်းတွေကို မသိပါဘူး၊ ဒါထက် အဲဒီလိုကိစ္စတွေမှာ ကျွမ်းကျင်တဲ့ဆရာမျိုးရော ရှိသလားဗျ”

“ရှိပါတယ်. . . ဒီမဂိုလမ်း အောက်ဖက်မှာ ‘မနောမဟိဒ္ဓိ ခါတ်ခန်း’ ဆိုတာ ရှိတယ်၊ အဲဒီခါတ်ခန်းမှာ ရှိတဲ့ ဆရာကြီး ချန္ဒရာဆိုတာ ဝိဉာဉ်တွေနဲ့ ဆက်သွယ်နိုင်တဲ့သူတစ်ယောက် ဖြစ်ပါတယ်၊ သူနဲ့ တွေ့လိုက်ရင် ခင်ဗျားတို့ လိုချင်တဲ့အကူအညီ ရနိုင်ပါတယ်”

“အခုလို ပြောပြတာ ကျေးဇူးတင်ပါတယ်ဗျာ၊ မနက်ဖြန်မနက်ကျမှပဲ ခင်ဗျားပြောတဲ့ဆရာကြီးနဲ့ သွားတွေ့လိုက်ပါ့မယ်”

ဟု ပြောရာ အင်ကာတို့လည်း အသုဘအိမ်မှ ပြန်ခဲ့ကြလေတော့သည်။





အခန်းသို့ ပြန်ရောက်သောအခါ အင်ကာက သူစုံစမ်းရခဲ့သော အချက်အလက်များကို ဆရာကြီးအား ပြန်ပြောပြလိုက်လေသည်။

“မနက်ကျရင်လည်း အဲဒီက လူတစ်ယောက် လာလိမ့်မယ် ဆရာကြီး၊ အမွေကိစ္စ အနိုင်ရအောင် ဆရာကြီးကို အကူအညီတောင်းဖို့ပဲ၊ အစီအရင်တွေ လုပ်ခိုင်းရင်တော့ ဆရာကြီး ကြည့်ပြီးစီစဉ်ပေတော့”

ဟု ပြောရာ ဦးမာလမှာ တာဝန်ကျေသော တပည့်ဖြစ်သူအတွက် များစွာကျေနပ်သွားလေတော့သည်။

နောက်တစ်နေ့ ခါတ်ခန်းဖွင့်သည်နှင့် ဦးမာလသည် အခန်းကို ကျနစွာ ပြင်ဆင်ပြီး အဆင်သင့် စောင့်နေလေသည်။

အခန်းတစ်ခုလုံးကို မှောင်ချထားပြီး အားနည်းလှသော မီးတစ်ပွင့်ကိုသာ ထွန်းထားလေသည်။

ထို့အပြင် ရနံ့ကို ရှူမိရုံနှင့် စိတ်ကို ရီဝေစေသော မီးခိုးငွေ့များကိုလည်း လွှတ်ထားလေသည်။

စားပွဲပေါ်မှာ တင်ထားသည့် ဖန်လုံးကြီးကိုတော့ အလင်းရောင် ရစေရန် လျှို့ဝှက်သောနေရာမှ ဆလိုက်မီးတစ်ခုဖြင့် ထိုးပေးထားသည်။

ဖန်လုံးထဲတွင် မီးရောင်ကြောင့် မီးခိုးငွေ့နှင့် တူသောအရာများ ရွေ့လျားနေလေသည်။

နံနက်(၉)နာရီခန့် ရောက်သောအခါ လူတစ်ယောက် ရောက်လာလေသည်။

အခြားမဟုတ်ပေ။

မနေ့က နာရေးရှိသောအိမ်၌ တွေ့ခဲ့ရသည် ကုလားလူမျိုးပင် ဖြစ်၏။

ထိုလူရောက်လာသောအခါ ဧည့်ခန်း၌ အင်ကာသည်ပင် စစ်



www.burmeseclassic.com

www.burmeseclassic.com



မေးပြီး စာရင်းမှတ်ရလေသည်။

ယခုအခါ အင်ကာမှာ ရုပ်ဖျက်ထားခြင်း မရှိတော့ဘဲ မူလရုပ်အတိုင်းပင် ရှိနေသဖြင့် ထိုလူက မမှတ်မိတော့ပေ။

"ခင်ဗျားနာမည် ဘယ်သူလဲ"

"ကိုမောင်စိန်ပါ"

အင်ကာက ကုလားဘာသာဖြင့် မေးသည်ကို ထိုလူကလည်း ကုလားဘာသာနှင့်ပင် ပြန်ဖြေပေးသည်။

"ဘယ်မှာ နေသလဲ"

"မဂိုလမ်းအထက်ပိုင်းမှာပါ"

"ဘယ်လိုကိစ္စအတွက် မေးမှာလဲ"

"အမွေကိစ္စအတွက် အကူအညီတောင်းဖို့ပါ"

"ကောင်းပါပြီ. . . ခဏလေး စောင့်ပါ"

၎င်းတို့ အပြင်မှာ ပြောဆိုနေသည်ကို အတွင်းမှ ဦးမာလက မှတ်သားပြီး မြင်သာသောနေရာမှာ ရေးမှတ်ထားလေသည်။

ထို့ပြင် မနေ့က အင်ကာ စုံစမ်းရလာသော အချက်အလက်များကိုလည်း တစ်နေရာမှာ ရေးထားလေသည်။

ခဏကြာတော့ အင်ကာ ဝင်လာပြီး အခြေအနေ ပြောပြကာ ပြန်ထွက်သွားလေသည်။

"မနေ့က ကျွန်တော်နဲ့ တွေ့ခဲ့တဲ့သူပဲ ဆရာကြီး၊ ကြည့်ရတာတော့ စိန်ဘာဘူနဲ့ ပတ်သက်ပြီး အတော်ကလေး ပိုက်ဆံရှိတဲ့ပုံ ပေါ်တယ်၊ ဆရာကြီး ကြည့်သာ စီစဉ်လိုက်ပေတော့"

အင်ကာ ပြန်ထွက်သွားသောအခါ ဦးမာလက ကြိုတင်ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ထားလေသည်။

အပြင်သို့ ရောက်သောအခါ အင်ကာက ပြောသည်။

"ဆရာကြီး အစိဌာန်ဝင်လို့ ပြီးပါပြီ၊ ခင်ဗျား အထဲကို ဝင်ပြီး





မေးချင်တာ မေးနိုင်ပါပြီ"

ကိုမောင်စိန်ဆိုသောလူက ခေါင်းတစ်ချက်ညိတ်ပြကာ ခန်းဆီးလိုက်ကာကို ဖယ်ပြီး အတွင်းသို့ ဝင်သွားလေသည်။

ဆရာကြီးဦးမာလက ဖန်လုံးကြီးနောက်မှာ ရှိသော ကုလားထိုင်မှာ ငြိမ်သက်စွာ ထိုင်ရင်း မျက်စိမှိတ်ထားလေသည်။

"ရောက်လာပြီလား. . . အဲဒီရှေ့က ကုလားထိုင်မှာ ထိုင်ပါ"

အသံသြသြကြီးဖြင့် ပြောသဖြင့် ကိုမောင်စိန်က ကုလားထိုင်မှာ ဝင်ထိုင်လေသည်။

"နာမည်က ကိုမောင်စိန်လား"

"မှန်ပါတယ်"

ထိုကဲ့သို့ ပြန်ပြောလိုက်သောအချိန်မှာ ကိုမောင်စိန် ဆိုသောလူ၏အသံမှာ ကုလားတစ်ယောက်၏အသံမျိုး မဟုတ်တော့ဘဲ ဗမာတစ်ယောက်ကဲ့သို့ ပီပီသသ ဖြစ်နေသောကြောင့် ဆရာကြီးက ဖျတ်ခနဲ မျက်စိဖွင့်ကြည့်လိုက်သည်။

"ဘာမေးချင်တာလဲ. . . မေးပါ"

"နေရှိယဂိုဏ်းအကြောင်း မေးချင်ပါတယ်"

ထိုသို့မေးလိုက်သောအခါ ဦးမာလထံမှ နောက်ထပ်မည်သည့် စကားသံမှ မကြားရတော့ပေ။

နှစ်ယောက်စလုံး စကားမပြောတော့သဖြင့် အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ကိုမောင်စိန်ဆိုသောသူကို ဦးမာလက အသေအချာ ကြည့်နေသည်။

"ခင်ဗျား ဘယ်သူလဲ"

ကိုမောင်စိန်က ၎င်းမျက်နှာပေါ်မှ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အတုများကို ဖယ်ရှားလိုက်ရုံမက ခေါင်းပေါ်မှာ စွပ်ထားသော ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



အတုကိုပါ ဖယ်လိုက်သည်။

"ဒေါက်တာမင်းထင်ကျော်ပါ"

"ကျုပ်နဲ့ တွေ့ဖို့ ဘယ်သူလွှတ်လိုက်တာလဲ"

"ပုစွန်တောင်က တောင်းမစားတဲ့ သူတောင်းစား ဦးကောင်းစားပါ"

"သူနဲ့ တွေ့ပြီးပြီလား"

"တွေ့ပြီးပါပြီ"

"သူနဲ့ တွေ့တော့လည်း ချန္ဒရာက လွှတ်လိုက်တယ်လို့ ပြောခဲ့သေးတယ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ပြုံး၍ခေါင်းညိတ်ပြလိုက်လေသည်။

"ဒါဖြင့် မနေ့က အသုဘအိမ်မှာ အင်ကာ တွေ့ခဲ့တဲ့လူက ခင်ဗျားပဲပေါ့"

"ဟုတ်ပါတယ်"

"ဒါဖြင့် သူလာကတည်းက ကျုပ်လွှတ်လိုက်တဲ့လူမှန်း သိနှင့်နေတယ်ပေါ့. . . ဟုတ်လား"

"မှန်ပါတယ်. . . ဒီလောက်ချမ်းသာတဲ့ စိန်ဘာဘူ တစ်ယောက်ရဲ့အသုဘအိမ်ကို ဦးမာလရဲ့လူတွေ လွှတ်ပြီးစုံစမ်းခိုင်းမှာ သိလို့ ကြိုပြီးစောင့်နေတာပါ"

ဦးမာလက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

စိတ်ထဲမှာလည်း လောက၌ မိမိပင် လည်လှပြီဟု ထင်နေမိရာ မိမိထက် ပို၍လည်သူများလည်း ရှိနေပါသေးလားဟု တွေးလိုက်မိသည်။

"ခင်ဗျားက ပုလိပ်ကလား"

"မဟုတ်ပါဘူး. . . အပြင်ကလူပါ"





"ဒီလိုဆိုရင်တော့ ကူညီပါ့မယ်၊ ကျုပ်က ပုလိပ်တွေနဲ့တော့ သိပ်ပြီးမပတ်သက်ချင်ဘူး၊ ဒါထက် ဦးကောင်းစားက နေရှိယဂိုဏ်းနဲ့ ပတ်သက်ပြီး ဘာတွေပြောပြလိုက်သလဲ"

"အခုရက်ပိုင်းအတွင်းမှာ ရာဇဝတ်မှုကြီးတစ်ခု ကျူးလွန်ဖို့ ကြံစည်နေတယ်လို့ပဲ ပြောနိုင်ပါတယ်၊ ဒါကြောင့် ဘယ်လိုရာဇဝတ်မှု ဖြစ်မလဲဆိုတာ သိချင်တယ်"

ဒေါက်တာမင်းထင်ကျော်က လေသံတိုးတိုးဖြင့် မေးလိုက်လေသည်။

"ကျုပ်ဆီက တစ်ခုတော့ သိရနိုင်ပါတယ်၊ သူတို့ ကျူးလွန်မယ့် ရာဇဝတ်မှုကြီးဆိုတာ တခြားမဟုတ်ဘူး၊ အခုရက်ပိုင်းမှာ ဘဏ်တစ်ခုကို အနုကြမ်းစီးဖို့ ကြံစည်နေကြတယ်"

"ရန်ကုန်မြို့မှာ ပုဂ္ဂလိကဘဏ်တွေရော၊ အစိုးရဘဏ်တွေပါ အများကြီး ရှိတာပဲ၊ ဘယ်ဘဏ် ဖြစ်မလဲ"

"အဲဒါတော့ အပ်ချမတ်ချ မသိသေးဘူး၊ ခင်ဗျားနည်း ခင်ဗျားဟန်နဲ့သာ စုံစမ်းပေတော့၊ ကျုပ်အနေနဲ့ တစ်ခုတော့ အကူအညီပေးနိုင်ပါတယ်၊ ဟံသာဝတီဘက်မှာ 'သုံးပန်လှ' ဆိုတဲ့အမျိုးသမီးတစ်ယောက်ရှိတယ်၊ သူ့ကို တွေ့အောင်ရှာနိုင်ရင်တော့ ခင်ဗျားသိချင်တာ သိရနိုင်ပါတယ်"

"အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က စောစောက ဖြုတ်ထားသော ဆံပင်တု၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးအတုများကို မူလအတိုင်း ပြန်တပ်ပြီးနောက် အခန်းတွင်းမှ ဟန်မပျက် ပြန်ထွက်ခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

# ဖွေးဘ ရန်ကုန်မြို့ရှိ ဘက်တိုက်များ

တကယ်တော့ ဒေါက်တာမင်းထင်ကျော်သည် အမှုလိုက် စုံထောက်တစ်ယောက်တော့ မဟုတ်ပါချေ။

သူသည် သုတေသနသမားဖြစ်ပြီး စွန့်စားမှုနှင့် ခရီးသွားလာခြင်းကို ဝါသနာပါသူတစ်ယောက်ဖြစ်သည်။ သို့သော်လည်း စုံထောက်ကျော်စွာ၊ ထက်မင်းကျော်စွာတို့နှင့် ခင်မင်ရင်းနှီးမှုရှိသည့်အားလျော်စွာ အမှုအခင်းကိစ္စများ ရှိသည့်အခါ အကူအညီပေးလေ့ရှိသည်။

တစ်ခါတစ်ရံ ၎င်းတစ်ကိုယ်တော် ဖော်ထုတ်ရသည့် မှုခင်းအချို့လည်း ရှိခဲ့လေရာ သုတေသနတစ်ပိုင်း အမှုလိုက် စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပိုင်းဖြစ်နေသည်ဆိုက မှားမည်မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော်သည် ခရီးသွားလာခြင်းကိစ္စများ မရှိသည့်အခါ စာဖတ်ခြင်းဖြင့် အချိန်ဖြုန်းလေ့ရှိသည်။

တစ်ခါတစ်ရံလည်း ရွှေတောင်ကြားအတွင်းမှာ နေထိုင်သော ဆရာကြီးသူရဋ္ဌ ရှိရာသို့လည်းကောင်း၊ ရွှေခုံတိုင်(ယခု ရွှေဂုံတိုင်)လမ်း၌ နေထိုင်ကြသည့် စာရေးဆရာ အောင်မင်းအောင် ရှိရာသို့ သွားရောက်လည်ပတ်၍သော်လည်းကောင်း အချိန်ဖြုန်းလေ့ရှိသည်။

တစ်နေ့တွင် နံနက်ပိုင်းအချိန်အားလပ်သည်နှင့် ၎င်း၏မော်တော်ကားဖြင့် ရွှေဂုံတိုင်လမ်း၌ နေထိုင်သော စာရေးဆရာ အောင်မင်းအောင် ရှိရာသို့ သွားလေသည်။

ဗဟန်းမြို့နယ်အတွင်း၌ ရှိသော ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ရပ်ကွက် စသည်တို့မှာ နောက်မှ ပြောင်းလဲခေါ်ဝေါ်သည့်အမည်များဖြစ်ပေသည်။

ရှေးအခါက ရွှေဂုံတိုင်မဟုတ်ဘဲ ရွှေခုံတိုင်အမည်ဖြင့် ခေါ်ဝေါ်ကြသည်။

ရွှေခုံတိုင်သည် မန္တလေးတိုင်း စဉ့်ကူးမြို့နယ်အတွင်း၌ ရှိသော ရွာငယ်တစ်ရွာ၏အမည်ပင်ဖြစ်သည်။

မင်းတုန်းမင်းလက်ထက် (၁၈၆၂)ခုနှစ်တွင် ရှမ်းတိုင်းရင်းသားတစ်ဦးက ဆရာတော်ဦးဝရဇာအား ရွှေခုံတိုင်ရွာ၌ ကျောင်းဆောက်လှူဒါန်းခဲ့ရာ ထိုအချိန်မှစ၍ ဆရာတော်အား ရွှေခုံတိုင် ဆရာတော်ဟု ခေါ်ဆိုခဲ့ကြသည်။

ရွှေခုံတိုင်ဆရာတော်ဟု ထင်ရှားသည့် ဦးဝရဇာအား ဘကြီးတော်မင်းလက်ထက် (၁၈၂၇)ခုနှစ်၊ စက်တင်ဘာလ(၁၇)ရက်နေ့တွင် ဖွားမြင်ပါသည်။

ငယ်စဉ်က သစ်ဆိမ့်ဂိုဏ်းအုပ်ဆရာတော်ထံ ပညာဆည်းပူးခဲ့





ပြီး သီးလုံးဆရာတော်က ပဉ္စင်းတက်ပေးခဲ့သဖြင့် ရဟန်းဖြစ်လာခဲ့သည်။

ထို့နောက် သာသနာပိုင် ဦးညေယျနှင့် ရှမ်းကလေးကျွန်းဆရာတော် ဦးနန္ဒတို့ထံ၌ ဆက်လက်ပညာဆည်းပူးခဲ့သည်။ နောက်ပိုင်းတွင် အမရပူရမှတစ်ဆင့် ရွှေခုံတိုင်ရွာသို့ ရောက်လာခဲ့သည်။

(၁၈၇၄)ခုနှစ်တွင် တပည့်ဒါယကာများ ဖိတ်ကြား၍ ရန်ကုန်သို့ ကြွလာသည်။

ထိုစဉ်က ရွှေတိဂုံစေတီတော်မြောက်ဘက် ရေတံခွန်အနီး၌ တောရဆောက်တည် သီတင်းသုံးခဲ့ပေသည်။

ထိုနေရာတွင် ရွှေခုံတိုင်ဆရာတော် သီတင်းသုံးခဲ့သဖြင့် ရွှေခုံတိုင်တောရ၊ ရေတံခွန်တောရ စသည်ဖြင့် အမည်တွင်ခဲ့လေသည်။

နှစ်အနည်းငယ်အတွင်းမှာပင် ဆရာတော် သီတင်းသုံးနေသည့် တောကျောင်းကလေးအနီးသို့ တောင်ယာလုပ်ကိုင်စားသောက်သူများ ရောက်ရှိလာကြသည်။

တောရကျောင်းလမ်းကလေးမှာလည်း လူသွားလူလာ များလာသောကြောင့် လူသွားလမ်းကလေး ဖြစ်လာခဲ့သည်။

နောက်ပိုင်း တဖြည်းဖြည်း ကျယ်ဝန်းလာကာ လှည်းလမ်းအထိ ကျယ်ဝန်းလာသည်။

ထိုလမ်းကို ရွှေခုံတိုင်ဆရာတော်အား အစွဲပြု၍ ရွှေခုံတိုင်လမ်းဟုပင် ခေါ်ခဲ့ကြသည်။

နောက်ပိုင်းမှာ လူနေအိမ်ခြေ တဖြည်းဖြည်း များလာပြီး ရပ်ကွက်တစ်ခု ဖြစ်လာသောအခါမှာလည်း ရွှေခုံတိုင်ရပ်ကွက်ဟုပင် ခေါ်ဝေါ်ခဲ့ကြလေသည်။

နောက်ပိုင်း ရွှေခုံတိုင်ဆရာတော်ကြီးမှာ ၎င်းသီတင်းသုံးရာ တောရကျောင်းအနီးပတ်ဝန်းကျင်မှာ လူနေအိမ်ခြေ များလာသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ထိုတောရကျောင်းမှာ သီတင်းမသုံးတော့ဘဲ မြစ်ဝကျွန်းပေါ်ဘက်သို့ သာသနာပြု ကြွသွားခဲ့တော့သည်။

ဆရာတော်ကြီး မရှိတော့သည့်နောက်ပိုင်းမှာလည်း ရွှေခုံတိုင်လမ်း၊ ရွှေခုံတိုင်ရပ်ကွက်ဟုပင် ဆက်လက်ခေါ်ခဲ့ကြပြီး (၁၉၃၇)ခုနှစ်ဝန်းကျင်၌ ရွှေခုံတိုင်လမ်းမှာ ကတ္တရာလမ်းအဖြစ် ပြောင်းလဲခဲ့သည်။

နောက်ပိုင်း ရန်ကုန်မြို့ပေါ်ရှိ အင်္ဂလိပ်အမည်၊ ကုလားအမည်ဖြင့် မှည့်ခေါ်ထားသော လမ်းများကို မြန်မာအမည်များဖြင့် ပြောင်းလဲခေါ်ဆိုခဲ့ကြသော်လည်း ရွှေခုံတိုင်ဆရာတော်ကြီးအား အစွဲပြု၍ မှည့်ခေါ်ထားသည့် ရွှေခုံတိုင်လမ်းကိုတော့ မပြောင်းလဲဘဲ မူလအမည်အတိုင်းပင် ထားရှိခဲ့လေသည်။

နောက်ပိုင်းမှာတော့ ရွှေခုံတိုင်လမ်း၊ ရွှေခုံတိုင်ရပ်ကွက်မှ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ရပ်ကွက်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

ရွှေဂုံတိုင် ပတ်ဝန်းကျင်မှာ တောင်ကုန်းများ ပေါပြီး ရေမြေသဘာဝ ကောင်းလှသောကြောင့် ပန်းစိုက်ပျိုးသူ၊ ဥယျာဉ်စိုက်ပျိုးသူများ အခြေချ နေထိုင်ခဲ့ကြသည်။ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရားပရိဝုဏ်ဝန်းကျင်တစ်ဝိုက်မှာပင် ပန်းစိုက်ပျိုးသောခြံ အတော်များများ ရှိခဲ့သည်။

စာရေးဆရာ အောင်မင်းအောင် ဝယ်ထားသောခြံကျယ်ကြီးမှာ ရွှေဂုံတိုင်လမ်းနှင့် မဝေးလှသော တောင်ကုန်းတစ်ခုပေါ်မှာ ရှိလေသည်။

ထိုနေရာသည် ခြံစိုက်ပျိုးသူများနှင့် အတန်ငယ် ဝေးသဖြင့် အေးချမ်းတိတ်ဆိတ်မှု ရှိရာ စာရေးသူအတွက်တော့ များစွာအဆင်ပြေသောနေရာတစ်ခုပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော် ရောက်သွားသောအချိန်မှာ အောင်မင်းအောင်မှာ မနက်ပိုင်း လက်ဖက်ရည်သောက်ရန် ပြင်ဆင်နေသော





အချိန်ဖြစ်၏။

"မောင်ထင်ကျော် ရောက်လာတာနဲ့ အတော်ပဲ၊ ဒီမှာ တပည့်ကျော် မောင်တိုးအောင်က မောင်ရွှေဘိန်းမုန့်နဲ့ အညာသားဆိုင်က လက်ဖက်ရည် ဝယ်ထားပေးတယ်၊ စားသောက်ရင်း စကားပြောကြတာပေ့ါ"

ဟု ပြောကာ လက်ဖက်ရည်တစ်ပန်းကန်ကို သီးသန့်ပြင်ပေးလေသည်။

မောင်ရွှေဘိန်းမုန့်နှင့် အညာသားလက်ဖက်ရည်တို့မှာ များစွာအရသာရှိလှပြီး လိုက်ဖက်ပုံအကြောင်းကို အခြားစာအုပ်များ၌ ရေးသားခဲ့ပြီးဖြစ်သဖြင့် အထူးတလည် ထပ်မံမဖော်ပြတော့ပြီ။

"ဘာကိစ္စရှိလို့လဲ မောင်ထင်ကျော်၊ ခရီးထွက်ကြဖို့ အစီအစဉ်ပေါ်လာလို့လား"

"အခုလောလောဆယ်တော့ ခရီးသွားစရာ မပေါ်သေးဘူးဆရာ၊ စုံထောက်ကျော်စွာက အကူအညီတောင်းတာနဲ့ သူနဲ့အတူ အမှုတစ်ခု လိုက်ပေးနေတယ်"

အောင်မင်းအောင်က သဘောကျစွာ ပြုံးလိုက်လေသည်။

သူသည် လက်ဖက်ရည်ကို အရသာခံ၍ သောက်ပြီးမှ ဆေးတံအတွင်းသို့ ဆေးဖြည့်ကာ မီးညှိ၍ တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

"ကောင်းတာပေ့ါ. . . စုံစမ်းထောက်လှမ်းရတယ်ဆိုတာ လူဆိုးတွေနဲ့ ဉာဏ်ချင်း ပြိုင်ရတဲ့အလုပ်မျိုးပဲ၊ သူတို့က အစွမ်းကုန် ဖုံးကွယ်ဖို့ ကြိုးစားကြသလို ကိုယ့်ဘက်ကလည်း အစွမ်းကုန် ဖော်ထုတ်နိုင်ဖို့ ကြိုးစားရတဲ့ အားပြိုင်မှုတစ်ခုပေ့ါ၊ ဒါထက် ဘယ်အမှုကို လိုက်နေတာလဲ"

ဒေါက်တာမင်းထင်ကျော်က သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို ပြန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေရိယဂိုဏ်းကို ဖော်ထုတ်ဖို့ ကြိုးစားနေကြတာပဲ ဆရာ"

အောင်မင်းအောင်က ဆေးတံဖွာရင်း အတန်ကြာအောင် စဉ်းစားနေလေသည်။

"အခု ရန်ကုန်မြို့မှာ နေရိယဂိုဏ်းဆိုတာ အတော်ကလေး နာမည်ကြီးနေတာပဲ၊ သူတို့က အဖွဲ့လိုက် လုပ်ရှားနေကြပုံရတယ်၊ သူတို့နဲ့ ပတ်သက်တဲ့ သတင်းတွေက တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို သတင်းစာတွေထဲမှာ ပါနေတာပဲ"

"ဟုတ်တယ် ဆရာ၊ အခုအထိတော့ ဂိုဏ်းရဲ့အဓိက ကျတဲ့လူတွေကို မမိသေးဘူး၊ ကျော်စွာတို့လည်း အဲဒီဂိုဏ်းက အဓိက ကျတဲ့ ခေါင်းဆောင်တွေကို မမိသေးတော့ အဆူအကြိမ်း ခံနေရတယ်"

"သူတို့က ဘယ်လိုပုံစံမျိုးနဲ့ အမှုတွေ ကျူးလွန်နေတာလဲ"

"ကျွန်တော် လေ့လာမိသမျှတော့ သူတို့ ကျူးလွန်တဲ့ပုံစံက သာမန်နဲ့ မတူဘူး၊ ဂမ္ဘီရဆန်ဆန် ကျူးလွန်လေ့ရှိကြတယ်"

"ဒီလိုဆိုရင် စိတ်ဝင်စားစရာပေါ့၊ ဒါထက် အခု ကျုပ်က ဘာတွေ အကူအညီပေးရမလဲ"

"တခြားတော့ မဟုတ်ဘူး ဆရာ၊ ရန်ကုန်မြို့ပေါ်မှာ ရှိတဲ့ဘဏ်တွေနဲ့ ပတ်သက်ပြီး ဆရာ့ဆီမှာ မှတ်တမ်းမှတ်ရာတွေများ ရနိုင်မလားလို့ လာခဲ့တာပါ"

"ရှိတော့ရှိပါတယ်၊ အများအားဖြင့်တော့ ရန်ကုန်မြို့မှာ ရှိတဲ့ အစိုးရဘဏ်၊ ပုဂ္ဂလိကဘဏ်ပေါင်း(၂၂)ခု ရှိတယ်၊ အများအားဖြင့်တော့ ကုန်သည်လမ်းနဲ့ ပန်းဆိုးတန်းမှာပဲ များတယ်၊ တခြားနေရာတွေမှာ ရှိပေမယ့် တစ်ခုနှစ်ခုထက် မပိုဘူး"

ဟု ပြောကာ အောင်မင်းအောင်က နေရာမှ ထသွားလေသည်။

ရှေးအခါက ရန်ကုန်မြို့ပေါ်မှာ နိုင်ငံခြားသားများ၊ မြန်မာအမျိုးသားများ ထူထောင်ဖွင့်လှစ်ထားသော ဘဏ်အတော်များများ





ရှိခဲ့ဖူးသည်။

အများအားဖြင့်တော့ အင်္ဂလိပ်ဘာသာအမည်နှင့် မှည့်ခေါ်ထားသည့် ဘဏ်တိုက်များဖြစ်သည်။

ထိုဘဏ်တိုက်များမှာ ပုဂ္ဂလိက ဘဏ်တိုက်များ ဖြစ်သောကြောင့် ယခုအခါမှာကဲ့သို့ အစောင့်အကြပ်များ တင်းကြပ်မှု မရှိလှပေ။

အချို့ဘဏ်များမှာတော့ သေနတ်ကိုင်ဆောင်သည့် အစောင့်များ ရှိသော်လည်း ပုလိပ်များတော့ မဟုတ်ပေ၊ ထိုခေတ်ကာလက လိုင်စင်ရှိပါက သေနတ်နှင့် ခဲယမ်းများကို လွတ်လပ်စွာ ဝယ်ယူနိုင်သောအချိန်ဖြစ်သည်။ ထိုအချိန်က သေနတ်နှင့် ယမ်းတောင့် ရောင်းသော ကုမ္ပဏီနှစ်ခုလည်း ရှိပေသည်။

မြန်မာသေနတ်နှင့် ယမ်းတောင့်တိုက်ကြီးနှင့် ဝိုင်အီးမိုဒန်ဘရားသားလီမိတက်တို့ဖြစ်သည်။

ခဏကြာတော့ အောင်မင်းအောင်က ဘဏ်တိုက်များနှင့် ပတ်သက်သည့်အချက်အလက်များကို ရေးမှတ်ထားသည့်စာအုပ်ကို ယူလာ၍ ပြလေသည်။ ရှေးက ရန်ကုန်မြို့တွင် ရှိသော ဘဏ်တိုက်များမှာ အမျိုးအမည် စုံလင်လှသည်။

➤ ဧစကော့ ကုမ္ပဏီ

၅၂၆၊ ကုန်သည်လမ်း၊ တောင်၊ ၆၅၃

A. Scott and Company,

526, Merchant St. S 653

➤ ဗမာနေရှင်နယ်ဘဏ်လီမိတက်

၅၃၉၊ ကုန်သည်လမ်း၊ အနောက်၊ ၁၂၂၂

Burmese National Bank Ltd.

539, Merchant St. W. 1222



www.burmeseclassic.com

- ဘင့်အော့ချိုင်းနား၊ ရန်းဒါးတိုက်၊ ပန်းဆိုးတန်း ပီဘီ ၃၈၊
  တောင် ၁၄၈
  Bank of China Rander-House
  Phayre St. PB 38. S 148
- ဘင့်အော့ချက်တင်နပ်
  ၈၄၊ ရွှေဘုံသာလမ်း ပီဘီ၊ ၄၂၈၊ တောင်၊ ၇၆၆
  Bank of Chettinad
  84, Shwe Bon Thar St. PB. 428, S 766
- ဘင့်အော့ကော်မြူနီကေးရှင်း
  ၆၆၆၊ ကုန်သည်လမ်း၊ တောင် ၁၄၇
  Bank of Communication
  666, Merchant St. S 147
- စင်ထရယ်ဘင့်အော့ အင်ဒီရာ လီမီတက်
  ကုန်သည်လမ်း၊ ၆၅၄၊ ပီ၊ ဘီ၊ ၅၂၅၊ တောင်၊ ၅၇၃
  (Central Bank of India Ltd.
  654, Merchant St. PB. 525, S 573)
- စင်ထရယ်ကော်မာရှယ်ဘင့်လီမီတက်
  ၆၆၆၊ ကုန်သည်လမ်း၊ မြို့မ ၅၂၂
  (Central Commercial Bank Ltd.
  666, Merchant St. M 522 )
- ချာတာဘင့်အော့အင်ဒီယား
  သြစတြေလျ အင် ချိုင်းနား
  ၂၇၊ ပန်းဆိုးတန်း၊ ပီဘီ ၅၆၊ မြို့မ ၅၅၉၊ တောင် ၁၆၉
  (Chartered Bank of India,
  Australia and China,





27, Phayre St. P.B. 56, M. 559)

- ဒေါ်ဆင်ဘဏ်လီမိတက်
  ၅၅၊ ပန်းဆိုးတန်းလမ်း၊ တောင် ၃၈၀
  (Dawson Bank Ltd.
  55, Phayre St. S. 380)
- ဂရင်းလေးဘဏ်လီမိတက်
  ပီဘီ ၄၊ ၅၄၇၊ ကုန်သည်လမ်း၊ မြို့မ ၅၆၁
  (Grindlay Bank Ltd. P.B. 4
  547, Merchant St. M. 561)
- ဟောင်ကောင်နှင့် ရှန်ဟိုင်းဘင့်ကင့် ကော်ပိုရေးရှင်းလီမိတက်
  ၅၆၄၊ ကုန်သည်လမ်း၊ ပီဘီ ၃၅၊ တောင် ၁၉၇၊
  တောင် ၁၀၀၅၊
  (Hongkong and Shanghai
  Banking Corporation Ltd.
  564, Merchant St. P.B 35, S 197. S. 1005)
- အင်ပီရီရယ်ဘင့်အော့ အင်ဒီယာလီမိတက်
  ၁၊ ဆူးလေဘုရားလမ်း၊ ပီ၊ဘီ ၁၃၅၊ တောင် ၂၆၄
  (Imperial Bank of India Ltd.
  1, Sule Pagoda Road, P.B. 135, S. 264)
- အင်ဒီရမ်းအိုဗာဆီးဘင့်လီမိတက်၊
  ၈၅၊ ရွှေဘုံသာလမ်း၊ ပီ ဘီ ၂၂၃၊ တောင် ၃၅၆
  (Indian Overeas Bank Ltd.
  85, Shwe Bon Ther Steet, P.B. 223, S. 356)
- လွိုက်ဘင့်လီမိတက်
  ၄၅၊ ပန်းဆိုးတန်း၊ ပီဘီ ၁၃၈၊



www.burmeseclassic.com

www.burmeseclassic.com



တောင် ၁၇၆၊ မြို့မ ၅၇၅၊
(Liyods Bank Ltd.
45. Phayre St. P.B. 138, S. 176. M 575)

➤ မာကင်တိုင်းဘင့်အော့အင်ဒီယားလီမီတက်
၅၅၄၊ မားချင်းလမ်း၊ တောင် ၂၆၂
(Mercantile Bank of India Ltd.
554. Merchant St. P.B. 151. S 261. S. 262)

➤ နေရှင်နယ်ဘင့်အော့ အင်ဒီယား လီမီတက်
၂၆-၄၂ ပန်းဆိုးတန်း၊ မြို့မ ၉၈၁၊ တောင် ၁၀၃၈
(National Bank of India Ltd.
26-42, Phayre St. M. 981, S 1038)

➤ နယ်သာလင်ထရေးဒင်းဆိုဇိုင်းတီး
၆၂၅၊ ကုန်သည်လမ်း၊ အနောက် ၁၁၄၂၊ မြို့မ ၆၄၈
(Netherlands Trading Society,
625, Merchant Street, W 1142, M. 648)

➤ အိုဗာဆီးချိုင်းနီးဘင့်ကင်း ကော်ပိုရေးရှင်းလီမိတက်
၅၁-၅၃ လတ္တာလမ်း၊ ပီဘီ ၃၃၆၊ မြို့မ ၂၄၇
(Overseas Chinese Banking Corporation Ltd.
51-53, Latter St. P.B 336, M 247)

➤ ပန်ဂျပ်နေရှင်နယ်ဘင့်
၆၆၆၊ ကုန်သည်လမ်း၊ ပီ ဘီ ၁၀၈၂၊ မြို့မ ၉၅၅
(Punjab National Bank,
666, Merchant St. P.B 1082, M. 955)

➤ သောမတ်(စ်)ကွတ်အင်ဆန်း လီမီတက်
၁၀၂၊ ပန်းဆိုးတန်း၊ တောင် ၂၅၁





(Thomas Cook and Son Ltd.
102, Phayre St. S 251)

➤ ပြည်ထောင်စု ဘင့်အော့ဘားမား
၂၄၊ ဆူးလေဘုရားလမ်း၊ ပီဘီ ၁၈၄
မြို့မ ၆၄၅၊ ၆၅၀၊ ၃၀၀၊ ၇၅၇၊ ၃၆၀
(Union Bank of Burma
24, Sule Pagoda Rd.,
PB 184, M. 645, 650, 300, 757, 360)

➤ ယူနိုက်တက်ကော်မာရှယ်ဘင့်လီမီတက်
၁၊ မောင်ထော်လေးလမ်း၊ ပီဘီ ၁၉၈၊ မြို့မ ၆၈၈
အနောက် ၁၂၈၃
(United Commercial Bank Ltd.
1, Mg Thaulay St. P.B. 198,
M 688, W. 1283)

စသည်တို့ ဖြစ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က ထိုစာရင်းများကို အသေအချာ ရေးမှတ်ပြီး စာအုပ်ကို ပြန်ပေးလိုက်လေသည်။

"ဒီမှတ်တမ်းတွေ ရတော့ ကျွန်တော်တို့အတွက်လည်း အများကြီး အထောက်အကူ ရသွားပါပြီ၊ ဆရာ့ကို ကျေးဇူးတင်ပါတယ်"

"အချင်းချင်းတွေပဲ. . . ဒီလောက်လည်း ကျေးဇူးတင်နေစရာ မလိုပါဘူး မောင်ထင်ကျော်ရယ်၊ နောက် သိချင်တာ ရှိရင်လည်း လာခဲ့ပေါ့၊ တစ်ခုတော့ ရှိတယ်၊ အမှုလိုက်ရင်းနဲ့ ကျုပ်အတွက် ဇာတ်လမ်းလေးဘာလေး ရရင်သာ မမေ့နဲ့နော်"

"စိတ်ချပါ ဆရာ၊ အကြောင်းထူးတာနဲ့ ပြောပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဒေါက်တာမင်းထင်ကျော်သည် သောက်လက်စ လက်ဖက်ရည်ကို လက်စသတ် သောက်ပြီး အောင်မင်းအောင်ကို နှုတ်ဆက်ကာ ပြန်လာခဲ့လေသည်။







# အခန်း(၆)

# လူသတ်ကောင်ဓါးတစ်ချောင်း ပြန်ကျော့ကွင်း

မှတ်မှတ်ရရ ထိုနေ့က (၁၉၁၂)ခုနှစ်၊ ဧပြီလ(၂၆)ရက်၊ သောကြာနေ့(၁၂၇၄ခုနှစ်၊ ကဆုန်လဆန်း ၁၁)နေ့ပင်ဖြစ်သည်။

ရှေးက လတ္တာလမ်းဟု ခေါ်သည့် လသာလမ်း အမှတ်(၅၁-၅၃)တွင် အိုဗာစီးချင်းနီးဘင့် ကော်ပိုရေးရှင်း(Overseas Chinese Banking Corporation Ltd.)ဘဏ်ရှိလေသည်။

လသာလမ်းမှာ ဗြိတိသျှကပ္ပတိန် လတ္တာအား ဂုဏ်ပြု၍ လမ်းအမည် မှည့်ခေါ်ခဲ့ရာမှ ထိုအမည်တွင်ခဲ့ပြီးနောက်ပိုင်းမှာတော့ လသာလမ်းဟု ပြောင်းလဲခေါ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်အနောက်ပိုင်းခရိုင်မှာ ပါဝင်သော မြို့နယ်တစ်ခုဖြစ်ပေသည်။

ထိုနေ့က သောကြာနေ့လည်းဖြစ်၊ လကုန်ရက်လည်း နီးပြီဖြစ်သောကြောင့် ဘဏ်အတွင်းမှာ ငွေထုတ်သူငွေသွင်းသူ ပါးလျက်ရှိပေသည်။

ယခုရက်ပိုင်းအတွင်း၌ ဘဏ်အတွင်းမှာ ငွေထုတ်ငွေသွင်းနည်းပါးနေခြင်း၏ အဓိကအကြောင်း ရှိပေသည်။

အခြားမဟုတ်ပေ။

လသာမြို့နယ်အတွင်းမှာ ယခုရက်ပိုင်းအတွင်း ပလိပ်ရောဂါနှင့် ဝမ်းရောဂါများ ဖြစ်နေသောကြောင့်ဖြစ်သည်။

ရောဂါဖြစ်ပွားခဲ့သည်မှာ တစ်ရက်နှစ်ရက် ရှိပြီမို့ သေဆုံးသူမရှိစေကာမူ ရောဂါပြင်းထန်သဖြင့် ဆေးရုံသို့ ပို့ရသည့်လူနာများ ရှိလေ

ကူးစက်တတ်သည့်ရောဂါ ဖြစ်သည့်အပြင် ရောဂါပြန့်ပွားလွယ်သောကြောင့် ရပ်ကွက်တွင်းမှာ နေထိုင်ကြသူများမှာ အပြင်မထွက်ဝံ့အောင် ရှိကြလေသည်။

ထူးခြားသောအချက်မှာ ရောဂါဖြစ်ပွားမှုများမှာ အခြားမြို့နယ်များမှာ မဖြစ်ဘဲ လသာမြို့နယ်တစ်ခုတည်းမှာသာ ရွေး၍ဖြစ်ပွားနေခြင်းပင်။

ထို့ထက်ပို၍ရေးရလျှင် လသာလမ်းတစ်ဝိုက်မှာသာ အဖြစ်များနေသောကြောင့် ထိုလမ်းတစ်ဝိုက်မှာ နေထိုင်ကြသူများမှာ အပြင်မထွက်ဝံ့လောက်အောင် ကြောက်ရွံ့လျက်ရှိနေကြသည်။

ထိုလမ်းပေါ်ရှိ ဘဏ်နှင့် ရုံးခန်း၊ ဆိုင်ခန်း၊ စားသောက်ဆိုင်များမှာ ဝတ္တရားမပျက် ဆိုင်ဖွင့်ထားကြသော်လည်း ဝယ်သူများမှာ မရှိသလောက် ပါးနေလေသည်။





နေ့ခင်းအချိန်ပင် လမ်းမပေါ်မှာ လူသွားလူလာမရှိသလောက်ပါးနေသည်။ မဖြစ်မနေ သွားလာနေကြသော မော်တော်ကားတစ်စီးတစ်လေနှင့် လံချားအချို့သာ အသွားအလာ ရှိနေသည်။

ထိုနေ့မှာမူ ရာသီဥတုကလည်း မကောင်းလှပေ။ သင်္ကြန်ကျပြီးကတည်းက သင်္ကြန်မိုးအဖြစ် ရွာခဲ့သောမိုးမှာ အခဲမကျေနိုင်သေးဘဲ အုံ့မှိုင်းလျက်ရှိနေပြီး တစ်ခါတစ်ရံ မိုးဖွဲဖွဲပင် ရွာတတ်သေးသည်။

နံနက်ပိုင်းအချိန်က ဘဏ်သို့ ငွေလာထုတ်သူ တစ်ဦးနှစ်ဦးရှိသော်လည်း နေ့လည်ပိုင်းအချိန်ကျော်သည်နှင့် ဘဏ်အတွင်းမှာ လူရှင်းသွားချေပြီ။

အပေါက်ဝမှာ စောင့်နေသည့်အစောင့်မှာ ဝတ္တရားအရသာစောင့်နေရသော်လည်း တက်ကြွမှု မရှိလှပေ။

ဘဏ်မန်နေဂျာနှင့် ငွေကိုင်စာရေးများမှာလည်း ပျင်းရိဖွယ်ကောင်းသော နေ့လည်ပိုင်းအချိန်ကို မြန်မြန်ကုန်ပါစေဟု ဆုတောင်းလျက်ရှိနေကြသည်။

ဘဏ်နှင့် မနီးမဝေးမှာ ဂါတ်တဲတစ်ခု ရှိသောကြောင့် ထိုဘဏ်အတွက် ထွေထွေထူးထူး အစောင့်ချထားစရာပင်မလို၊ အပေါက်ဝမှာနှစ်ယောက်သာ ရှိသည်။

ထိုအချိန်မှာပင် ဘဏ်အတွင်းသို့ လူသုံးယောက် ဝင်လာသည်။ တစ်ဦးက အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းနှင့် ဆရာဝန်များ ဝတ်သော ဂျူတီကုတ်အင်္ကျီကို ဝတ်ဆင်ထားပြီး ကျန်နှစ်ယောက်က နာ့ပ်(စ်)အဝတ်အစားများကို ဝတ်ဆင်ထားသည့် အမျိုးသမီးနှစ်ယောက်ပင်ဖြစ်သည်။

အပေါက်ဝသို့ ရောက်သောအခါ အစောင့်နှစ်ယောက်က စစ်ဆေးရန် နေရာမှ ထရပ်လိုက်သည်။

"ကျုပ်နာမည်က ဒေါက်တာစမစ်ဖြစ်ပါတယ်၊ မြို့တော် ကူးစက်



www.burmeseclassic.com

www.burmeseclassic.com



ရောဂါကာကွယ်ရေးဌာနက ဆရာဝန်တစ်ယောက်ဖြစ်ပါတယ်"

ဟု ပြောကာ နာမည်နှင့် ရာထူးလိပ်စာများ ရေးသားထားသော ကဒ်ပြားကို ထုတ်ပြရာ အစောင့်က ယူကြည့်လိုက်သည်။

**ဒေါက်တာစမစ်**
**မြို့တော်ကူးစက်ရောဂါကာကွယ်ရေးဌာန**
**ရန်ကုန်မြို့။**

ဟူသောစာများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားရိုက်နှိပ်ထားသည်။

"ဒီရပ်ကွက်နဲ့ လမ်းမှာ ကူးစက်မှုမြန်ဆန်ပြီး အန္တရာယ် ရှိတဲ့ ကူးစက်ရောဂါတွေ ဖြစ်နေပါတယ်၊

လူတွေကို အရေးပေါ်ကာကွယ်ဆေး တိုက်ပေးဖို့ စီမံချက်နဲ့ ရောက်လာတာပါ။ မန်နေဂျာနဲ့ ရှိသမျှဝန်ထမ်းတွေ အားလုံးကို အကြောင်းကြားပေးပါ"

ဟု ပြောသဖြင့် တစ်ယောက်က မန်နေဂျာကို သွားရောက် အကြောင်းကြားနေစဉ် ကျန်အစောင့်က နာပ့်(စ်)မနှစ်ယောက် ကိုင်လာသော ဆေးအိတ်နှစ်လုံးကို ဝတ္တရားအရ ရှာဖွေကြည့်ပြီး အတွင်းသို့ ဝင်ခွင့်ပြုလိုက်လေသည်။

ဆေးအိတ်အတွင်းမှာတော့ ဆေးပစ္စည်းများမှလွဲ၍ မသင်္ကာစရာတစ်ခုမှ မတွေ့ရပေ။

အတွင်းသို့ ရောက်သောအခါ ဘဏ်မန်နေဂျာကလည်း ဝမ်းမြောက်စွာဖြင့် ကြိုဆိုကာ ဒေါက်တာစမစ်တို့အဖွဲ့ကို သူ၏ရုံးခန်းမှာပင် နေရာချပေးပြီး ကော်ဖီနှင့်ပင် ဧည့်ခံလိုက်သေးသည်။

"အခုလို ဒေါက်တာကိုယ်တိုင် လာပြီး ကာကွယ်ဆေး တိုက်





ပေးတာ အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့က ဝန်ထမ်းတွေဆိုတော့ ဆေးရုံလာဖို့ကလည်း အချိန်မရတာနဲ့ အခုတော့ အတော်ပဲ ဖြစ်သွားတာပေါ့ဗျာ"

"ရပါတယ်. . . ကျွန်တော်တို့လည်း တခြားနေရာတွေ သွားရမှာမို့ ကာကွယ်ဆေးကို တစ်ပြိုင်နက်ထဲ တိုက်ကျွေးဖို့ လိုပါတယ်၊ အခု ကျွန်တော်တို့ကတော့ ဆေးတိုက်ဖို့ အဆင်သင့် ဖြစ်ပါပြီ၊ ရှိတဲ့ဝန်ထမ်းတွေကိုသာ ခေါ်ပေးပါ"

ဒေါက်တာစမစ် စကားကြောင့် မန်နေဂျာက ဘဏ်မှာ ရှိကြသည့် ငွေကိုင်စာရေး၊ အစောင့်များပါမကျန် ခေါ်၍ ဆေးသောက်ရန် ညွှန်ကြားပေးလေသည်။

မန်နေဂျာကိုယ်တိုင်လည်း သောက်လေသည်။ ထိုသို့ ဘဏ်မှာ ရှိသောသူများကို ကာကွယ်ဆေးတိုက်ပြီးနောက်တွင် ဒေါက်တာစမစ်နှင့်အဖွဲ့မှာ ချက်ချင်းမပြန်သေးဘဲ ကော်ဖီသောက်နေကြသေးသည်။

နာရီဝက်ခန့် ကြာသောအခါ ဘဏ်မန်နေဂျာကိုယ်တိုင် ခေါင်းထဲမှာ မူးဝေလာသည်။

သတိထားနေသည့်ကြားမှ လူရိပ်များက ဝေဝါးလာလေသည်။

နောက်ဆုံးမှာတော့ ဘာမှ သတိမရတော့ဘဲ မေ့လဲကျသွားလေတော့သည်။

သူ သတိပြန်ရလာသောအခါ ဆေးရုံကြီးမှ အရေးပေါ် ဆေးခန်းသို့ ရောက်နေလေတော့သည်။

ဘဏ်မန်နေဂျာကတော့ ကံကောင်းထောက်မသဖြင့် အသက်မသေခဲ့သော်လည်း ဘဏ်စာရေးအချို့မှာတော့ ဆေးလွန်ကာ သေဆုံးသွားကြလေသည်။

နောက်တစ်နေ့ နံနက်ပိုင်းထုတ် သတင်းစာများတွင် အိုဗားစီး ချင်းနီးဘင့်ကော်ပိုရေးရှင်းဘဏ် အနုကြမ်း အစီးခံရသောသတင်းများ



www.burmeseclassic.com

www.burmeseclassic.com



က အကျယ်တဝင့် ပါလာလေတော့သည်။

ဘဏ်မန်နေဂျာ ပြောပြချက်အရ ငွေသားငါးသိန်းကျော်နှင့် ဘဏ်မှာ အပ်နှံထားသော ရွှေငွေလက်ဝတ်ရတနာများအားလုံး ပါသွားလေတော့သည်။

ထိုမှုခင်းကြီးမှာ ရန်ကုန်တစ်မြို့လုံး ဟိုးလေးတကျော်ကျော် ဖြစ်ကာ ထိုခေတ်ကာလက ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များက ထိုသတင်းကိုပင် မျက်နှာဖုံးသတင်းအဖြစ် အသားပေးကာ သူ့ထက်ငါ အလုအယက်ဖော်ပြကြလေသည်။

အချို့သတင်းစာများကမူ ပုလိပ်အဖွဲ့ကို သရော်သောစာများကိုပင် ရေးသားကြသဖြင့် ပုလိပ်အဖွဲ့ကြီးမှာ မခံချိမခံသာ ဖြစ်နေကြတော့သည်။

ထိုအကြောင်းကို ပုလိပ်မင်းကြီး သိသွားသောအခါ ဒေါသူပုန်ထပြီး ၎င်းလက်အောက်၌ အမှုထမ်းနေကြသော တိုင်းမင်းကြီးများ၊ ခရိုင်ရာဇဝတ်ဝန်၊ နယ်စီးရဲဝန်ထောက်၊ တိုက်ပိုင်၊ ဌာနအုပ်၊ ရာဇဝတ်အုပ်၊ ရာဇဝတ်အုပ်(အမှုလိုက်)၊ စုံထောက်နှင့် ဆားပုလင်း(ရဲကြပ်)များကို ခေါ်ယူတွေ့ဆုံပြီး ဆူပူကြိမ်းမောင်းလေတော့သည်။

"မောင်မင်းတို့ အသုံးမကျဘူး၊ ကိုယ်တာဝန်ယူရတဲ့နယ်မြေတွေမှာ လူဆိုးဓါးပြတွေ မရှိအောင် ဖယ်ရှားပစ်ရမှာ မောင်မင်းတို့တာဝန်မဟုတ်ဘူးလား၊ အခုတော့ မောင်မင်းတို့ ရှိနေပါလျက်နဲ့ ရာဇဝတ်မှုတွေဟာ မိုးဦးကျမှာ ဖားတွေ အော်သလို နေရာအနှံ့မှာ ပေါ်ပေါက်နေပြီး သတင်းတွေ ကြားနေရတယ်၊

အခုလည်း မြို့လည်ခေါင်မှာ နေ့ခင်းကြောင်တောင်ကြီး ဘဏ်မှာ အနုကြမ်းစီးခံရတယ်၊ ဒါဟာ မောင်မင်းတို့ တာဝန်ပေ့ါလျော့လို့ အသုံးမကျလို့ ဖြစ်ရတာ မဟုတ်လား"

အခန်းထဲမှာ မိုးချုန်းသံကဲ့သို့ ဟိန်းထွက်နေသော ပုလိပ်မင်းကြီးအသံကြောင့် ကျန်လူများမှာ တုတ်တုတ်မျှ မလှုပ်ဝံ့အောင် ရှိနေကြသည်။

"ဒီတော့ မောင်မင်းတို့ကို တစ်ခုပဲ ပြောမယ်၊ ဒီရာဇဝတ်မှုကို အမြန်ဆုံး ပေါ်အောင် စုံစမ်းဖော်ထုတ်ပါ၊ ဒီအမှုကို မဖော်နိုင်ဘူးဆိုရင် ကိုယ့်ရဲ့ညံ့ဖျင်းမှုအတွက် ကိုယ့်ဖာသာ တာဝန်ယူပြီး အလုပ်က ထွက်ကြပေတော့"

ထိုသို့ ဆူပူကြိမ်းမောင်းနေစဉ်မှာ မြန်မာအမျိုးသား စုံထောက်ကျော်စွာက နေရာမှ ထကာ ပုလိပ်မင်းကြီးကို အလေးပြုလိုက်သည်။

"ဒီအမှုကို အမြန်ဆုံးပေါ်ဖို့ ကျွန်တော်တာဝန်ယူပြီး စုံစမ်းပါ့မယ်၊ တကယ်လို့ အမှုမပေါ်ဘူးဆိုရင် အလုပ်က ထွက်ပါ့မယ်"

ဟု တာဝန်ယူ ပြောဆိုလေရာ အားလုံးက တအံ့တသြနှင့် ကြည့်နေကြလေသည်။

စုံထောက်ကျော်စွာမှာ အသက်သုံးဆယ်အရွယ်ခန့် ရှိသည့် ဖျတ်လတ်တက်ကြွသော မြန်မာလူရွယ်တစ်ဦး ဖြစ်လေသည်။

၎င်းလိုက်ခဲ့သော အမှုတိုင်းမှာလည်း အနှေးနှင့်အမြန် ဆိုသလို အမှုမှန် ပေါ်ခဲ့သည်မို့ ယခုကဲ့သို့ တာဝန်ယူ ပြောဆိုလိုက်သောအခါ ကျန်လူများမှာ ၎င်းတို့ခေါင်းပေါ်မှာ ပိနေသည့် အထုပ်ကြီးတစ်ထုပ် လျော့ကျသွားသကဲ့သို့ စိတ်သက်သာရာ ရသွားကြဟန် ရှိပေသည်။

အချို့ကလည်း လူတွင်ကျယ် လုပ်သည်ဟု ထင်သော်လည်း အချို့ကတော့ တာဝန်တစ်ခု ပေ့ါသွားသည်ဟု တွေးကာ သက်ပြင်းချသူ ချလေသည်။

"ကောင်းပြီ မောင်မင်း၊ ဒီအမှုကို ပေါ်အောင် ဖော်ထုတ်နိုင်ရင် ရာထူးတိုးပေးမယ်"

"ကျွန်တော့်အတွက် ရာထူးမလိုပါဘူး၊ ရာထူးမက်လို့ ဒီတာဝန်ကို ယူတာမဟုတ်ပါဘူး၊ ကိုယ်လုပ်ရမယ့်အလုပ်၊ ကိုယ်နဲ့ သက်ဆိုင်တဲ့





www.burmeseclassic.com

www.burmeseclassic.com



တာဝန်တစ်ခုကို ကျေပွန်အောင် လုပ်ပေးတာပါ"

"ကောင်းတယ်. . . မောင်မင်းတို့ မြန်မာလူမျိုးတွေမှာ ဒီလို စိတ်ဓါတ်မျိုး ရှိတာကတော့ ချီးကျူးစရာပဲ၊ မောင်မင်း တာဝန်ယူတဲ့ အတိုင်း အောင်မြင်အောင် ဆောင်ရွက်ပါ"

ဟု ပြောလေသည်။

ပုလိပ်မင်းကြီးအခန်းမှ ထွက်လာသောအခါ သူနှင့် ရင်းနှီး သော လုပ်ဖော်ကိုင်ဖက်အချို့က အပြစ်တင်သောလေသံဖြင့် ပြောကြ သည်။

"ခင်ဗျား အခုလို တာဝန်ယူလိုက်တာ အတင့်မရဲလွန်းဘူးလား၊ တကယ်လို့ မအောင်မြင်ရင် ဘယ်လိုလုပ်မလဲ"

"ဒီတော့လည်း ပြောခဲ့တဲ့အတိုင်း အလုပ်က ထွက်ပေးလိုက်ရုံ ပေါ့ဗျာ၊ အခုလို တာဝန်ယူလိုက်ခြင်းဟာ မဖြစ်မနေ အောင်မြင်အောင် လုပ်ရမယ်လို့ ကိုယ့်ဖာသာ တွန်းအားပေးလိုက်တာမျိုးပါပဲ"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ခင်ဗျားထင်သလောက်တော့ လွယ်မယ်မထင်ဘူး"

"ရာဇဝတ်မှု ကျူးလွန်တဲ့သူနဲ့ ဖော်ထုတ်တဲ့သူဆိုတာ ဉာဏ် ရည်ချင်း ပြိုင်ကြရတာပဲ၊ သာတဲ့လူက အနိုင်ရမှာပါပဲ၊ ဘယ်အလုပ်မှ တော့ လွယ်လှတယ်မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမယ့် ကြိုးစားရမှာပေါ့"

ဟု ပြောကာ ရုံးခန်းအတွင်းမှ ထွက်လာလေသည်။

ထို့နောက် လင့်ရှိဘာကားကို မောင်းကာ ဒေါက်တာမင်းထင် ကျော်နှင့် တွေ့ရန် ထွက်ခဲ့လေသည်။

ဒေါက်တာမင်းထင်ကျော်ကို ၎င်းနေအိမ်မှာပင် အဆင်သင့် တွေ့ရလေသည်။

၎င်းမှာ ထိုနေ့ထုတ် ဂျာနယ်နှင့် သတင်းစာများကို ဖတ်နေလေ သည်။





"ဘယ်လိုလဲ မောင်ကျော်စွာ၊ မျက်နှာမသာမယာနဲ့ ဘယ်လို ဖြစ်လာတာလဲ၊ ပုလိပ်မင်းကြီးက ခေါ်ပြီး ကြိမ်းလိုက်ပြီနဲ့ တူတယ်"

ခရီးရောက်မဆိုက် ပြောလိုက်သည့် ဒေါက်တာမင်းထင်ကျော် စကားကြောင့် အနည်းငယ် အံ့ဩသွားကာ ကုလားထိုင်မှာပင် ဝင်ထိုင် လိုက်သည်။

"ဘယ်လိုများ ကြိုသိနေတာလဲ ဆရာရဲ့. . . ပြောပါဦး"

"စိတ်ဆိုတာ လူတစ်ယောက်ရဲ့အတွင်းအဖွဲ့တွေကို ဖော်ပြနေ တဲ့ မှန်တစ်ချပ်လိုပဲ၊ စိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ ခံစားမှုဆိုတာ မျက်နှာ ပေါ်မှာ ပေါ်နေတတ်တယ်၊ ဒါကို ဂရုတစိုက်နဲ့ အကဲခတ်နိုင်ရင် သူ ဘာဖြစ်နေတယ်ဆိုတာကို အနီးဆုံး အကဲခတ်လို့ရပါတယ်၊ (Thought Reading)အကြံကို သိနိုင်ခြင်းဆိုတာ အတတ်ပညာတစ်ခုပဲဗျ"

ဒေါက်တာမင်းထင်ကျော်၏ လေသံမှာ တကယ့်ဝါရင့် စုံထောက်ကြီးများ လေသံမျိုး ပြောနေသဖြင့် ပို၍ အံ့ဩရလေသည်။

"ထားပါတော့ ဆရာရယ်၊ ဒါပေမယ့် ကျွန်တော့်ကို ပုလိပ်မင်း ကြီး ဆူလိုက်တယ်ဆိုတာအထိ ဘယ်လိုသိနေသလဲဆိုတာ တဆိတ် လောက် ရှင်းပြပါဦး"

"ဒါက အလွယ်လေးပါဗျာ၊ အခု ခင်ဗျားရောက်လာတဲ့အချိန် က အလုပ်က တန်းစီပြီးစအချိန်မျိုးပဲ၊

တန်းစီတဲ့အချိန်မှာ လူကြီးတွေက သူတို့ မှာချင်တာတွေကို မှာသလို ဆူပူကြိမ်းမောင်းစရာ ရှိရင်လည်း အများရှေ့မှာ ကြိမ်းမောင်း ကြတာပဲ"

"မှန်ပါတယ်. . . ဒီမျက်နှာဖြူတွေ လက်အောက်မှာ လုပ်ရ တာဆိုတော့. . ."

မောင်ကျော်စွာက မကျေမနပ်ဖြစ်နေဟန်ရှိသေးသည်။

"လတ္တာလမ်းက အိုဗာစီးချင်းနီးဘင့်ကော်ပိုရေးရှင်းဘဏ်



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းကြောင်တောင် အနုကြမ်း စီးသွားတဲ့သတင်းက မနေ့ကရော ဒီကနေ့အထိ ဂျာနယ် သတင်းစာတွေမှာ အကျယ်တဝင့် ဖော်ပြထားကြတယ်၊ ဒီကြားထဲ ဂျာနယ်တစ်စောင်က ပုလိပ်အဖွဲ့ကို သရော်သလို မျိုး ရေးသားထားလေတော့ ပုလိပ်မင်းကြီးက ဘယ်နည်းနဲ့မှ ငြိမ်နေမှာ မဟုတ်ဘူး"

"အမှန်ပါပဲ. . . မျောက်မီးခဲကိုင်မိသလိုကို ဖြစ်နေတာ"

"သူ တာဝန်ယူထားရတဲ့ကိစ္စဆိုတော့လည်း သူ့ဘက်က ကြည့်ပြန်တော့လည်း မှန်ပါတယ်၊ ဒီအမှုမျိုးမှ မပေါ်ရင် ဗမာပြည်လူထုက သူ့အပေါ် အယုံအကြည် ဘယ်ရှိတော့မှာလဲ၊ (၁၈၇၂)ခုနှစ် မတိုင်ခင်က ပုလိပ်အဖွဲ့ကြီး မပေါ်ခင်က လန်ဒန်မြို့မှာ ညစောင့်အဘိုးကြီးတွေ ထားသလိုမျိုး ဖြစ်နေမှာပေါ့"

"ဘယ်လိုလဲ ဆရာရဲ့. . . ပြောပါဦး"

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ ပြုံး၍ စီးကရက်တစ်လိပ်ကို မီးညှိဖွာပြီးမှ စကားပြန်ဆက်သည်။

"အဲဒီတုန်းက ပုလိပ်အဖွဲ့ မပေါ်သေးတော့ ရာဇဝတ်မှုတွေက များတယ်၊ လန်ဒန်မြို့သူမြို့သားတွေက ညဘက်မှာ အစောင့်အဘိုးကြီးတွေ ငှားထားကြတယ်၊ အဘိုးကြီးတွေက ညဘက်မှာ မီးအိမ်ကြီးတွေ ခေါင်းပေါ် တင်ပြီး တစ်နာရီတစ်ခါ 'ညဘယ်နှစ်နာရီထိုးပါပြီ၊ အားလုံး ကောင်းပါသည်ခင်ဗျား' အော်ပေးရတယ်၊ ဒါပေမယ့် သူတို့ အော်ပြီးတာနဲ့ တစ်နေရာမဟုတ် တစ်နေရာ 'ကယ်တော်မူပါ' ဆိုတဲ့အသံက ဆက်တိုက်ပေါ်လာတော့တာပဲ"

ထိုစကားကြားသောအခါ မောင်ကျော်စွာကပါ ရယ်နေသည်။

"ဘာကြောင့်လဲဆိုတော့ ဒုစရိုက်သမားတွေက အဘိုးကြီးတွေ ဂရုမှ မစိုက်ကြဘဲကိုး၊ အခုလည်း ဒီမှာရှိတဲ့ ဒုစရိုက်သမားတွေက ခင်ဗျားတို့ ပုလိပ်အဖွဲ့က လူတွေကို ဂရုမစိုက်ကြလေတော့ ရာဇဝတ်မှု





တွေကို အခုလို ရဲရဲတင်းတင်း ကျူးလွန်နေကြတာ ဖြစ်မှာပေါ့ဗျာ"

"အမှန်ပါပဲ ဆရာရယ်၊ ရန်ကုန်မြို့မှာ ဒုစရိုက်မှုတွေက တစ်ခုပြီးတစ်ခု ပေါ်နေတော့ သူစိတ်ဆိုးမယ်ဆိုလည်း ဆိုးစရာပါပဲ၊ အခုပဲ ကြည့်လေ၊ နေ့ခင်းကြောင်တောင် ဘဏ်ကို အနုကြမ်း ဝင်စီးသွားတယ်၊ ကျွန်တော်ကတော့ တရားခံတွေကို ဖမ်းမပေးနိုင်ရင် အလုပ်က ထွက်ပေးမယ်လို့ တစ်ခါတည်း ပြောခဲ့တယ်"

"မင်းအလုပ်ထွက်တာ မထွက်တာက နောက်ပိုင်းကိစ္စပါ။ လောလောဆယ်မှာတော့ ဒီလိုကတိပေးခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကို တွန်းအားတစ်ခုတော့ ဖြစ်တာပေါ့"

"ဒီအမှုနဲ့ ပတ်သက်လို့ ဆရာအထင်လည်း ပြောပါဦး"

"ကျွန်တော်ကတော့ သူတို့ အမှုကျူးလွန်ပုံကို ကြည့်ပြီး အတော်ကလေး အကွက်စေ့တယ်လို့ ထင်တယ်ဗျ။

ဘယ်လောက်ပဲ သိုဝှက်တဲ့အမှုဖြစ်ပါစေ၊ သဲလွန်စ တစ်ခုခုတော့ ကျန်ခဲ့မှာပါ။ ကဲ. . . အခု ခင်ဗျားရောက်လာတာနဲ့ အတော်ပဲ၊ ဆေးရုံကြီး သွားကြရအောင်"

"ဘာအတွက် သွားမှာလဲ"

"လောလောဆယ် ဘဏ်မန်နေဂျာ ဆေးရုံမှာပဲ ရှိသေးတယ်လေ၊ သူနဲ့ တွေ့ပြီး မေးကြည့်ရင် သဲလွန်စ တစ်ခုခုတော့ ရနိုင်တာပေါ့"

ဟု ပြောဆိုကာ နှစ်ယောက်သား အပြင်သို့ ထွက်လာကြသည်။

ထို့နောက် မောင်ကျော်စွာ စီးလာသော မော်တော်ကားနှင့်ပင် ဆေးရုံကြီးသို့ မောင်းခဲ့ကြလေသည်။

ဆေးရုံကြီးသို့ ရောက်သောအခါ ဆေးရုံမှ မဆင်းရသေးသော ဘဏ်မန်နေဂျာကို သီးသန့်အခန်းတွင်းမှာ တွေ့ခွင့်ရလေသည်။

ထိုသူ၏နာမည်မှာ ဦးကျော်ခေါင်ဖြစ်ပြီး အသက်လေးဆယ် ကျော်ခန့်ပင် ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂုင်းမှာ အဆိပ်ဆေး မပြယ်သေးဟန်ဖြင့် ဖြူဖတ်ဖြူရော် ဖြစ်နေသေးသည်။

“နေကောင်းသွားပြီလား. . . ကျွန်တော်တို့ သိချင်တာလေးတွေ မေးပါရစေ”

သူက ခေါင်းညိတ်ပြသည်။

“တစ်နေ့က အဖြစ်အပျက်ကလေးတွေကို ခင်ဗျားသိသမျှ ပြန်ပြောပြပါလား”

“ခေါင်းဆောင်လာတဲ့သူက ဒေါက်တာစမစ်ဆိုတဲ့လူပဲ၊ သူက အသားဖြူဖြူ အရပ်ထောင်ထောင်မောင်းမောင်းနဲ့ပဲ”

ဦးကျော်ခေါင်က တစ်နေ့က အဖြစ်အပျက်များကို မှတ်မိသမျှ ပြန်ပြောပြလေသည်။

“သူ့ကို ဆရာဝန်တစ်ယောက်လို့ ထင်ပါသလား”

“သူ့ရဲ့လုပ်ပုံကိုင်ပုံ ကြည့်ရတာတော့ ဆေးဝါးနဲ့ ပတ်သက်ပြီး အတော်ကလေး ကျွမ်းကျင်တဲ့ပုံမျိုး တွေ့ရတယ်”

“တကယ်လို့ သူ့ကို နောက်တစ်ကြိမ် မြင်ရင်ကော မှတ်မိနိုင်ပါသလား”

“မှတ်မိနိုင်ပါတယ်”

“သူ့နောက်မှာ နပ်(စ်) နှစ်ယောက်လည်း ပါသေးတယ် မဟုတ်လား၊ သူတို့ရဲ့ပုံပန်းသဏ္ဌာန်တွေကိုလည်း မှတ်မိသလောက် ပြောပြပေးပါ”

ထိုအခါ ဦးကျော်ခေါင်က ဒေါက်တာစမစ်နောက်မှ ပါလာသော အမျိုးသမီးနှစ်ယောက်၏ပုံပန်းသဏ္ဌာန်ကို မှတ်မိသမျှ ပြောပြလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့်ကျော်စွာက ဂုင်းပြောပြသော အချက်များကို အသေအချာ မှတ်ထားပြီး အခန်းထဲမှ ပြန်ထွက်ခဲ့ကြ





သည်။

ဂုင်းတို့ ထွက်သွားပြီး မရှေးမနှောင်းမှာပင် တာဝန်ကျ ဆရာဝန်တစ်ယောက် ရောက်လာပြီး ဦးကျော်ခေါင်ကို ဆေးတစ်လုံး လာထိုးပေးသည်။

ဆေးထိုးနေစဉ်က သတိမပြုမိသော်လည်း ပြန်ထွက်သွားကာနီးမှ ဆရာဝန်၏မျက်နှာကို မြင်လိုက်ရသဖြင့် ဇဝေဇဝါ ဖြစ်သွားသည်။

ဆေးအရှိန် ကောင်းစွာမပြယ်သေးသောကြောင့် ခေါင်းထဲမှာ မူးဝေနေသေးသဖြင့် ပထမတော့ ကောင်းစွာမမှတ်မိပေ။

အသေအချာ စဉ်းစားကြည့်တော့မှ ထိုလူ၏မျက်နှာကို တစ်နေရာမှာ မြင်ဖူးသလို သတိရလာသည်။

ထိုအခါ များစွာ ထိတ်လန့်တုန်လှုပ်သွားမိလေသည်။

ဆရာဝန်က သူ့ကို တစ်ချက်လှည့်ကြည့်ပြီး ပြုံးပြကာ အခန်းတွင်းမှ ပြန်ထွက်သွားလေတော့သည်။

ဦးကျော်ခေါင်အတွက် ထိုသူမျက်နှာကို ကောင်းစွာမှတ်မိလိုက်သောအချိန်မှာ များစွာနောက်ကျသွားခဲ့ချေပြီ။

တဖြည်းဖြည်းနှင့် ခေါင်းထဲမှာ မူးတက်လာသည်။

နေရာမှ ထရန် ကြိုးစားတော့လည်း မရတော့ပေ။

အခန်းပေါက်ဝသို့ မရောက်မီမှာပင် ဝုန်းကနဲ လဲကျသွားလေတော့သည်။

နောက်ပိုင်း ခေါင်းထဲမှာ မှောင်ကျသွားပြီး ဘာမှ မသိနိုင်တော့ပေ။ လူသတ်ကောင်၏တစ်ကျော့ပြန် ကျော့ကွင်းအတွင်းသို့ ဆင်းသက်ခဲ့ရပြီဖြစ်တော့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၇)

## သဲလွန်စကွင်းဆက်များ

ဒေါက်တာမင်းထင်ကျော်အတွက် ဒုတိယ သဲလွန်စ ကောက်ရမည့်သူမှာ ကူးစက်ရောဂါကာကွယ်ရေးဌာနတွင် တာဝန်ယူနေရသော ဒေါက်တာစမစ်ပင်ဖြစ်သည်။ ၎င်းဌာနသို့ ရောက်သွားသောအခါ ဒေါက်တာစမစ်မှာ ဂျူတီချိန် မဟုတ်သဖြင့် ၎င်း၏နေအိမ်မှာပင်ရှိနေကြောင်း သိရသဖြင့် လိပ်စာကို မေးမြန်းပြီးနောက် လိပ်စာရှိရာသို့ သွားကြလေသည်။

ဒေါက်တာစမစ် နေထိုင်သောနေရာမှာ ကြည့်မြင်တိုင်အောက်လမ်းဘက်ရှိ ကရင်ခြံအတွင်း၌ဖြစ်သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာစမစ်ကို ၎င်း၏နေအိမ်မှာပင် အဆင်သင့် တွေ့ရလေသည်။

အသက်ငါးဆယ်ကျော် အရွယ်ရှိသည့် အင်္ဂလိပ်ကပြား ကရင်တိုင်းရင်းသားတစ်ယောက်ပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က အကျိုးအကြောင်း ပြောပြသောအခါ များစွာအံ့ဩနေလေသည်။

"ကျွန်တော်က သတင်းစာမှာ ဖတ်လိုက်ရတော့ အတော်ကလေး အံ့ဩသွားတယ်၊ ကူးစက်ရောဂါ ကာကွယ်ရေးဌာနက ဝန်ထမ်းတွေယောင်ဆောင်ပြီး အနုကြမ်း စီးသွားတယ်ဆိုတာလောက်သာ သိရတာပါ၊ အခုလို ကျွန်တော့်ရဲ့လိပ်စာကဒ်ပြားကို အသုံးချသွားတာတော့ မသိပါဘူး"

"ဒေါက်တာအနေနဲ့ အခြားသူတစ်ယောက်ကို မှတ်မှတ်ရရ လိပ်စာကဒ်ပြား ပေးမိတဲ့လူတွေကိုများ မှတ်မိပါသလား"

"အဲဒါ အတော်ခက်တဲ့ကိစ္စပဲဗျ၊ ကျွန်တော်က ဆရာဝန်တစ်ယောက်ဆိုတော့ ကျွန်တော့်ရဲ့လိပ်စာကဒ်ကို မိတ်ဆွေအချင်းချင်းတွေကိုလည်း ပေးမိတယ်၊ နောက်ပြီး ကျွန်တော့်ဆီမှာ ဆေးကုလာတဲ့လူနာတွေကိုလည်း ပေးမိတယ်၊ လူတွေအများကြီးဆိုတော့ ဘယ်သူ့ကို ပေးမိတယ်ဆိုတာတော့ မမှတ်မိတော့ဘူးဗျ"

ဟု အေးအေးဆေးဆေး ပြောပြလေသည်။

"ဒါတော့ မှန်ပါတယ်၊ ဒုစရိုက်သမားဟာ ဒေါက်တာရဲ့ အကြောင်းကို အတော်အတန် သိတဲ့လူမို့ ဆက်စပ်ပြီး မေးရတာပါ၊ ဒေါက်တာ့အကြောင်းကို မသိတဲ့လူတစ်ယောက်ကတော့ ဒီလိုလူတစ်ယောက်ရဲ့နာမည်ကို အသုံးချမှာ မဟုတ်ပါဘူး"

ထိုစကားကြောင့် ဒေါက်တာစမစ်မှာ စိတ်ညစ်သွားဟန် ရှိလေသည်။





"ဘဏ်အနုကြမ်း စီးတဲ့ကိစ္စ ပြီးတော့ ဒေါက်တာ့အနေနဲ့ ဘယ်လိုများ ဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့ပါသေးလဲ"

"လုပ်ရတာပေါ့ဗျာ. . . ဒီကိစ္စက ကျွန်တော်ဌာနနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ကိစ္စဆိုတော့ စုံစမ်းရတာပေါ့၊ လတ္တာလမ်းတစ်ဝိုက်မှာ ပလိပ်ရောဂါ၊ ဝမ်းရောဂါ စတဲ့ ကူးစက်ရောဂါတွေ ဖြစ်နေတယ်ဆိုတာ ကျွန်တော်တို့ဌာနက မသိခဲ့ဘူးဗျ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်က အံ့ဩသွားလေသည်။

"ရပ်ကွက်က လူတွေက ဒေါက်တာတို့ဌာနကို အကြောင်းမကြားကြတာ ဖြစ်ပါလိမ့်မယ်"

"ဟုတ်တယ်. . . ဘယ်သူမှ အကြောင်းမကြားကြဘူး၊ သတင်းစာမှာ အနုကြမ်း စီးတဲ့သတင်း ပါလာတော့မှ ကူးစက်ရောဂါတွေ ဖြစ်နေတယ်ဆိုတာကို သိရတာပါ"

"ဒီတော့ ဒေါက်တာ့အနေနဲ့ ဘယ်လိုဆောင်ရွက်ပါသလဲ"

"ချက်ချင်း အဲဒီနေရာကို သွားပြီးစစ်ဆေးရတာပေါ့"

"ဒီတော့ အဖြေဘယ်လိုတွေ့ပါသလဲ"

"အံ့ဩစရာပဲဗျ. . . ဝမ်းရောဂါ ဖြစ်နေတယ်ဆိုတာတော့ မှန်တယ်၊ ပလိပ်ရောဂါ ဖြစ်နေတယ်ဆိုတာတော့ မဟုတ်ပါဘူး၊ ကြွက်သေတွေကို လမ်းပေါ်မှာ ပစ်ထားပြီး တစ်စုံတစ်ယောက်က လူတွေကြောက်လန့်ကုန်အောင် ကောလဟာလ လွှင့်လိုက်တဲ့သဘောပါပဲ"

"ဟင်. . . ဒါဖြင့် ပလိပ်ရောဂါ တကယ်မဖြစ်ဘဲ တစ်စုံတစ်ယောက်က အကွက်ဆင်ပြီး သတင်းလွှင့်လိုက်တာပေါ့၊ ဒါဖြင့် ဝမ်းရောဂါဖြစ်ပြီး အသေအပျောက် ရှိတာကရော ဆရာ"

"အဲဒါကလည်း ဝမ်းရောဂါဖြစ်လို့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ သေသေချာချာ စစ်ဆေးကြည့်ပြီးပါပြီ၊ ရောဂါပိုး မတွေ့ရပါဘူး"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ရောဂါပိုး မတွေ့ရဘဲ ဘာကြောင့် သေရတာလဲ ဒေါက်တာ"

"တစ်စုံတစ်ယောက်က သုံးရေသောက်ရေတွေထဲကို ဝမ်းလျှောဝမ်းပျက်စေမယ့်ဆေးတွေကို ခပ်လိုက်လို့ သေရတာပါ"

ထိုစကားကြားတော့မှ မှူခင်းကျူးလွန်ပုံ အခြေအနေကို တဖြည်းဖြည်းနှင့် သဘောပေါက်စ ပြုလာတော့သည်။

အနုကြမ်းစီးမည့်သူများက ထိုပြစ်မှု မကျူးလွန်ခင်ကတည်းက ပင် လတ္တာလမ်းတစ်ဝိုက်မှလူများ ကြောက်လန့်လျက် အပြင်မထွက်ဝံ့အောင် ကြိုတင်ကြံစည်ထားကြသည်။

ထိုသို့ကြံစည်ခြင်းမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောမျိုးဖြစ်သည်။

ပလိပ်ရောဂါ၊ ဝမ်းရောဂါများ ဖြစ်နေသည်ဆိုခြင်းကြောင့် ကြောက်လန့်မှု ဖြစ်ကာ အပြင်မထွက်ဝံ့ကြတော့ပေ။

ထိုသို့ အခြေအနေ ဖြစ်ပေါ်နေစဉ်မှာ ကူးစက်ရောဂါ ကာကွယ်ဆေးတိုက်ဖျက်ရေးဌာနမှ ဝန်ထမ်းများ ဟန်ဆောင်လျက် ဘဏ်အတွင်းသို့ ဝင်ကာ ဝန်ထမ်းများအား အဆိပ်ခပ်လျက် ငွေများ ယူသွားကြခြင်းဖြစ်ပေသည်။

"ကျွန်တော်လည်း ဒီသတင်းကြားတော့ အတော်ကလေး စိတ်မချမ်းမသာ ဖြစ်ရပါတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဌာနရဲ့နာမည်ကို အသုံးပြုပြီး ပြစ်မှုကျူးလွန်သွားတော့ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လူတွေက ကျွန်တော်တို့ဌာနကို ထင်ယောင်ထင်မှား ဖြစ်နေကြတာပေါ့"

ဒေါက်တာစမစ်က တကယ်ပင် စိတ်မကောင်းသော အမူအရာမျိုးဖြင့် ပြောလေသည်။

"ဒီလောက်လည်း စိတ်ဓါတ်မကျပါနဲ့ ဒေါက်တာ၊ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့ မရဘူး၊ တစ်နေ့တော့ အဖြေတစ်ခု ပေါ်လာမှာ





ပါ၊ ဒေါက်တာအနေနဲ့ ကျွန်တော့်ကို အကူအညီပေးစေချင်ပါတယ်"

"ဘယ်လိုအကူအညီမျိုးလဲ. . . ပြောပါ၊ ကျွန်တော် တတ်နိုင်တာဆိုရင် ဘာမဆို လုပ်ပေးပါ့မယ်"

"တခြားတော့ မဟုတ်ပါဘူး၊ ဒေါက်တာ တာဝန်ယူထားရတဲ့ ကူးစက်ရောဂါကာကွယ်ရေးဌာနမှာ အလုပ်လုပ်ခဲ့ဖူးပြီး အလုပ်က ထွက်သွားတဲ့လူ၊ ဒါမှမဟုတ် အပြစ်တစ်ခုကြောင့် ထုတ်ပယ်ခံရတဲ့လူတွေ ရှိရင် ကျွန်တော့်ကို ပြောပြပေးပါ"

ဒေါက်တာစမစ်က အတန်ကြာအောင် စဉ်းစားနေပြီးမှ. . .

"ဒီအတိုင်းတော့ မမှတ်မိဘူး၊ လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ဖိုင်တွေ၊ မှတ်တမ်းစာအုပ်တွေ ပြန်ပြီးစစ်ဆေးကြည့်မှ သိရမယ်၊ ဒီတော့ ဒီလိုလုပ်ပါလား၊ မနက်ဖြန် ကျွန်တော့်ရဲ့ဂျူတီဆိုတော့ ခင်ဗျား ရုံးကို လာခဲ့ပါလား၊ ကျွန်တော် ရှာထားလိုက်မယ်"

"အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဟု ပြောဆိုကာ ပြန်လာခဲ့သည်။

ညနေပိုင်းအချိန်တွင် စုံထောက်ကျော်စွာနှင့် တွေ့သောအခါ ဘဏ်မန်နေဂျာ ဦးကျော်ခေါင်နှင့် ပတ်သက်သည့် စိတ်မကောင်းစရာသတင်းကို ကြားရသည်။

"ဦးကျော်ခေါင်တစ်ယောက်တော့ အသတ်ခံလိုက်ရပြီ ဆရာ၊ လူသတ်သမားက တစ်ကျော့ပြန်လာပြီး နှုတ်ပိတ်သွားတာပဲ"

"ဒါဖြင့် မောင်ကျော်စွာ ဒီကနေ့ ဆေးရုံကို ရောက်နေတာပေါ့၊ ဘယ်အချိန်က အသတ်ခံလိုက်ရတာလဲ"

"ဆရာနဲ့ကျွန်တော် သွားတွေ့ပြီး ပြန်ထွက်လာတဲ့အချိန်နဲ့ သူတွေ့တဲ့အချိန်က သိပ်မကွာလှဘူး၊ ဆေးရုံက အကြောင်းကြားကြားချင်း ကျွန်တော်သွားတဲ့အချိန်မှာ သူသေနေပြီ၊ လူသတ်သမားက ကျွန်တော်တို့နဲ့ ရှေ့ဆင့်နောက်ဆင့် ဝင်လိုက်ပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က သက်ပြင်းချလိုက်သည်။

"ဘယ်လိုသတ်သွားတာလဲ"

"အဆိပ်ဆေးနဲ့ ထိုးသတ်သွားတာပဲ"

"ဘဏ်မှာ အဆိပ်ဆေးနဲ့ သတ်တုန်းက ကံကောင်းလို့ လွတ်ခဲ့ပေမယ့် အခုတစ်ကြိမ်တော့ မလွတ်တော့ဘူးပေါ့၊

လူသတ်သမားဟာ ဆေးရုံဆေးခန်းတွေနဲ့ အတော်ကလေး ကျွမ်းဝင်ပုံ ရတယ်၊ ဒီပုံအတိုင်းဆိုရင်တော့ သဲလွန်စ ကောက်ရတာ တဖြည်းဖြည်းနဲ့ ကျဉ်းလာပြီလို့ ဆိုရမယ်"

ထို့နောက် နှစ်ယောက်သား လမ်းခွဲလိုက်ပြီးနောက် အိမ်သို့ ပြန်လာခဲ့လေသည်။

အိမ်ရောက်သောအခါ တပည့်တစ်ယောက်က စာတစ်စောင် ပေးလေသည်။

"ဘယ်သူပေးသွားတာလဲ"

"လံချားကုလားတစ်ယောက် လာပေးသွားတာပါ ဆရာ"

အိမ်ထဲ ရောက်၍ စာကို ဖောက်ဖတ်ကြည့်သောအခါ အောက်ပါအတိုင်း တွေ့ရလေသည်။

"**အသက်မသေချင်ရင်**

**ကိုယ်နဲ့ မပတ်သက်တဲ့အလုပ်မှာ ဝင်မပါနဲ့။**

**နေရိယဂိုဏ်း**"

ဟူ၍ ရေးထားလေသည်။

ဒေါက်တာမင်းထင်ကျော်က စာရွက်ကို ခေါက်၍ စာအိတ်တွင်းသို့ ပြန်ထည့်ကာ သိမ်းထားလိုက်လေသည်။

သူ့အကြောင်းနှင့် ပတ်သက်၍ 'နေရိယဂိုဏ်း' က သိသွားခဲ့ပြီ





ဖြစ်သောကြောင့် သတိနှင့် နေရပေတော့မည်။

နောက်တစ်နေ့ နံနက်(၉)နာရီအချိန်ခန့်တွင် ဒေါက်တာစမစ် ရှိရာသို့ သွားရာ ၎င်း၏သီးသန့်ရုံးခန်းအတွင်းမှာ အဆင်သင့် တွေ့ရလေသည်။

စားပွဲပေါ်မှာတော့ ဖိုင်တွဲများ တင်ထားပြီး ၎င်းရှေ့မှာတော့ သီးသန့်ထုတ်ထားဟန်ရှိသည့် ဖိုင်တစ်ခုကို ချထားလေသည်။

"ခင်ဗျားပြောတဲ့အတိုင်း ရှာကြည့်တော့ ဒီဌာနက ပင်စင်ယူသွားတဲ့လူတွေ၊ အလုပ်က ထွက်သွားတဲ့လူတွေနဲ့ အထုတ်ပယ်ခံရတဲ့လူတွေစာရင်းကို အသေးစိတ် မှတ်တမ်းတင်ထားတဲ့ဖိုင်ကို တွေ့ရပါတယ်၊ အေးအေးဆေးဆေး ကြည့်နိုင်ပါတယ်"

"ကျေးဇူးပါပဲ ဒေါက်တာ"

ဒေါက်တာမင်းထင်ကျော်က ဖိုင်ကို ယူပြီး တစ်ရွက်ချင်း လှန်ကြည့်လေသည်။

ကူးစက်ရောဂါကာကွယ်ရေးဌာနမှာ ဆေးဝါးကုသမှုနဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူများသာ လုပ်ကိုင်ခွင့်ရသောဌာန ဖြစ်သဖြင့် အလုပ်က အနားယူသွားသူများမှာ များများစားစားတော့ မရှိလှပေ။

အများအားဖြင့် အမျိုးသမီးဝန်ထမ်းများဖြစ်ကြပြီး ကရင်အမျိုးသား၊ အမျိုးသမီးများသာ များပေသည်။ သူက ထိုစာရင်းများမှ အမျိုးသမီးစာရင်းများကို သီးသန့်ဖယ်ထားလိုက်သည်။

ထိုအခါ အမျိုးသားဝန်ထမ်းဦးရေက သိပ်မရှိတော့ပေ။ ပင်စင်ယူသွားသူ (၁၅)ယောက်၊ အလုပ်မှ ထွက်သွားသူ (၅)ယောက်နှင့် အလုပ်မှ အထုတ်ပယ်ခံရသူ သုံးယောက်တို့ကို တွေ့ရလေသည်။

အလုပ်မှ ထုတ်ခံရသူများကို သီးသန့်ရွေးထုတ်လိုက်သည်။

၁။ ဦးစောကျော်

၂။ ဦးအောင်ဖန်း



www.burmeseclassic.com

www.burmeseclassic.com



၃။ ဦးနေရောင်

စသော သုံးယောက်ဖြစ်သည်။

ထိုသုံးယောက်၏အလုပ်ထုတ်ခံရသည့် ပြစ်ချက်များမှာလည်း မတူပေ။

ဦးစောကျော်က ဆေးဝါးပစ္စည်း အလွဲသုံးစားပြုသဖြင့် အလုပ်ထုတ်ခံရခြင်းဖြစ်သည်။

ဦးအောင်ဇန်းက ဆေးမှားယွင်းသဖြင့် လူနာသေဆုံးရခြင်းကြောင့်ဖြစ်သည်။

နောက်ဆုံး အလုပ်မှ ထုတ်ခံရသော ဦးနေရောင်၏ကိုယ်ရေးရာဇဝင်ဖိုင်ကတော့ စိတ်ဝင်စားစရာဖြစ်သည်။

၎င်းမှာ မြစ်ဝကျွန်းပေါ်ဘက်မှ ဇာတိဖြစ်ပြီး တက္ကသိုလ်ရောက်ပြီးနောက်ပိုင်းမှာ ဆေးဝါးပညာများကို လေ့လာလိုက်စားခဲ့သည်။

သူလေ့လာစုဆောင်းခဲ့သောအရာများထဲမှာ လူတို့ကို အကျိုးပြုနိုင်သလို ဆိုးကျိုးလည်း ပေးစေနိုင်သော အရာဝတ္ထုများ၊ သစ်ပင်များနှင့် အခြားဆေးဖက်ဝင်သောပစ္စည်းများဖြစ်သည်။

အထူးသဖြင့် အဆိပ်နှင့် ပတ်သက်ပြီး သုတေသနပြုရာမှာ အတော်အသင့် ခရီးပေါက်ခဲ့လေသည်။

နောက်ပိုင်းမှာတော့ ဦးနေရောင်သည် ကူးစက်ရောဂါကာကွယ်ရေးဌာန၏အရေးပါသောလူတစ်ယောက် ဖြစ်လာရုံမက ဒေါက်တာစမစ်၏လက်ထောက်တစ်ယောက်အဖြစ်ပါ ခန့်အပ်ခြင်း ခံရလေသည်။

သူသည် လက်မှတ်ရ ဆရာဝန်တစ်ယောက် မဟုတ်စေကာမူ ဆေးဝါးများနှင့် ပတ်သက်လျှင် ကျွမ်းကျင်နှံ့စပ်သူတစ်ယောက်ဖြစ်ပေသည်။





နောက်ပိုင်း အဆိပ်နှင့် ပတ်သက်သော စွမ်းအင်များကို သုတေသနပြုခဲ့ရာ အန္တရာယ်နှင့် နီးသောကြောင့် ဒေါက်တာစမစ်ကိုယ်တိုင်က ကန့်ကွက်ခဲ့လေသည်။

"အဆိပ်ဆိုတာ မှားယွင်းမှု ဖြစ်ရင် အသက်အန္တရာယ် ဖြစ်စေနိုင်တာမို့ ခင်ဗျား သုတေသန လုပ်နေတာကို ရပ်တန်းက ရပ်ပါ"

"ကျွန်တော် သုတေသနလုပ်နေတာ စွမ်းအင်ကြီးမားတဲ့အဆိပ်ရဲ့တန်ပြန်သက်ရောက်မှု စွမ်းအင်ကို ပြန်ပြီးအသုံးချဖို့ ကြိုးစားနေတာပါ ဒေါက်တာ"

"ဒါပေမယ့် ခင်ဗျားက ဆရာဝန်တစ်ယောက်လည်း မဟုတ်သလို ပါရဂူတစ်ယောက်လည်း မဟုတ်ဘူး၊ ဒီတော့ ဆက်မလုပ်ပါနဲ့၊

ဒါမှ ကျွန်တော်ပြောတဲ့စကားကို နားမထောင်ဘူးဆိုရင်တော့ အလုပ်က ထွက်ပါ"

ဟု ဒေါက်တာစမစ်က လေသံမာမာဖြင့် ပြောရာ ဦးနေရောင်ဆိုသူသည် နောက်တစ်ပတ်ခန့်အကြာတွင် ထွက်စာတင်လျက် အလုပ်မှ ထွက်သွားလေတော့သည်။

"သူ အလုပ်ထွက်သွားတာ ဘယ်လောက်ကြာပြီလဲ ဒေါက်တာ"

"ငါးနှစ်ကျော်လောက် ရှိသွားပြီ"

"သူ့ရဲ့ပုံပန်းသဏ္ဍာန်ကို ဒေါက်တာမှတ်မိသလောက် ပြောပြပေးပါ"

"အသားဖြူဖြူ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းနဲ့ ဥပမိရုပ်ကောင်းသူတစ်ယောက်ပါပဲ"

"သူ့ရဲ့ဓါတ်ပုံများ ရှိရင် တဆိတ်လောက် ကြည့်ပါရစေ"

"သီးသန့်ရိုက်ထားတဲ့ဓါတ်ပုံတော့ ကျွန်တော့်မှာ မရှိဘူး၊ အခမ်းအနားတစ်ခုမှာ ရိုက်ထားတဲ့ စုပေါင်းဓါတ်ပုံတော့ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ ဒေါက်တာစမစ်က ဘီဒိုအတွင်းမှ ဓါတ်ပုံတစ်ပုံ ထုတ်ကာ စားပွဲပေါ် ချကာ ဓါတ်ပုံထဲမှာ ပါသော လူတစ်ယောက်၏ပုံကို လက်ထောက်ပြသည်။

"သူပါပဲ"

ဒေါက်တာမင်းထင်ကျော်က ဓါတ်ပုံကို အသေအချာ ကြည့်ပြီး ဒေါက်တာစမစ်ကို ခွင့်တောင်းလိုက်သည်။

"ကျွန်တော် ဒီဓါတ်ပုံကို ခဏယူသွားပါရစေ၊ ကိစ္စပြီးတာနဲ့ ပြန်ပို့ပေးပါ့မယ်"

"ကိစ္စမရှိပါဘူး. . . ယူသွားပါ"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

ဟု ပြောဆိုနှုတ်ဆက်ကာ ရုံးခန်းအတွင်းမှ ပြန်ထွက်လာခဲ့လေသည်။

သူ စီးလာသော မော်တော်ကား ရှိရာသို့ လျှောက်လာစဉ် မလှမ်းမကမ်းမှာ ရှိသော သစ်ပင်အောက်မှ သူရှိရာသို့ ရပ်ကြည့်နေသည့် လူနှစ်ယောက်ကို သတိပြုမိလေသည်။

သို့သော်လည်း အမှုမထားဟန်ဖြင့် ကားတံခါးကို ဖွင့်၍ အပေါ်တက်ကာ စက်နှိုးပြီး မောင်းထွက်လာခဲ့သည်။

မလှမ်းမကမ်းနေရာရောက်မှ နောက်ကြည့်မှန်မှတဆင့် လှမ်းကြည့်လိုက်သောအခါ သစ်ပင်အောက်မှ လူနှစ်ယောက်မှာ သူ့ကားရှိရာသို့ လှမ်းကြည့်နေသည်ကို လှမ်းမြင်ရလေသည်။

ထို့နောက်. . .

မော်တော်ကားကို ဆက်မောင်းလာခဲ့သည်။







# အခန်း(၈)

# ထူးဆန်းသောနန်းတွင်းရုပ်မြင်သံကြားမညာ

ရှေးအခါက ဟံသာဝတီအဝိုင်းပတ်ဝန်းကျင်၌ လူနေထိုင်မှု သိပ်မရှိလှသေးပေ။

မြေနီကုန်းနှင့် စမ်းချောင်းတစ်ဝိုက်၌သာ လူနေထူထပ်မှု များလေသည်။

ကမာရွတ်မြို့နယ်သည် ရန်ကုန်တက္ကသိုလ်နှင့် အသံလွှင့်ရုံတို့ ပေါ်ပေါက်လာသောကြောင့် လူသိများခဲ့ရခြင်းဖြစ်သည်။

ရန်ကုန်တက္ကသိုလ်နေရာမှာ ရှေးက တောတောင်ချုံမြောင် ထူထပ်သောအရပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ကြီးငယ်တို့ဖြင့် တောအတိ ရှိနေပြီး ၎င်းတောထဲမှာ ရွာငယ်ကလေးအချို့ ရှိခဲ့လေသည်။

(၁၉၂၀)ပြည့်နှစ် ဒီဇင်ဘာ(၁)ရက်နေ့တွင် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်တို့ ပူးပေါင်းကာ တက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၏။

ထိုနေရာကို တက္ကသိုလ်ပြုလုပ်ရန် ရွေးချယ်သောအခါ ထိုနေရာတစ်ဝိုက်မှာ ရှိသော အင်းလျားရွာသစ်(ယခုအမှတ်-၂ ရပ်ကွက်)သို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။

တက္ကသိုလ်နှင့် အသံလွှင့်ရုံတို့ ပေါ်ပေါက်လာသော ကမာရွတ်နယ်မြေသည် ကြံတောသင်္ချိုင်းနှင့် ဟံသာဝတီအဝိုင်းတို့ကြောင့်လည်း လူသိများခြင်းဆိုက မမှားပေ။

အဘယ်ကြောင့်ဆိုသော် ကြံတောသင်္ချိုင်းမှာ ရန်ကုန်မြို့ နေသူများ မလွဲမရှောင်သာ သိထားရသောနေရာတစ်ခု ဖြစ်သလို ဟံသာဝတီအဝိုင်းမှာလည်း နာရေးပို့သူ၊ တက္ကသိုလ် သွားသူတို့ မလွဲမသွေ ကျော်ဖြတ်ရသည့်နေရာတစ်ခုလည်းဖြစ်ပေသည်။

ရန်ကုန်မြို့ကို မြို့ကွက်ရိုက်ရာ၌ လမ်းဆုံနေရာများအား အဝိုင်းကြီးများ ထည့်၍ တည်ဆောက်ခဲ့ပေသည်။

ရန်ကုန်မြို့ရှိ ထင်ရှားသောအဝိုင်းများမှာ ဟံသာဝတီအဝိုင်း၊ တာမွေအဝိုင်း၊ ဦးဝိစာရအဝိုင်းနှင့် ဗဟန်းလမ်းဆုံအဝိုင်းတို့ဖြစ်ကြသည်။

ရန်ကုန်မြို့မှာ အဘယ်ကြောင့် လမ်းဆုံများ၌ အဝိုင်းများ ထည့်သွင်းရခြင်းမှာ အကြောင်းရှိပေသည်။

ရန်ကုန်မြို့အတွက် မြို့ကွက်ရေးဆွဲပေးရသူ လက်ဖတင်နင် အေဖရေဇာသည် ပြင်သစ်အင်ဂျင်နီယာကြီး ပီယာရှားလ်လွန်းဖန်ဆိုသူ မြို့ကွက်တည်ဆောက်ပုံကို အတုယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပေသည်။





ပြင်သစ်အင်ဂျင်နီယာကြီး ပီယာရှားလ်လွန်းဖန်သည် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ကို မြို့ကွက်ရိုက်ပေးခဲ့ရသူဖြစ်သည်။

သူသည် (၁၇၈၉)နှစ်က ပြင်သစ်နိုင်ငံ၌ သူပုန်များ ထကြွစဉ်က သူပုန်များသည် လမ်းကျယ်ကြီးများတစ်လျှောက်မှ မြို့တွင်းသို့ တစ်ရှိန်ထိုး ချီတက်တိုက်ခိုက်ကာ ပဲရစ်မြို့ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ကြသည်ကို မျက်မြင်ကြုံခဲ့ရလေသည်။

ထို့ကြောင့် ဝါရှင်တန်မြို့ကွက်ကို ရိုက်ရာတွင် မြို့ဝင်လမ်းဆုံလမ်းမ၊ လမ်းကျယ်ကြီးများမှ မြက်ခင်းအဝိုင်းကြီးများကို ထည့်သွင်းခဲ့ပေသည်။

ရည်ရွယ်ချက်မှာ အကယ်၍ မြို့ပြင်မှ ရန်သူများ မြို့တွင်းသို့ ဝင်ရောက်တိုက်ခိုက်မည်ဆိုပါက မြက်ခင်းအဝိုင်းကြီးများပေါ်တွင် အမြောက်ကြီးများကို ဆင်ကာ လေးဖက်လေးတန်သို့ ပစ်ခတ် ခုခံနိုင်ရန် ရည်ရွယ်ချက်ဖြင့် အဝိုင်းများ ထည့်သွင်းထားရခြင်းဖြစ်ပေသည်။

ဤသို့ဖြင့် ရန်ကုန်မြို့ကွက်ကို ရေးဆွဲသူ လက်ဖတင်နင် အေဖရေဇာသည်လည်း သူ ရေးဆွဲသည့် ရန်ကုန်မြို့ကွက်တွင် လမ်းဆုံနှင့် မြို့အဝင်တို့၌ အဝိုင်းကြီးများကို ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်ပေသည်။

ရန်ကုန်မြို့ရှိ အဝိုင်းကြီးများထဲတွင် ဟံသာဝတီအဝိုင်းမှာ လူသိများသောအဝိုင်းတစ်ခုဖြစ်သလို နောက်ပိုင်း ကြံတောသင်္ချိုင်း၊ အသံလွှင့်ရုံ၊ တက္ကသိုလ် စသည်တို့ ရှိလာသောကြောင့် လူသုံးအများဆုံး အဝိုင်းတစ်ခုလည်း ဖြစ်လာခဲ့သည်။

ရှေးက ပြည်လမ်းအရှေ့ဘက်၊ ဟံသာဝတီအဝိုင်းနှင့် မနီးမဝေးနေရာတွင် လူနေအိမ်ခြေ မထူထပ်လှသေးဘဲ ကိုယ့်ခြံကိုယ့်ဝန်းနှင့် နေထိုင်ကြသူ များလေသည်။

အများအားဖြင့်တော့ နန်းတွင်းအမှုထမ်းများ၏ အဆက်အနွယ်များသာ နေထိုင်မှု များလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာတွင် ထူးထူးခြားခြား အဆောက်အဦးတစ်ခု ရှိလေသည်။

ပြည်လမ်းမနှင့် မဝေးလှသောနေရာ၌ ရှိပြီး ဧကအတော်ကျယ်သည့် ခြံဝန်းကြီးထဲတွင် ကံ့ကော်ပင်၊ ပိတောက်ပင်၊ ခရေပင်၊ သရက်၊ ပိန္နဲပင်၊ မရမ်းပင်ကြီးများဖြင့် နေပြောက်မထိုးနိုင်အောင် ရှိလေသည်။

ထိုခြံကျယ်ကြီးအတွင်း၌ ရှေးဟောင်းလက်ရာဖြင့် ဆောက်ထားသည့် အဆောက်အဦးကြီးတစ်ခုရှိပေသည်။

ထိုအချိန်က လူသိများသော အဆောက်အဦးကြီးတစ်ခုလည်း ဖြစ်ပေသည်။

ထိုအဆောက်အဦးကြီးမှာ အခြားမဟုတ်ဘဲ 'နေစကြာ' ဟု အမည်ပေးထားသည့် နန်းတွင်းရုပ်မြင်သံကြား အကြောပြုပြင်ပေးရာ ဌာနကြီးပင်ဖြစ်တော့သည်။

နန်းတွင်းရုပ်မြင်သံကြား အကြောပြုပြင်သောပညာမှာ ရှေးခေတ် နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သည့်ပညာ ဖြစ်ပေသည်။

ရုပ်ကို မြင်ရုံနှင့် အသံကို ကြားရုံဖြင့် ရောဂါ၏ဇစ်မြစ်ကို သိနိုင်သောပညာမျိုးဖြစ်၏။

နန်းတွင်းသမားတော်ကြီးများမှာ လူနာတစ်ယောက်ကို မမြင်ရစေကာမူ အသံကို နားထောင်ရုံဖြင့် ရောဂါအခြေအနေကို ကုသပေးနိုင်ကြသည်။

ရှေးက မိဖုရားများ၊ သမီးတော်များကို ဆေးကုပေးရာမှာ ကန့်လန့်ကာအပြင်ဘက်မှ အသံကို နားထောင်ပြီး ဆေးကုသပေးရသည်မျိုး ရှိပေသည်။

နန်းတွင်းသမားတော်ဟု ဘွဲ့အမည်ခံထားသူသည် ဘက်စုံ





ပညာကျွမ်းကျင်မှု ရှိရသည်။

ဗိန္ဓောဆရာ၊ ဓါတ်ပညာအပြင် အကြောပညာများပါ ကျွမ်းကျင်မှု ရှိကြရသည်။

အကြောပညာကို ကောင်းစွာကျွမ်းကျင်ပါက ဆေးဆောင်စရာပင် မလိုဘဲ ရောဂါပျောက်ကင်းအောင် ကုသပေးနိုင်ကြသဖြင့် ဆေးမဆောင်ဘဲ ရောဂါကုသောဆရာများ ပေါ်ပေါက်ခဲ့ဖူးသည်။

အကြောပညာနှင့် ဆက်စပ်နေသောပညာမှာ နာဋိ ပရိက္ခာခေါ် သွေးစမ်းပညာဖြစ်၏။

သွေးစမ်းကြည့်ရုံနှင့် ရောဂါအခြေအနေကို ခွဲခြားသိနိုင်ပြီး သက်ဆိုင်ရာအကြောများကို ပြုပြင်ပေးရုံနှင့် ဆေးပေးစရာ မလိုဘဲနှင့် ရောဂါပျောက်ကင်းချမ်းသာနိုင်သဖြင့် 'ဆေးတစ်ခွက်၊ လက်တစ်ထောက်' ဟုပင် ဆိုရိုးစကား ရှိခဲ့ပေသည်။

လူတစ်ကိုယ်လုံး၌ အကြောများဖြင့် အုပ်ဆိုင်းထားသည်ဆိုက မမှားပေ။

တစ်ကိုယ်လုံး၌ အကြောများ ရှိရာ အကြောပေါင်းတစ်ထောင်ဟုပင် ဆိုရိုးစကား ရှိသော်လည်း ရောဂါနှင့် သက်ဆိုင်သော နှိပ်ကွင်းနှိပ်ကွက် တစ်ရာ့တစ်ကွက်(၁၀၁) ရှိလေသည်။

လက်ယာဘက်၌ အကြောပေါင်းငါးဆယ်၊

လက်ဝဲဘက်၌ အကြောပေါင်း ငါးဆယ်နှင့် အလယ်ဗဟိုရ်မှ တကျည်းကြောပေါ် ပေါင်းသော် တစ်ရာ့တစ်ကွက် ရှိပေသည်။

(အသေးစိတ်အချက်ကတော့ မဖော်ပြတော့ပြီ)

ဤနေရာတွင် အကြောပြုပြင်ရာ၌ မမ္မခေါ် သေကွင်းဌာနများ ရှိပေရာ အကြောပြုပြင်သူများက သိထားရန် အထူးလိုအပ်လှပေသည်။

မမ္မ ခေါ် သေကွင်းဌာနမှာ ထိုနေရာသို့ ထိခိုက်မိသော် သေစေတတ်သောနေရာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဇီဝိတ(ဇီဝိတိန္ဒြေ)ဟု ခေါ်သော အသက်သည် ခန္ဓာကိုယ်တစ်ခုလုံး၌ တည်ရှိသော်လည်း ထိုမမ္မဟု ခေါ်သော သေကွင်းဌာနသည် အထူးသဖြင့် အန္တရာယ်ပြုတတ်သောနေရာမျိုး ဖြစ်သည်။

ဥပမာ နှလုံးသွေး လွှန်စွာအားနည်းနေသည့် ဝေဒနာရှင်အား တစ်ခဏချင်း အဆိပ်တက်သကဲ့သို့ လျင်မြန်စွာ အန္တရာယ်ပြုနိုင်ပေသည်။

မမ္မဟု ခေါ်သည့် သေကွင်းဌာန(၅)မျိုးရှိသည်။

(၁) မံသမမ္မဌာန - အသားဆိုင်ရာ သေကွင်းဌာန

(၂) သိရာ မမ္မဌာန - အကြောမှာသေကွင်းဌာန

(၃) နှာရုမမ္မဌာန - အကြောဆိုင်ရာ သေကွင်းဌာန

(၄) အဋ္ဌိမမ္မဌာန - အရိုးဆိုင်ရာ သေကွင်းဌာန

(၅) သန္ဓိမမ္မဌာန - အရိုးအဆက်အစပ်သေကွင်းဌာနတို့ ဖြစ်ကြသည်။

အကျယ်ဖော်ပြသော် များစွာရှိပေမည်။

ထို့ပြင် လူတစ်ကိုယ်လုံး၌ ထိခိုက်နာကျင်မှု ပြင်းထန်လွယ်စေသောနေရာ(၁၄)ချက်လည်း ရှိပေသေး၏။

၎င်းတို့မှာ. . .

(၁) ဝွကြား (ကပ်ပယ်အိပ်)

(၂) မျက်လုံး

(၃) နားအုံတစ်ဝိုက်

(၄) မေးစေ့

(၅) လည်မျို

(၆) မေ့ကြောရှိသည့် လည်ပင်းဘေးနှစ်ဖက်

(၇) ကျောက်ကပ်

(၈) ဒူးနှင့် တံတောင်ခွက်

(၉) ညို့သကျည်း





(၁၀) ခြေဖမိုး

(၁၁) တံတောင်ဆစ်

(၁၂) လက်ကောက်ဝတ်

(၁၃) နှာခု

(၁၄) ရင်ဝ(အရှိုက်)

နေရာတို့ပင်ဖြစ်၏။

ထိုနေရာများအပြင် သိုင်းပညာသဘောအရ ချက်ကောင်းနေရာများလည်း ရှိပေသေးသည်။

(၁) နုနယ်သောအင်္ဂါအစိတ်အပိုင်းကြောင့် အန္တရာယ်ရှိသောဌာနများ၊ (မျက်လုံး စသည်)

(၂) မာကျောသောအရိုးပေါ်တွင် ထိခိုက်ခြင်းကြောင့် (ပေပေါ်မှာတူဖြင့် ထုသကဲ့သို့) အလွန်နာကျင်သောနေရာများ၊ (မေးစေ့၊ ညို့သကျည်း စသည်. . . )

(၃) အရေးကြီးသောအကြောများ တည်ရှိရာဌာနဖြစ်သောကြောင့် အန္တရာယ်ရှိသောဌာနများ၊ (ဝွကြား၊ လည်ပင်းနှစ်ဖက်၊ မေ့ကြော စသည်. . . )

ထိုနေရာများအပြင် အကြောပြုပြင်ရာတွင် လွှန်စွာသတိထားရမည့်နေရာများလည်းရှိပေသည်။

ဆီးအိမ်၊ သားအိမ်၊ အသည်း၊ နှလုံး၊ အဆုပ်၊ အူသိမ်အူမစသော နူးညံ့သည့် အတွင်းကလီစာများ ရှိသည့်နေရာများ ဖြစ်သည်။

ရှေးအခါက နန်းတွင်းသမားတော်ကြီးများထဲတွင် အကြောပြင်ပညာလည်း အဓိကနေရာမှ ပါဝင်ခဲ့လေသည်။

မင်းတုန်းမင်း၊ သီပေါမင်း စသည့်ဘုရင်များလက်ထက်ကပင် အကြောပညာရှင်များ ပေါ်ထွက်ခဲ့ပေသည်။

နန်းတွင်းရုပ်မြင်သံကြား အကြောပညာရှင်များထဲတွင် ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ထော်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့လေသည်။

နန်းတွင်းသမားတော် ဒေါ်ကောက်ထော်၏ပညာများကို 'ခါချဉ်ဆရာလှ' အစရှိသော ပညာရှင်များက လက်ဆင့်ကမ်း အမွေရရှိခဲ့ကြသည်။

ခါချဉ်ဆရာလှထံမှတစ်ဆင့် နောက်ပိုင်းတပည့်များက ပညာအမွေဆက်ခံခဲ့ကြသည်။

(ထိုတပည့်များထဲ၌ ဆရာကြီးဦးသောင်းနိုင်၊ ဂန္ထဝင် ဆရာကျော်တို့မှာ ကျွန်ုပ်နှင့် များစွာခင်မင်ရင်းနှီးခဲ့ကြလေသည်။ ယခုတော့ ဂန္ထဝင်ဆရာကျော်မှာ ကွယ်လွန်သွားခဲ့ပေပြီ။)

ထိုပညာများကို ရရှိခဲ့သော တပည့်များမှာ နောက်ပိုင်းအချိန်တွင် ကိုယ်ပိုင်အကြောပြုပြင်သော ဆေးခန်းများ ထူထောင်ဖွင့်လှစ်ခဲ့ကြသည်။

ထိုအထဲတွင် ဟံသာဝတီအပိုင်းနှင့် မနီးမဝေး ပြည်လမ်းမပေါ်၌ တည်ရှိသော 'နေစကြာ နန်းတွင်းရုပ်မြင်သံကြား အကြောပြုပြင်ရာဌာန' လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

ထိုဌာနကို တည်ထောင်ထားသော ဆရာကြီးမှာ 'ဦးဒိဗ္ဗ' ပင်ဖြစ်ပေသည်။

ဦးဒိဗ္ဗသည် အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး အသားဖြူဖြူ၊ ပိန်ပိန်ပါးပါးနှင့် ဥပဓိရုပ် ခန့်ညားသူတစ်ဦးဖြစ်လေသည်။

မြန်မာဆန်ဆန် သျှောင်ထုံးရှိပြီး ပိုးပုဝါကို ပေါင်းထားတတ်သည်။

ရင်ဖုံးအင်္ကျီ၊ ပိုးပုဆိုးတို့ကို အမြဲဝတ်ဆင်ကာ ဂုဏ်သရေရှိသော လူကြီးလူကောင်းတစ်ယောက်လည်း ဖြစ်လေရာ ၎င်း၏ပညာဂုဏ်သတင်းကြောင့် ရပ်ဝေးရပ်နီးမှပင် လာရောက်ကုသကြလေသည်။

သို့သော်လည်း ဆရာကြီးက အရေးကြီးသည့်လူနာများကိုသာ





ကိုယ်တိုင်ကုသပေးပြီး သာမန်လူနာများကိုတော့ တပည့်များနှင့်သာ လွှဲထားလေသည်။

ဆရာကြီးထံ၌ ပညာသင်ကြားနေသူများထဲတွင် ယောကျ်ားရော မိန်းမတပည့်များပါ ရှိလေရာ ယောကျ်ားလူနာ လာလျှင် ယောကျ်ားအကြောပြင်ဆရာများက ကုသပေးပြီး အမျိုးသမီးလူနာများ ရောက်လာပါက မိန်းမအကြောပြင်ဆရာများက ပြုပြင်ကုသပေးကြလေသည်။

ဆရာကြီးဦးဒိဗ္ဗလက်အောက်၌ လက်ထောက်အဖြစ် လုပ်ကိုင်နေသူတစ်ဦး ရှိသည်။

၎င်းမှာ ခင်ခင်ကြီးပင်ဖြစ်သည်။

ခင်ခင်ကြီးမှာ ဆရာကြီးဦးဒိဗ္ဗနှင့် သားချင်းတော်စပ်ပြီး မြန်မာဆန်ဆန် ကျက်သရေ ရှိလှသော မိန်းမချောတစ်ဦးဖြစ်လေသည်။

ခင်ခင်ကြီးမှာ အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး နက်မှောင်ရှည်လျားသော ဆံပင်ရှည်များက ဒူးဆစ်လောက်အထိ ရှိလေသည်။

ထိုဆံပင်ရှည်များကို နဖူးမှ နောက်သို့ သိမ်းတင်ထားပြီး တစ်ပတ်လျှို ထုံးကာ ရင်ညွန့်ပေါ်သို့ ပြန်ချထားသည်။

ဖြူဝင်းသောနဖူး၊ နက်မှောင်ထူထဲသောမျက်ခုံး၊ တောက်ပသည့် မျက်လုံးအစုံ၊ ပေါ်လွင်သောနှာတံနှင့် နီထွေးသောနှုတ်ခမ်းစသည်တို့မှာ မြန်မာဆန်ဆန် ကျက်သရေရှိစွာ ချောမောလှပသည့် မိန်းမချောတစ်ဦး၏သွင်ပြင်ကို ဖော်ပြလျက် ရှိနေသည်။

ကျော့ရှင်းသောလည်တိုင်၊ မို့မောက်သောရင်နှင့် အချိုးအစားကျလှသော ခန္ဓာကိုယ်မှာလည်း သူမ၏အလှကျက်သရေကို များစွာအထောက်အပံ့ဖြစ်စေသည်။

ခင်ခင်ကြီးမှာ အရောင်ရင့်သော ရင်စေ့အင်္ကျီ၊ လုံချည်တို့ကို အမြဲတစေ ဝတ်ဆင်သောကြောင့် ဖြူဝင်းသော အသားအရေကို ပိုမို



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွင်စေသည်။

သူမသည် သာမန်အမျိုးသမီးများထက် အရပ်အမောင်းရော၊ အလုံးအထည်ပါ မြင့်မားထွားကျိုင်းသူဖြစ်သည်။

ခင်ခင်ကြီးက ဆရာကြီး၏ယုံကြည်အားကိုးရသော လက်ထောက်တစ်ယောက်ဖြစ်သလို အကြောပြုပြင်ခြင်းပညာမှာလည်း များစွာကျွမ်းကျင်တတ်မြောက်သဖြင့် ဆရာကြီးက အစစ အရာရာ မျက်နှာလွှဲထားလေသည်။

တစ်နေ့သ၌ နေစကြာ နန်းတွင်းရုပ်မြင်သံကြား အကြောပြုပြင်ရာဌာန အဆောက်အဦးရှေ့သို့ မော်တော်ကားတစ်စီး ထိုးဆိုက်လာသည်။ မော်တော်ကားပေါ်မှ အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားသည့်လူရွယ်တစ်ဦး ဆင်းလာသည်။

၎င်းနောက်မှ နောက်လိုက်နောက်ပါ ဖြစ်ဟန်တူသော လူနှစ်ဦးလည်း ပါလာသည်။

ရှေ့မှ ဆင်းလာသောလူရွယ်မှာ ကုလားကပြား ဖြစ်ဟန် ရှိပြီး ရုပ်ရည်သွင်ပြင်ကတော့ ခက်ထန်ကြမ်းတမ်းဟန် ရှိလေသည်။

၎င်းနောက်မှ ပါလာသော လူနှစ်ယောက်တို့၏ပုံစံမှာလည်း ထိုအတိုင်းပင်ဖြစ်သည်။

လူရွယ်က အဆောက်အဦးအတွင်းသို့ ရောက်သောအခါ ဧည့်ခန်းစားပွဲမှာ ထိုင်နေသည့် ခင်ခင်ကြီးကို မြင်သွားသဖြင့် အနီးသို့ လျှောက်လာလေသည်။

ပြီးလျှင် စားပွဲပေါ်သို့ လက်ထောက်ကာ ကိုယ်ကို ရှေ့သို့ ကိုင်းကာ ခင်ခင်ကြီးကို စူးစူးရဲရဲ ကြည့်သည်။

"ဘာကိစ္စရှိလို့ပါလဲ"

"ဒါ . . အနှိပ်ခန်း မဟုတ်လား"

"အနှိပ်ခန်း မဟုတ်ပါဘူး၊ အကြောပြုပြင်တဲ့အခန်းပါ"





"ဟုတ်ပြီလေ. . . အကြောပဲပြုပြင်၊ ဘာပဲပြုပြင်ပေါ့၊ ကျုပ်က အနှိပ်ခံချင်လို့ လာတာပါ"

"ရှင် နေရာမှားနေပြီနဲ့တူတယ်၊ ဒီနေရာက သာမန်ဇိမ်ခံဖို့အတွက် နှိပ်ပေးနေတဲ့နေရာ မဟုတ်ပါဘူး၊ ရောဂါဖြစ်တဲ့လူတွေအတွက် ကုပေးနေတဲ့နေရာပါ"

"ဒီလိုဆိုလည်း ကျုပ်မှာ ရောဂါတစ်ခု ရနေတယ်၊ အဲဒါပျောက်အောင် ကုပေးပါ၊ ဒီရောဂါကလည်း ဒီနေရာရောက်မှ လောလောဆယ် ပေါ်လာတဲ့ရောဂါပဲဗျ"

ထိုလူက ခင်ခင်ကြီးကို ပြုံးစေ့စေ့နှင့် ကြည့်ကာ ပြောလိုက်သဖြင့် ခင်ခင်ကြီးမျက်နှာပေါ်မှာ ပန်းနုရောင်သမ်းသွားလေသည်။

"ရောဂါဖြစ်နေတော့လည်း ကုပေးရမှာပေါ့၊ ရှင့်နာမည် ဘယ်သူလဲ"

"ရစ်ချတ်ကျော်တင့် . . . အငြိမ်းစားတိုင်းမင်းကြီး သားပါ"

"အသက်ဘယ်လောက်ရှိပြီလဲ"

"(၃၀)တောင် မပြည့်သေးပါဘူး"

ခင်ခင်ကြီးက အချက်ပေးခေါင်းလောင်းကို နှိပ်လိုက်ရာ လက်ယာဘက်အခန်းမှ လူတစ်ယောက် ထွက်လာသည်။

"မောင်ဆင့် . . . သူ့ကို အကြောပြင်ပေးလိုက်ပါ"

ထိုအခါ ရစ်ချတ်ကျော်တင့်က ပျာပျာသလဲ ငြင်းလေသည်။

"ကျုပ်က သူနဲ့တော့ အကြောမပြင်ချင်ဘူး၊ ခင်ဗျားနဲ့ပဲ ပြင်ချင်တယ်၊ ပိုက်ဆံဘယ်လောက်ပေးရပေးရ ပေးပါမယ်"

ဟု ပြောသဖြင့် ခင်ခင်ကြီးက ခေါင်းညိတ်ပြသည်။

သူမ မျက်နှာပေါ်မှာ တင်းမာမှုများ ပေါ်လာလေသည်။

"ကောင်းပြီလေ. . . ရှင်က ကျွန်မနဲ့မှ အကြောပြင်ချင်တယ်ဆိုတော့လည်း ပြုပြင်ပေးပါ့မယ်၊ ဟိုဘက်အခန်းထဲကို သွားပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ လိုက်ကာတစ်ခု ကာရံထားသောအခန်း ရှိရာသို့ ခေါ်သွားလေသည်။

ထိုအခန်းထဲမှာ ကုတင်တစ်လုံးသာရှိပြီး ကုတင်ပေါ်မှာ ခေါင်းအုံးတစ်လုံးရှိသည်။

"ရှင့်ရဲ့အပေါ်အင်္ကျီတွေ ချွတ်ပြီး အဲဒီမှာ လှဲပါ"

ရစ်ချတ်ကျော်တင့်က သဘောကျသွားဟန်ဖြင့် အပေါ်အင်္ကျီများကို ချွတ်ပြီး ကုတင်ပေါ်မှာ လှဲချလိုက်သည်။

ပြီးမှ လွန်စွာပီတိဖြစ်နေသည့်မျက်နှာဖြင့် မေးသည်။

"မင်းက သိပ်ပြီးချောတာပဲ၊ နာမည်က ဘယ်လိုခေါ်သလဲဟင်"

"အခုတော့ မသိချင်ပါနဲ့၊ ခဏနေတော့ ပြောပြပါ့မယ်၊ အခုလောလောဆယ် ရှင့်ရဲ့ရောဂါကို အရင်ကုပေးရဦးမယ်"

"အို. . . ငါ့မှာ ဘာရောဂါမှ မရှိပါဘူး၊ မင်း သိပ်ချောတယ်လှတယ်ဆိုတဲ့ သတင်းကြားလို့ တမင်လာတာပါ၊ နာမည် ဘယ်သူလဲဟင်"

ထိုသို့ မေးနေစဉ်မှာပင် သူ့လက်တစ်ဖက်က ခင်ခင်ကြီး လက်တစ်ဖက်ကို ဖမ်းကိုင်လိုက်သည်။

ခင်ခင်ကြီးက အသာရုန်း၍ ၎င်း၏လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ရာ ထိုလက်မှာ ငြိမ်ကျသွားသည်။ တစ်ဆက်တည်းမှာပင် ရစ်ချတ်ကျော်တင့်၏အခြားလက်တစ်ဖက်ကိုပါ အသာအယာ နှိပ်ပေးလိုက်ရာ ထိုလက်လည်း လှုပ်မရတော့ပေ။

ရစ်ချတ်ကျော်ကင့်က ထိတ်လန့်စွာဖြင့် မော့ကြည့်နေစဉ် လည်ပင်းတစ်နေရာသို့ ဇာပ်မံနှိပ်ပေးလိုက်ရာ ပါးစပ်မှာ စကားမပြောနိုင်တော့ဘဲ ရွဲ့သွားလေတော့သည်။

ထိုအခါ ရစ်ချတ်ကျော်တင့်မှာ များစွာထိတ်လန့်တုန်လှုပ်သွားပြီး နေရာမှ ထရန် ကြိုးစားသော်လည်း လှုပ်မရတော့ပေ။





ခင်ခင်ကြီးက အခန်းအပြင်ထွက်သွားပြီး အပြင်မှာ စောင့်နေသည့် အဖော်နှစ်ယောက်ကို ခေါ်လိုက်သည်။

"ရှင်တို့လူရဲ့ရောဂါအခြေအနေက အတော်ကလေး ကျွမ်းနေပြီ၊ ဒီမှာတော့ ကုလို့မရနိုင်တော့ဘူး၊ ပြန်သာ ခေါ်သွားကြပါ"

ဟု ပြောလိုက်ရာ လူနှစ်ယောက်က အခန်းတွင်းသို့ ဝင်သွားပြီး လုံးဝမလှုပ်နိုင်တော့သော ရစ်ချတ်ကျော်တင့်ဆိုသူကို ပွေ့ယူသွားကြလေသည်။

ရစ်ချတ်ကျော်တင့်က ခင်ခင်ကြီးကို တောင်းပန်သောအကြည့်ဖြင့် ကြည့်နေရာ ခင်ခင်ကြီးက တစ်ချက်လှမ်းကြည့်ပြီး ပြုံးပြလိုက်သည်။

၎င်းတို့မော်တော်ကား ထွက်သွားပြီး အတန်ကြာတော့မှ ဆရာကြီးဦးဒိဗ္ဗက ခေါ်မေးလေသည်။

"စောစောကလူကို ဘယ်လို လုပ်လိုက်သလဲ"

"ကျွန်မကို အရှက်ရအောင် ပြောရုံမကဘူး၊ ကိုယ်ထိလက်ရောက် စော်ကားလို့ပါ ဆရာကြီး"

"တစ်ချက်လွှတ် လုပ်လိုက်တာလား"

"မဟုတ်ပါဘူး. . . ဖြေပေးရင် ရနိုင်တဲ့အဆင့်ပါပဲ"

ဆရာကြီးက ခေါင်းညိတ်ပြသည်။

"ဆေးခန်းကို ရောက်လာတဲ့သူတိုင်း မယုံနဲ့၊ မသင်္ကာစရာတွေ့ရင် ငါ့ကို ပြောပါ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဆရာကြီးဦးဒိဗ္ဗက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်နှင့် ခင်ခင်ကြီးလည်း အခန်းထဲမှ ပြန်ထွက်လာလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

# ဦးဒိဗ္ဗနှင့် အန္တရာယ်စက်ကွင်း

ယခုတစ်လော ဆရာကြီးဦးဒိဗ္ဗမှာ အကြောပြင်ခန်းကို လှည့်မကြည့်နိုင်လောက်အောင်ပင် အလုပ်များလျက်ရှိနေသည်။

ဆေးခန်းကိုမူ ခင်ခင်ကြီးနှင့်သာ မျက်နှာလွှဲထားလေသည်။ ၎င်းမှာမူ မိုးလင်းစကတည်းက ထွက်သွားပြီး မိုးချုပ်မှ ပြန်ရောက်လာလေ့ရှိသည်။

၎င်း၏အမူအယာမှာ လွန်စွာအရေးကြီးလှသောကိစ္စကို ဆောင်ရွက်နေရသကဲ့သို့ မျက်စိမျက်နှာလည်း မကောင်းလှပေ။

ခင်ခင်ကြီးကလည်း သူမနှင့် မသက်ဆိုင်သောကိစ္စမျိုးတွေ့တွေ့



www.burmeseclassic.com

www.burmeseclassic.com



ထူးထူး မေးမြန်းခြင်းမပြုပေ။

တစ်နေ့တွင် နေစကြာဆေးခန်းလိပ်စာဖြင့် စာတစ်စောင် ရောက်လာသဖြင့် ဖောက်ဖတ်ကြည့်လိုက်လေသည်။

နေစကြာဆေးကုခန်း

ဘင်္ဂလားနယ်မှ လာသော ကုန်သည်ကြီးတစ်ဦးမှာ ယခုအခါ ရန်ကုန်မြို့သို့ ရောက်ရှိနေပါသည်။ ၎င်းမှာ ဟော်တယ်တစ်ခုဌ တည်းခို နေစဉ် ညဘက်အချိန်တွင် လေဖြတ်သကဲ့သို့ ဖြစ်သွားပါသဖြင့် ကိုယ် တစ်ခြမ်းမှာ မလှုပ်ရှားနိုင်အောင် ဖြစ်သွားပါသည်။ ရန်ကုန်မြို့ပေါ်ရှိ ဆေးခန်းများမှ ဆရာဝန်များနှင့် အပ်နှံကုသပါသော်လည်း အကြောင်း မထူးဘဲ ရောဂါဖြစ်မြဲ ဖြစ်နေဆဲပင် ရှိပါသေးသည်။

မိတ်ဆွေများ၏ညွှန်ပြချက်မှာ လူကြီးမင်းတို့ ဖွင့်လှစ်ထားသော နေစကြာဆေးခန်းမှာ ယခုကဲ့သို့ ရောဂါမျိုးကို ပျောက်ကင်းအောင် ကုသပေးနိုင်ကြောင်း သိရပါသည်။

သို့ကြောင့် မနက်ဖြန် ညနေပိုင်းအချိန်တွင် ရောက်အောင် လာပြပါမည်။ ယခုကဲ့သို့ ကြိုတင်၍ စာရေးသားရခြင်းအကြောင်းမှာ ကုန်သည်ကြီးမှာ ဘင်္ဂလားဒေ့ရှ်၌ လွှမ်းစွာနာမည်ကြီးပြီး ဂုဏ်သတင်း ကျော်ကြားသူတစ်ယောက် ဖြစ်ပါသည်။

၎င်းအနေနှင့် ယခုကဲ့သို့ ရောဂါဖြစ်နေခြင်းကို လုံးဝလူသိမခံ လိုပါသောကြောင့် ကျွန်ုပ်တို့ လာရောက်မည့်အချိန်တွင် အခြားလူနာ များ မရှိစေဘဲ ဆေးခန်းနှင့် သက်ဆိုင်သူများသာ ရှိစေလိုပါသည်။ ထို့အတွက် ထိုက်တန်သော နစ်နာကြေးကို ပေးပါမည်ဟုလည်း ကတိ ပြုပါသည်။

ယခုကဲ့သို့ ကြိုတင်အကြောင်းကြားခြင်းအတွက် ခွင့်လွှတ်စေ ချင်ပါသည်။

မစ္စတာဘူတန်(အိန္ဒိယနိုင်ငံ)





ဟု ရေးသားထားသောစာဖြစ်သည်။

ထိုစာရောက်လာသောအချိန်မှာ ဆေးခန်း၌ ဆရာကြီးဦးဒိဗ္ဗ မရှိသောအချိန်ဖြစ်သဖြင့် ခင်ခင်ကြီးက ထိုအကြောင်းကို မည်သူ့ကိုမှ မပြောတော့ဘဲ စာကို စားပွဲအံဆွဲအတွင်းသို့ ထည့်ထားလိုက်လေသည်။

စိတ်ထဲမှာလည်း ထူးဆန်းမှု ရှိနေသည်ဟုတော့ ထင်မိလေ သည်။

သို့သော်လည်း နောက်တစ်နေ့နံနက်ပိုင်းနှင့် နေ့လည်ပိုင်းတွင် ရောက်လာသောလူနာများကိုသာ လက်ခံကုပေးပြီး မွန်းလွဲအချိန် ရောက်သောအခါ ဆေးခန်းကို ပိတ်ထားလိုက်လေသည်။

အချိန်မတန်သေးဘဲ ဆေးခန်းပိတ်သောကြောင့် အခြား တပည့်များက အံ့သြစွာ မေးသောအခါ. . .

"အရေးကြီးတဲ့လူနာတစ်ယောက် လာမှာမို့လို့ ဆေးခန်းနားကြ ဦး၊ အကြောင်းရှိရင် ခေါ်လိုက်မယ်"

ဟု ပြောလိုက်ရာ တပည့်များက ခြံဝန်းအတွင်းသို့ ၎င်းတို့ အတွက် ပေးထားသောအခန်းများသို့ ပျော်ရွှင်စွာ ပြန်သွားကြလေ သည်။

ဆေးခန်းအတွင်းမှာတော့ ခင်ခင်ကြီးနှင့် အခြားအဖော်တစ် ယောက်သာ ရှိသည်။

ညနေလေးနာရီအချိန်ခန့်တွင် ဆေးခန်းရှေ့သို့ မော်တော် ကားတစ်စီး ရပ်လာပြီးနောက် ကိုယ်တစ်ခြမ်း မလှုပ်နိုင်ဘဲ ဒရွတ်ဆွဲနေ သော အိန္ဒိယအမျိုးသားကြီးတစ်ဦးကို လူနှစ်ယောက်က တစ်ဖက်တစ် ချက် တွဲကာ ဆေးခန်းအတွင်း ခေါ်လာကြသည်။

လူနာကို ကုတင်ပေါ် တင်ပေးပြီး တစ်ယောက်က အခြေ အနေ ပြောပြရန် အနားမှာ စောင့်နေပြီး ကျန်တစ်ယောက်က အခန်း အပြင်သို့ ပြန်ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားပြန် ဖြစ်ဟန်တူသူက ဗမာစကားနှင့်ပင် အခြေအနေကို ပြောပြလေသည်။

ထိုအခိုက်မှာပင် ကုတင်ပေါ် တင်ထားသော လူနာအခြေအနေ ဆိုးလာသောကြောင့် ခင်ခင်ကြီးနှင့် အခြားတစ်ယောက်တို့က ရောဂါသက်သာအောင် ဂရုတစိုက် ကြည့်ရှုကုသပေးကြရသည်။

သို့သော်လည်း ရောဂါက သက်သာမှု မရှိပေ။

နံဘေးနားမှာ ရှိနေသည့် စကားပြန်မှာလည်း ဘာလုပ်ရမှန်း မသိဘဲ မျက်လုံးပြူးနေလေသည်။

အပြင်ထွက်သွားသူကလည်း ဝင်မလာပေ။

ခင်ခင်ကြီးနှင့် အဖော်မိန်းကလေးတို့မှာ အစွမ်းကုန် ကုသပေးသော်လည်း လူနာက မသက်သာဘဲ ရောဂါက ပိုဆိုးလာသည့်အပြင် အသက်ဘေးအန္တရာယ် ရောက်နိုင်လောက်သည့်အခြေအနေမျိုး ဖြစ်လာလေသည်။

သို့ကြောင့် နောက်ဆုံး ကြံရာမရတော့ဘဲ ဆရာကြီး ဦးဒိဗ္ဗ အနေနှင့် အရေးကြီးသော လူနာများအတွက် သီးသန့်ဆေးများဖြင့် ကုရန် သတိရသဖြင့် ဆေးများ ထားသော အပေါ်ထပ်သို့ တက်ခဲ့လေသည်။

ခင်ခင်ကြီးနောက်မှ အဖော်မိန်းကလေးကပါ လိုက်လာသောကြောင့် အောက်ထပ်အခန်းထဲမှာ ရောဂါသည်းနေသောလူနာနှင့် စကားပြန်သာ ကျန်ခဲ့လေသည်။

ဆရာကြီးဦးဒိဗ္ဗ ဆေးများ ထားသောအခန်းမှာ အပေါ်ထပ်ရှိ သီးသန့်အခန်းတွင်းမှာဖြစ်ပြီး ဆေးပုလင်းများစွာ ရှိသဖြင့် အလိုရှိသော ဆေးကို တော်တော်နှင့် ရှာမတွေ့နိုင်ဘဲ ရှိလေသည်။

ယခင်ကတော့ တစ်ကြိမ်နှစ်ကြိမ်ထက်မနည်း ထိုအခန်းသို့ ရောက်ဖူးပြီး ဆေးပုလင်းအတော်များများကို သိသော်လည်း ယခုအခါ





မှာတော့ စိတ်လောကြီးနေသောကြောင့် တော်တော်နှင့် ရှာမတွေ့နိုင်ခြင်းဖြစ်ပေသည်။

ထိုအခိုက်မှာပင် ဆေးခန်းရှေ့မှ မော်တော်ကားတစ်စင်း မောင်းထွက်သွားသော စက်သံကို ကြားလိုက်ရသည်။ ထိုအခါမှပင် ဆေးပုလင်းကို တွေ့သဖြင့် ကပျာကယာ ယူ၍ အောက်ထပ်သို့ ပြန်ဆင်းလာသောအခါ အခန်းတွင်း၌ ဘယ်သူမှ မရှိတော့ပေ။

ခင်ခင်ကြီးစိတ်ထဲမှာ မကျေနပ်သဖြင့် အပြင်သို့ ထွက်ကြည့်တော့လည်း အစအနမျှပင် မတွေ့ရတော့ပေ။ မိုးချုပ်ကာနီးအချိန် ရောက်သောအခါ အပြင်မှ ဆရာကြီးဦးဒိဗ္ဗ ပြန်လာပြီး ၎င်းအခန်းထဲ ဝင်သွားလေသည်။

အတန်ကြာတော့ ပြန်ထွက်လာပြီး ခင်ခင်ကြီးကို မေးသည်။

"ဆေးခန်း ဘယ်အချိန် ပိတ်သလဲ"

"စောစောကပါပဲ ဆရာကြီး"

"လူနာများနေလို့လား"

"မဟုတ်ပါဘူး ဆရာကြီး၊ ထူးထူးခြားခြား လူနာတစ်ယောက် ရောက်လာလို့ပါ"

ခင်ခင်ကြီးက အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။ သို့သော်လည်း သူမ ဆေးပုလင်း တက်ရှာနေစဉ် လူနာပြန်သွားသည် ဆိုသောအချက်ကိုတော့ ထည့်မပြောတော့ပေ။

ဆရာကြီးက ခင်ခင်ကြီးပြောသောစကားများကို နားထောင်ပြီး မျက်မှောင်ကျုံ့လျက် အတန်ကြာအောင် စဉ်းစားနေသည်။

ပြီးမှ. . .

"အေး. . အေး. . အခုအချိန်က ခေတ်ကာလက မကောင်းတော့ ကိုယ့်အလုပ် ကိုယ်လုပ်တယ်ဆိုပေမယ့် အစစ အရာရာ သတိ ဝီရိယလေးနဲ့ လုပ်ပါ၊ ကိုယ့်ဆေးခန်း လာတဲ့လူတိုင်းလည်း သိမယ်ပုံနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အချို့က ရောဂါရှိလို့ မဟုတ်ဘဲ အကြံအစည်နဲ့ လာတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒီတော့ အစစအရာရာ သတိလေးနဲ့ လုပ်ပါ"

"ဟုတ်. . ဟုတ်ကဲ့ ဆရာကြီး၊ ဒါထက် ဆရာကြီးမှာ တခြားအလုပ်တွေ အတော်များနေသလားဟင်"

"ဟုတ်တယ်. . . ဒီရက်ထဲမှာ အလုပ်နည်းနည်းများနေတယ်၊ ဘာဖြစ်လို့ မေးတာလဲ"

"ဟို. . ဟို. . တခြားတော့ မဟုတ်ပါဘူး၊ သိပ်ပြီးအရေးကြီးတဲ့ လူနာတွေ လာရင် ကျွန်မတစ်ယောက်တည်းနဲ့ မဖြစ်လို့ပါ"

"ဒီလိုပဲ ကြိုးစားပြီးလုပ်ပါ၊ မလုပ်ဖူးလို့ မလုပ်ဝံ့ဘဲ နေရင် ဘယ်ပညာမှ တတ်မှာမဟုတ်ဘူး၊ ဒီလိုပဲ တဖြည်းဖြည်း စမ်းလုပ်ရင်းနဲ့မှပဲ အလုပ်က ပေးတဲ့ အတွေ့အကြုံတွေ ရလာပြီး ကျွမ်းကျင်တဲ့သူတစ်ယောက်ဖြစ်လာမှာပေါ့"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်မ ကြိုးစားပါ့မယ်"

ဆရာကြီးဦးဒိဗ္ဗက ၎င်းအခန်းတွင်းသို့ ပြန်ဝင်သွားသဖြင့် ခင်ခင်ကြီးလည်း သူမနေထိုင်ရာ အခန်းရှိရာသို့ ပြန်လာခဲ့လေသည်။

နောက်တစ်နေ့မှာလည်း ဆရာကြီးဦးဒိဗ္ဗ မနက်ပိုင်းအချိန်ကတည်းက အပြင်သို့ ထွက်သွားရာ ဆေးခန်းကို ခင်ခင်ကြီးကပင် တာဝန်ယူကာ လုပ်ကိုင်ရလေသည်။

တစ်နေကုန် လူနာများကို ကုပေးပြီးနောက် ညနေပိုင်းအချိန် လူရှင်းသောအချိန်၌ မနေ့က လာသော မော်တော်ကား ရောက်လာပြန်လေသည်။

ကားကို ဆေးခန်းရှေ့မှာ ရပ်ပြီး လေဖြတ်ထားသောလူနာကို စကားပြန်နှင့် ကားမောင်းသူက တစ်ဖက်တစ်ချက် တွဲ၍ ဆေးခန်းထဲခေါ်လာကြသည်။

လူနာကို ကုတင်ပေါ် တင်ထားခဲ့ပြီးနောက် တစ်ယောက်က





အပြင်သို့ ထွက်သွားရာ အခန်းတွင်းမှာ လူနာနှင့် စကားပြန်သာ ကျန်ခဲ့သည်။

"ရှင်တို့ မနေ့က ဘယ်လိုဖြစ်ပြီး ပြန်သွားကြတာလဲ၊ ကျွန်မက ဆေးပုလင်း တက်ယူနေတုန်း ရှိသေးတယ်၊ ပြန်ဆင်းလာတော့ မရှိတော့ဘူး"

"စိတ်မရှိပါနဲ့ဗျာ. . . မနေ့က လူနာက အခြေအနေ အတော်ဆိုးတာတော့ ကျွန်တော်တို့လည်း စိတ်ပူပြီး မော်တော်ကားနဲ့ တင်သွားပြီး အခြားဆေးခန်းတစ်ခုမှာ အရေးပေါ် သွားပြနေကြလို့ပါ"

ခင်ခင်ကြီးက ဘာမှ ထပ်မပြောဘဲ လူနာကို စမ်းသပ်ကြည့်ရာ သွေးလေများက ပုံမှန်ရှိနေလေသည်။

"ဒီကနေ့တော့ အခြေအနေ အတော်ကောင်းသွားပါလား"

"ဟုတ်တယ်. . . မနေ့က နိုင်ငံခြားပြန် ဆရာဝန်ကြီးတစ်ယောက်နဲ့ တွေ့လို့ ကုသပေးလိုက်တာနဲ့ အခုလို အခြေအနေ ပြန်ကောင်းလာတာပါ၊ ဒါပေမယ့် အကြောတွေ ထုံထိုင်းနေသေးတာကြောင့် နည်းနည်းတော့ ပြုပြင်ပေးပါဦး"

ဟု တောင်းပန်ပြောဆိုသဖြင့် လူနာရှင် စိတ်ကျေနပ်အောင် အကြောပြုပြင်ပေးပြီးနောက် မနေ့က အဆင်သင့် ဆောင်ထားသည့် ဆေးပုလင်းကိုပါ ပေးလိုက်တော့ ကျေနပ်သွားကြကာ ဆေးဖိုးအပြင် အကြောပြင်ခအတွက် သတ်မှတ်ထားသည့်ငွေထက် ပိုမိုကာ ပေးပြီး ပြန်သွားကြလေသည်။

ထိုနေ့ကတော့ အတော်ကလေး ညဉ့်နက်တော့မှ ဆရာကြီးဦးဒိဗ္ဗ ပြန်ရောက်လာသည်။

သူသည် အခန်းပြန်ရောက်သည်နှင့် အခြေအနေ ပျက်နေသည့် အခန်းအခြေအနေကို မြင်သောအခါ တပည့်တစ်ယောက်ကို လွှတ်၍ ခင်ခင်ကြီးကို အခေါ်ခိုင်းရာ လိုက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဆရာကြီး"

"ဒီမှာ. . . ငါ့ရဲ့အခန်းအခြေအနေကို ပြချင်လို့ပါ"

ဟု ပြောပြီး အခန်းတံခါးကို ဖွင့်လိုက်တော့မှ အခန်းထဲသို့ တစ်စုံတစ်ယောက် ဝင်သွားဟန်ဖြင့် ခြေရာလက်ရာများ ပျက်နေသည်ကို တွေ့ရလေသည်။

"ဟင်. . . ဒါက ဘယ်လိုဖြစ်တာလဲ ဆရာကြီး၊ သူခိုးဝင်သွားတာများလား"

ခင်ခင်ကြီးက အထိတ်တလန့် မေးလိုက်သည်။

"မနေ့က မော်တော်ကားနဲ့ လူသုံးယောက် ထပ်လာသေးတယ် မဟုတ်လား"

"လာ. . လာသေးတယ် ဆရာကြီး"

"သူတို့လက်ချက်ပဲ ဖြစ်မှာပေါ့၊ ဒီလူသုံးယောက်ဟာ အကြံသမားတွေဖြစ်ပြီး တစ်စုံတစ်ခုအကြံနဲ့ ဒီကို ရောက်လာတယ်ဆိုတာတော့ အသေအချာပဲ"

ခင်ခင်ကြီးမှာ မျက်လုံးပြူးသွားသည်။

"ရောဂါဖြစ်တဲ့လူကို စမ်းကြည့်တော့ ဘာရောဂါမှ မတွေ့ရဘူး မဟုတ်လား"

"ဟုတ်. . ဟုတ်တယ် ဆရာကြီး၊ မနေ့တော့ ကျွန်မလည်း သွေးပူနေတာနဲ့ သေသေချာချာ မစမ်းလိုက်မိဘူး၊ ဒီကနေ့မှ စမ်းကြည့်တော့ သူ့မှာ ဘာရောဂါမှ မတွေ့ရဘူး"

"ဒီလူတွေဟာ အကြံသမားတွေ ဖြစ်တယ်ဆိုတာ ငါ ထင်တာ မှန်နေပြီ"

"ဘာပစ္စည်းတွေ ပါသွားသေးလဲ ဆရာကြီး၊ ပုလိပ်ကို အကြောင်းကြားလိုက်ရင် ကောင်းမယ်ထင်တယ်"

"ပုလိပ်ကိုတော့ တိုင်လို့ မဖြစ်သေးဘူး၊ တော်ကြာ ဘာမှ





မဟုတ်ဘဲ အကြောင်းမရှိ အကြောင်းရှာပြီး ခြေလာရှုပ်နေကြလိမ့်မယ်၊ အဖိုးတန်တဲ့ပစ္စည်းလည်း အပျောက်အရှတော့ မရှိပါဘူး၊

နောက်ကိုသာ သတိဝီရိယနဲ့ လုပ်ကြဖို့ အရေးကြီးတယ်"

"စိတ်ချပါ ဆရာကြီး"

"ကဲ. . . သွားတော့. . . သွားတော့"

ဟု ပြောသဖြင့် ခင်ခင်ကြီးလည်း ပြန်သွားလေသည်။ ထိုအခါမှ ဦးဒိဗ္ဗလည်း ၎င်းအခန်းတွင်းသို့ ဝင်ပြီး ဂျက်ထိုး၍ ပိတ်လိုက်သည်။

ထို့နောက် အခန်းတွင်းမှ ဖရိုဖရဲဖြစ်နေသော ပစ္စည်းများကို လိုက်လံကြည့်နေလေသည်။

လောလောဆယ် အနေအထားအရတော့ အခန်းတွင်း ဝင်ရောက်သွားသူမှာ မည်သည့်ပစ္စည်းကိုမှ ယူငင်သွားခြင်း မရှိသော်လည်း တစ်စုံတစ်ခုကိုတော့ သဲကြီးမဲကြီး မွှေနှောက်ရှာဖွေသွားဟန်ရှိသည်။

တစ်နေရာ ရောက်တော့ ဆေးပုလင်းတစ်ပုလင်းအောက်မှာ ဖိထားသော စာတစ်စောင်ကို တွေ့ရသဖြင့် ယူကြည့်လိုက်လေသည်။

"သုံးယောက်ပေါင်းတော့ လောင်းကျော်တယ်၊
သုံးယောက်မပေါင်းရင်တော့ အလောင်းပေါ်ဖို့သာ
မြင်ထားပေတော့...

နေရှိယကိုက်း"

ဟု ရေးထားလေသည်။

ထိုစာကို မြင်သောအခါ ဦးဒိဗ္ဗမှာ များစွာတုန်လှုပ်သွားလေသည်။

၎င်းအခန်း၏နံရံတစ်နေရာတွင် လူတစ်ယောက်၏ရုပ်ပုံကားချပ်ကြီးတစ်ချပ် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရိုးနှင့်အကြော တည်နေရာများနှင့် နှိပ်ကွက်များကိုပါ နံပါတ်စဉ်နှင့်တကွ ဖော်ပြထားသော ရုပ်ပုံကားချပ်ကြီးဖြစ်ပေသည်။

ထိုရုပ်ပုံကားချပ်ကြီးကို ကတ်ထူအမာစားဖြင့် ပြုလုပ်ထားပြီး လူတစ်ယောက် ရပ်နေသကဲ့သို့ ထောင်ထားခြင်းဖြစ်သည်။

ထိုရုပ်ပုံကားချပ်ကြီး၏အခြေအနေမှာ ယိုယွင်းနေဟန်ရှိသဖြင့် အနားသွား၍ လက်ဖြင့် ကိုင်ကြည့်လိုက်သောအခါ လည်ပင်းနေရာမှ ပြတ်ကာ အောက်သို့ ပြုတ်ကျသွားလေတော့သည်။

ထိုအခြေအနေကို မြင်တော့ ဦးဒိဗ္ဗက အထိတ်တလန့်ဖြင့် နောက်သို့ ဆုတ်လိုက်လေသည်။

ခေါင်းပြတ်သွားသော ရုပ်ပုံကားချပ်ကြီးကို ကြည့်ပြီး စိတ်ထဲမှာလည်း အတော်ကလေး ချောက်ချားသွားသည်။

သူ့အတွက် အန္တရာယ်စက်ကွင်းကတော့ ချဉ်းနင်းဝင်ရောက်လာပြီဖြစ်တော့သည်။

အပြင်ဘက်၌မူ အမှောင်ထုများနှင့်အတူ တိတ်ဆိတ်ငြိမ်သက်ခြင်းက မင်းမူလျက်ရှိနေတော့သည်။







# အခန်း(၁၀)

## ပင့်ကူနက်နှင့်သေမင်းရနံ့အဆိပ်

ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် မောင်းလာသော မော်တော်ကားသည် ပြည်လမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ သွားနေလေသည်။

ကားပေါ်မှာ ဒေါက်တာမင်းထင်ကျော်နှင့်အတူ ဦးဗန်ကောင်းလည်း ပါလာလေသည်။

ကိစ္စရှိလျှင် အကူအညီရစေရန် ဦးဗန်ကောင်းကိုပါ တစ်ပါတည်း ဝင်ခေါ်ခဲ့သော်လည်း အကျိုးအကြောင်းပင် မပြောခဲ့ရသေးပေ။

"အခု ဘယ်သွားမှာလဲ မောင်ထင်ကျော်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟံသာဝတီအဝိုင်းနားက နေစကြာဆိုတဲ့ အကြောပြုပြင်တဲ့ ဆေးခန်းတစ်ခုကို သွားမလို့ အဘရဲ့"

"အကြောပြုပြင်တာများ မောင်ထင်ကျော်ရယ်၊ တခြားနေရာများ တကူးတက သွားနေရတယ်လို့၊ ကျုပ်လည်း ဒီပညာတွေကို အတော်အသင့် တတ်ကျွမ်းနေတာပဲ၊ ကျုပ်ကို ပြုပြင်ခိုင်းလည်း ရနေတာပဲ၊ ဘာရောဂါဖြစ်နေလို့လဲ"

"ဘာရောဂါမှ မဖြစ်ပါဘူး အဘရဲ့"

ဒေါက်တာမင်းထင်ကျော်က ကားမောင်းရင်းနှင့် သဘောကျစွာ ပြုံးရင်း ပြောလိုက်သည်။

"ဒါဖြင့် ဘာကြောင့် သွားမှာလဲ"

"ကိစ္စတစ်ခု ရှိလို့ပါ"

"မောင်ထင်ကျော်တို့ အခုတလော ဘာတွေလုပ်နေတာလဲ၊ ကျုပ်လည်း သိပါရစေ"

"စုံထောက်မောင်ကျော်စွာ အကူအညီတောင်းတာနဲ့ အမှုတစ်ခု လိုက်ပေးနေတယ်၊ စိတ်ဝင်စားဖို့ ကောင်းပါတယ်"

ထိုအခါမှ ဦးဇန်ကောင်းမှာ သဘောပေါက်သွားဟန် ရှိလေသည်။

"မောင်ထင်ကျော်ကတော့ တကယ့်လူပဲ၊ စွန့်စားရမယ့်အလုပ်မှန်သမျှ အားလုံး စိတ်ဝင်စားနေတော့တာပဲ၊ ဒါထက် နေပါဦး၊ ကျုပ်က ဘုမသိဘမသိနဲ့ လိုက်လာရတာဆိုတော့ ဘယ်နေရာက ပါဝင်ရမှာလဲ"

"အကြောင်းတစ်ခုခု ပေါ်လာရင် အဘက ကျွန်တော့်ကို အကူအညီပေးရုံပါပဲ"

ဦးဇန်ကောင်းက သဘောပေါက်သွားဟန်ဖြင့် ခေါင်းညိတ်ပြကာ ကွမ်းတမြုံ့မြုံ့ ဝါးကာ ငြိမ်သက်စွာ လိုက်ပါလာလေသည်။

ဒေါက်တာမင်းထင်ကျော်နှင့် လက်တွဲဖော်များမှာ တစ်





ယောက် ဘာလုပ်နေသည်ကို သိရုံနှင့် ၎င်းတို့ ဘယ်နေရာမှ ဝင်ရောက်အကူအညီပေးရမည်ကို အလိုလို သိကြလေသည်။

သို့အတွက်ကြောင့်လည်း တစ်ယောက်နှင့်တစ်ယောက် နားလည်မှု ရှိကြကာ ယခုကဲ့သို့ နှစ်ပေါင်းများစွာကြာအောင် လက်တွဲနိုင်ခဲ့ကြခြင်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က ၎င်းမောင်းလာသော မော်တော်ကားကို မြေနီကုန်းလမ်းဆုံ ကျော်လွန်လာကတည်းက အရှိန်လျှော့ကာ မောင်းနှင်လာရင်းနှင့် လမ်းဘေးသို့လည်း မျက်ခြည်မပြတ် ကြည့်လာလေသည်။ မြေနီကုန်းနှင့် ဟံသာဝတီအဝိုင်းမှာ မဝေးလှသောကြောင့် ဟံသာဝတီအဝိုင်းနားမှာ ရှိသည်ဆိုသော နေစကြာဆေးခန်းကို ရှာဖွေလာခြင်းဖြစ်ပေသည်။

ထိုသို့ မောင်းလာရင်းမှ ဟံသာဝတီအဝိုင်းနား ရောက်လာသောအခါ ခြံကျယ်ကြီးတစ်ခြံရှေ့တွင် ချိတ်ဆွဲထားသည့်ဆိုင်းဘုတ်ကို တွေ့ရသဖြင့် မော်တော်ကားကို ဖွင့်ထားသော တံခါးပေါက်မှတဆင့် အတွင်းသို့ မောင်းဝင်လာသည်။

"နေစကြာ နန်းတွင်းရုပ်မြင်သံကြား အကြောပြုပြင်ဌာန" ဟူသော ဆိုင်းဘုတ်တပ်ထားသည့် အဆောက်အဦး ရှိသောနေရာသို့ ရောက်သောအခါ မော်တော်ကားကို ရပ်ကာ နှစ်ယောက်သား ကားပေါ်မှ ဆင်းကြသည်။

သူတို့ အတွင်းသို့ ရောက်သောအခါ အကြောပြုပြင်ရန် အလှည့်စောင့်နေသည့် တစ်ယောက်နှစ်ယောက်သာ တွေ့ရသည်။

ဧည့်ကြိုနေရာတွင် စားပွဲတစ်လုံးနှင့် အမျိုးသမီးတစ်ယောက် ထိုင်နေသဖြင့် ထိုနေရာသို့ လျှောက်သွားသည်။ ထိုနေရာ၌ ထိုင်နေသူမှာ ခင်ခင်ကြီးဖြစ်သည်။ ခင်ခင်ကြီးက ဒေါက်တာမင်းထင်ကျော်တို့ နှစ်ယောက် ဝင်လာကတည်းက အကဲခတ်သလို ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ မော်တော်ကားရပ်သံ ကြားသဖြင့် ဆရာကြီးဦးဒိဗ္ဗကလည်း ဂုဏ်အခန်းပြတင်းပေါက်မှ မသိမသာ လှမ်းကြည့်နေသည်။

"အကြောပြုပြင်ဖို့လားရှင်"

"ဟုတ်ပါတယ်"

"ဘယ်လိုရောဂါမျိုး ဖြစ်နေတာပါလဲ"

"ခေါင်းတစ်ခုလုံး လေးလံထိုင်းမှိုင်းပြီး မကြည်မလင် ဖြစ်နေလို့ပါ"

"ရှင့်ကြည့်ရတာ အတော်ပင်ပန်းနေပုံရတယ်၊ အရင်က ဒီမှာလာပြီးအကြောပြုပြင်ခဲ့ဖူးလား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းခါပြသည်။

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

"ဒေါက်တာမင်းထင်ကျော်ပါ"

ခင်ခင်ကြီးက စာရေးနေရင်းမှ တစ်ချက်မော့ကြည့်သည်။

"ရှင်က ဆရာဝန်တစ်ယောက်လား"

"မဟုတ်ပါဘူး"

"ဒီဆေးခန်းကို ဘယ်သူလမ်းညွှန်ပေးလိုက်တာလဲ"

"မိတ်ဆွေတစ်ယောက်က လမ်းညွှန်လိုက်တာပါ၊ နောက်တစ်ချက်က ကျွန်တော်နဲ့ သိဖူးတဲ့အမျိုးသမီးတစ်ယောက်လည်း ဒီမှာရှိတယ်ဆိုလို့ပါ"

"နာမည်က ဘယ်သူလဲ"

"သုံးပန်လှပါ"

ထိုစကားကြောင့် ခင်ခင်ကြီးမျက်လုံးမှာ အရောင်လက်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်ကို စူးစူးရဲရဲ တစ်ချက်ကြည့်ပြီး နောက်ထပ် ဆက်မမေးတော့ပေ။





ထိုအခိုက်မှာပင် မိန်းကလေးတစ်ယောက် စားပွဲနား လာရပ်ပြီး ပြောသည်။

"မမ. . . အခုရောက်နေတဲ့လူနာကို ဆရာကြီးက သူကိုယ်တိုင် ကြည့်ရှုပေးမှာမို့ အခန်းထဲကို ပို့လိုက်ပါလို့ ပြောပါတယ်"

မိန်းကလေးက ဒါပဲပြောပြီး ပြန်ထွက်သွားသည်။

"ရှင်ကံကောင်းတာပဲ. . . ကျွန်မတို့ ဆရာကြီးက သူကိုယ်တိုင်ကြည့်ပေးမယ်တဲ့၊ သူ့အခန်း သွားကြရအောင်"

ဟု ပြောကာ ခင်ခင်ကြီးက ဒေါက်တာမင်းထင်ကျော်ကို ခေါ်သွားသဖြင့် နောက်မှ လိုက်သွားလေသည်။

ဦးပန်ကောင်းကတော့ ခုံတန်းလျားတစ်ခုပေါ်မှာ ထိုင်စောင့်ရင်း ကျန်ခဲ့လေသည်။

"ဆရာကြီးအခန်းထဲမှာ ဆေးပုလင်းတွေ ထားတာဆိုတော့ ဆေးနံ့တွေကို ရှင်ခံနိုင်မှာ မဟုတ်ဘူး၊

အခန်းထဲ ရောက်လို့ ဆေးနံ့မခံနိုင်ရင် လက်ကိုင်ပုဝါ သုံးပေါ့"

လမ်းမှာတင် ခင်ခင်ကြီးက တိုးတိုးပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြသည်။

ဦးဒိဗ္ဗအခန်း ရောက်တော့ သူတစ်ယောက်တည်း အခန်းထဲဝင်သွားပြီး ခင်ခင်ကြီးက ပြန်လှည့်သွားသည်။

သူ အတွင်းရောက်တော့ ဦးဒိဗ္ဗက တံခါးကို ပြန်ပိတ်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်က ဦးဒိဗ္ဗကို တစ်ချက်ကြည့်လိုက်သည်။

အသားဖြူဖြူ၊ ပိန်ပိန်ပါးပါး အရပ်အမောင်းကောင်းပြီး ဥပဓိရုပ်ခန့်ညားသူတစ်ယောက်ဖြစ်သည်။

ဦးခေါင်းပေါ်မှ ထုံးထားသော ဆံထုံးကို သေသပ်စွာဖြီးသင်



www.burmeseclassic.com

www.burmeseclassic.com



ထားကာ ဆီများ လိမ်းထားသောကြောင့် နက်ပြောင်လျက် ရှိနေသည်။

"ဘာရောဂါဖြစ်တာပါလဲ"

ဦးဒိဗ္ဗက လေသံတိုးတိုးဖြင့် မေးရာ ဒေါက်တာမင်းထင်ကျော်က ရှေ့မှာ ပြောခဲ့သည့်အတိုင်း ရောဂါအခြေအနေကို ပြောပြလိုက်သည်။

"အပေါ်အင်္ကျီ ချွတ်ပြီးတော့ ဟိုကုတင်ပေါ်မှာ မှောက်လျက် အိပ်ပေးပါ"

ဟု ပြောသဖြင့် အပေါ်အင်္ကျီကို ချွတ်ပြီး ကုတင်ပေါ်မှာ မှောက်လျက်အနေအထား လှဲချလိုက်သည်။

လက်ထဲမှာတော့ အင်္ကျီထဲမှ ထုတ်ယူထားသော လက်ကိုင်ပုဝါတစ်ထည်ကို အဆင်သင့် ကိုင်ထားသည်။

ခေါင်းအုံးပေါ်သို့ မျက်နှာအပ်လိုက်သည်နှင့် သင်းပျံ့သောရနံ့တစ်ခုက နှာခေါင်းထဲ ဝင်လာသည်။

သို့ကြောင့် လက်ကိုင်ပုဝါဖြင့် နှာခေါင်းကို ပိတ်ထားလိုက်သည်။

"ဘာဖြစ်လို့လဲကွယ့်"

"ကျွန်တော်က ရင်ကျပ်ရောဂါ ရှိပါတယ်၊ အနံ့ပြင်းတာတွေဆိုရင် မခံနိုင်လို့ပါ"

"အော်. . ."

ဦးဒိဗ္ဗက ဘာမှဆက်မမေးတော့ပဲ ဦးခေါင်းအပါအဝင် တစ်ကိုယ်လုံးရှိ အကြောများကို အတန်ကြာအောင် ပြုပြင်ပေးသည်။

"နာမည် ဘယ်လိုခေါ်ပါသလဲ"

"ဒေါက်တာမင်းထင်ကျော်ပါ"

"ကိုမင်းထင်ကျော်က အမှုထမ်းတစ်ယောက်လား"

"မဟုတ်ပါဘူး. . . အပြင်လူတစ်ယောက်ပါ"





"အပြင်မှာ လုပ်ကိုင်စားသောက်တော့ လွတ်လပ်မှု ရှိတာပေါ့ကွယ်၊ နောက်ပြီး အေးအေးနေလို့ရတာပေါ့"

"မှန်ပါတယ်"

"ဒါထက် ဆရာဝန်ရော လုပ်ခဲ့ဖူးသလား"

"မလုပ်ခဲ့ပါဘူး. . . ဒါပေမယ့် ဆေးဝါးတွေနဲ့ ပတ်သက်ရင်တော့ စိတ်ဝင်စားပါတယ်၊ အထူးသဖြင့် အဆိပ်နဲ့ ပတ်သက်တဲ့ အစွမ်းသတ္တိတွေကို စိတ်ဝင်စားပါတယ်"

"ဘာကြောင့်လဲကွယ်"

"အဆိပ်ဆေးက မသုံးတတ်ရင်သာ ဘေးဖြစ်ပေမယ့် သုံးတတ်ရင် အတော်ကလေး အစွမ်းသတ္တိ ရှိတာမျိုး ရှိပါတယ်"

ဦးဒိဗ္ဗက စကားသံ ထွက်မလာတော့ဘဲ အကြောပြုပြင်ခြင်းအလုပ်ကို့ လက်စသတ်လိုက်လေသည်။

ပြီးသောအခါမှ ဒေါက်တာမင်းထင်ကျော်က ပြန်ထကာ နှာခေါင်းနှင့် မျက်နှာနေရာမှာ အုပ်ထားသော လက်ကိုင်ပုဝါကို ဖယ်လိုက်သည်။

ပြီးမှ အင်္ကျီပြန်ဝတ်သည်။

"သက်သာရဲ့လားကွယ့်"

"ဟုတ်ကဲ့. . . သက်သာပါတယ်"

"ဒါပေမယ့် ရောဂါက အမြစ်မပြတ်သေးဘူး၊ တစ်ရက်တော့ လာရဦးမယ်"

"ဘယ်နေ့ လာရမလဲ ဆရာကြီး"

"တနင်္ဂနွေနေ့ တစ်ရက်က ဆေးခန်းနားတော့ လူရှင်းတယ်၊ အဲဒီနေ့ကျရင် လာခဲ့ပါလား၊ တစ်ယောက်တည်း သီးသန့်ပြုပြင်ပေးလို့ရတာပေါ့"

"ကျေးဇူးပါပဲ. . . ကျွန်တော်လာခဲ့ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ အခန်းအပြင်သို့ ပြန်ထွက်လာသည်။

ခင်ခင်ကြီးစားပွဲရှေ့ ရောက်သောအခါ သူမ မြင်သာအောင် ကိုင်ထားသော လက်ကိုင်ပုဝါကို အိတ်ထဲ ပြန်ထည့်လိုက်သည်။

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဆရာကြီးက တနင်္ဂနွေနေ့ လာခဲ့ဖို့ ချိန်းထားပါသေးတယ်"

"အဲဒီနေ့က ဆေးခန်းပိတ်တာပဲ"

"ဆေးခန်းပိတ်တဲ့ရက်မှာ သီးသန့်ကြည့်ပေးချင်တယ်လို့ ပြောပါတယ်"

"ရှင်လည်း ရောဂါအခြေအနေ သက်သာသွားမှပဲ၊ မလာချင်လည်း မလာပါနဲ့လား"

သူမ၏လှပသောမျက်နှာပေါ်မှာ စိုးရိမ်သောက ရှိနေမှုများ တစွန်းတစ ပေါ်နေသည်။

"ရပါတယ်. . . ကျွန်တော်က သုံးပန်လှနဲ့လည်း တွေ့ချင်သေးတာကြောင့် လာခဲ့ပါ့မယ်"

ဟု ပြောကာ ကျသင့်ငွေကို ရှင်းပြီး ဦးဇန်ကောင်းကို ခေါ်ကာ ပြန်ထွက်လာကြလေသည်။

ကားဖြင့် ပြန်လာရာ အိမ်သို့ ပြန်ရောက်သောအခါ အဆင်သင့် စောင့်နေသည့် စုံထောက်ကျော်စွာကိုပါ တွေ့ရသည်။

"ဘယ်လိုလဲ ဆရာ၊ အခြေအနေ ဘယ်လိုထူးသလဲ၊ သုံးပန်လှဆိုတဲ့အမျိုးသမီးနဲ့ တွေ့ခဲ့ပြီလား"

"ဖြေးဖြေးပေါ့ ကိုကျော်စွာရယ်"

ဒေါက်တာမင်းထင်ကျော်တို့ အိမ်တွင်း ရောက်ပြီး ကုလားထိုင်မှာ ဝင်ထိုင်သောအခါ စုံထောက်ကျော်စွာက အလောတကြီး မေးလိုက်ခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က စီးကရက်ကို မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာလိုက်ပြီးမှ စကားပြန်ဆက်သည်။





"အခု သွားတာတော့ သုံးပန်လှဆိုတဲ့ အမျိုးသမီးနဲ့တော့ မတွေ့ခဲ့ရသေးဘူး၊ လောလောဆယ် သေမင်းကျော့ကွင်းနဲ့ တွေ့ခဲ့ရလို့ မနည်းရှောင်ခဲ့ရတယ်"

"ဘယ်လိုတွေ့တာလဲ ဆရာရဲ့. . . ပြောပါဦး"

ထိုစကားကြားတော့မှ အတူတူသွားသော ဦးဇန်ကောင်းကပါ စိတ်ဝင်စားပြီး လှမ်းကြည့်သည်။

ဒေါက်တာမင်းထင်ကျော်က ကုတ်အင်္ကျီနံဘေး အိတ်အတွင်းမှာ ထည့်ထားသော လက်ကိုင်ပုဝါအဖြူကလေးကို ပြန်ထုတ်လိုက်သည်။

"ရော့. . . နမ်းကြည့်ပါဦး"

စုံထောက်ကျော်စွာက လက်ကိုင်ပုဝါကို နမ်းကြည့်သည်။

"သင်းသင်းကလေး မွှေးနေသလိုပဲ"

ဦးဇန်ကောင်းကပါ ယူ၍နမ်းကြည့်သည်။

"ဒီရနံ့မျိုး ကြုံဖူးတယ်၊ ဒီမွှေးတဲ့ပုံက သာမန်ရနံ့မွှေးတာနဲ့ မတူဘူး"

"အမှန်ပေါ့. . . သေမင်းရနံ့လို့ ခေါ်တဲ့ အဆိပ်ရနံ့ပါပဲ"

"ဒီရနံ့က ဘယ်နေရာက ပါလာတာလဲ"

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က အကြောင်းစုံ ပြောပြလေသည်။

"နေစကြာ အကြောပြင်အခန်းကို သွားတဲ့ရည်ရွယ်ချက်က မဂိုလမ်းက အကြားအမြင်ဆရာ ချန္ဒရာ သဲလွန်စ ပေးလိုက်တဲ့ သုံးပန်လှဆိုတဲ့ အမျိုးသမီးကို ရှာဖို့ပါပဲ၊ နေစကြာဆေးခန်းဟာ တကယ်လို့ နေရိယဂိုဏ်းနဲ့ ပတ်သက်နေတယ်ဆိုရင်တော့ ကျွန်တော့်အတွက် အန္တရာယ် မကင်းဘူးဆိုတာ ကြိုသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် သိတာလဲ"

"တလောက နေရိယဂိုဏ်းက ကျွန်တော့်ဆီကို ခြိမ်းခြောက်စာ တစ်စောင် ပို့ခဲ့သေးတယ်လေ"

"အော်. . . ဒီလိုကိုး"

"ဆေးခန်းရောက်လို့ တကယ်လို့ ကျွန်တော့်ကို ဒုက္ခပေးမယ် ဆိုရင် တခြားနည်းနဲ့တော့ ပေးမှာ မဟုတ်ဘူး၊ လူတစ်ကိုယ်လုံး မလှုပ်နိုင်အောင် အကြောပိတ်ပြီး ဒုက္ခပေးမယ်လို့ ထင်ထားခဲ့တာ"

"ဒါကြောင့် ကျုပ်ကိုပါ ခေါ်သွားတာကိုး၊ တကယ်လို့ အကြောပိတ်လိုက်ရင် ပြန်ဖွင့်ပေးလို့ ရအောင် မဟုတ်လား"

"ဦးဗန်ကောင်း ပါတော့ အကြောပိတ်ထားခဲ့ရင်လည်း ပူစရာ မလိုဘူးပေ့။ ဦးဗန်ကောင်းကလည်း နန်းတွင်းသမားတော်တစ်ယောက် ဆီမှာ ကျွမ်းကျင်တဲ့အထိ သင်ယူထားခဲ့တာပဲလေ"

"ဆက်ပြောပါဦး"

ဒေါက်တာမင်းထင်ကျော်က သောက်လက်စ စီးကရက်ကို ခွက်ထဲသို့ ပြန်ချလိုက်ပြီးမှ စကားဆက်သည်။

"အခန်းထဲ ရောက်တော့ ကျွန်တော် မျှော်လင့်ထားသလို အကြောပိတ်ပြီး ဒုက္ခမပေးဘဲ အဆိပ်နံ့တွေနဲ့ ဒုက္ခပေးတော့တာကိုး၊ ကျွန်တော်အိပ်မယ့် ခေါင်းအုံးပေါ်မှာ အဆိပ်ရည်တွေ သုတ်ထားတယ်၊ ဒီအဆိပ်မျိုးက စားမှ သေတဲ့အဆိပ်မျိုး မဟုတ်ဘူး၊ နှစ်ကြိမ်သုံးကြိမ် လောက် သေသေချာချာ အနံ့ခံလိုက်မိရင် သေစေတဲ့အဆိပ်မျိုးပဲ"

"ဆရာက ဘယ်လိုသိသလဲ"

"အခန်းထဲ မဝင်ခင် သွယ်ဝိုက်တဲ့နည်းနဲ့ သတိပေးလိုက်တာ ကြောင့်အပြင် ကျွန်တော်ကလည်း အဆိပ်အကြောင်းတွေကို အတော် ကလေး သိထားလို့ပါ"

"ဆရာ့ကို ဘယ်သူက သတိပေးလိုက်တာလဲ"





"အခန်းပေါက်ဝမှာ တွေ့တဲ့ အမျိုးသမီးကပါပဲ"

"ဒါဖြင့် သုံးပန်လှဆိုတာ သူများ ဖြစ်နေမလားပဲ"

"ဒါတော့ အတပ်ပြောလို့ မရသေးဘူး၊ သူတို့ ချိန်းထားတဲ့ တနင်္ဂနွေနေ့မှာတော့ သိချင်သိနိုင်တယ်"

"အဆိပ်က ဘယ်လိုအဆိပ်မျိုးလဲ ဆရာ"

"ဒေသခံတွေကတော့ သေမင်းရနံ့လို့ပဲ အလွယ်တကူ ခေါ်ကြတယ်၊ အဲဒီအဆိပ်နံ့ကို ရှူမိတာနဲ့ သေရတာဆိုတော့ သူတို့ ပေးတဲ့ နာမည်နဲ့လည်း လိုက်ပါတယ်"

ဟု ပြောကာ ဒေါက်တာမင်းထင်ကျော်က နေရာမှ ထကာ စာဖတ်ခန်းထဲသို့ ဝင်သွားလေသည်။

စာအုပ်စင်ပေါ်ရှိ စာအုပ်များထဲမှ အဆိပ်နှင့် ပတ်သက်၍ သီးသန့်မှတ်သားထားသော စာအုပ်ကို ယူလာပြီး သေမင်းရနံ့အဆိပ် အကြောင်းကို ရေးမှတ်ထားသည့် စာမျက်နှာကို လှန်ပြလေသည်။

"သေမင်းရနံ့ဟု ခေါ်သော အဆိပ်အကြောင်း"

မြန်မာနိုင်ငံတောင်ဘက်ယွန်းယွန်း၌ ကျွန်းစုအမြောက်အမြား ရှိလေသည်။

ရှေးအခါက တစ်ကျွန်းကျသော နှစ်ကြီးအကျဉ်းသမားများကို ပို့သော ကိုကိုးကျွန်းများအကြောင်းလောက်သာ လူသိများသော်လည်း ထိုကျွန်း၏တောင်ဘက်၌ ကပ္ပလီကျွန်းစုများဟု ခေါ်သော ကျွန်းစု အများအပြား ရှိပေသေးသည်။

ရှေးအခါက ထိုကျွန်းစုများ၌ လူနေထိုင်ခြင်း မရှိဘဲ လူသား စားသည့် ရေဘီလူးဟု ခေါ်သည့် စမင်များ ရှိပေသည်။

ကျွန်းပေါ်၌ တောနက်ကြီးများ ရှိပြီး ထူးဆန်းသော သားရဲ တိရစ္ဆာန်များလည်း ရှိပေသည်။

ထိုကျွန်းများ၌ အဆိပ်ပြင်းသော ပင့်ကူနက်တစ်မျိုး ရှိပေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုပင့်ကူနက်မှာ ကြီးမားလှသောကြောင့် ခြေတစ်ချောင်း၏ အလျားမှာပင် (၃)တောင်ခန့် ရှိပေသည်။

ထိုပင့်ကူသည် အစာအတွက် တိရစ္ဆာန်များကို ဖမ်းဆီးရာမှာ ပင့်ကူမျှင်များဖြင့် ဖမ်းဆီးခြင်း မဟုတ်ဘဲ အဆိပ်ဖြင့် ဖမ်းဆီးလေ့ ရှိသည်။

ၾငင်းသည် ယုန်၊ မြွေ၊ ရှဉ့်၊ ငှက်မျိုးစုံတို့ကို ဖမ်းယူစားသောက် လေသည်။

အခြားပင့်ကူများက ပင့်ကူမျှင်များဖြင့် အိမ်ဖွဲ့ကာ ဖမ်းဆီးကြ သော်လည်း ထိုပင့်ကူနက်ကတော့ ၎င်းကိုယ်မှ ထွက်သည့် အဆိပ်ငွေ့ ဖြင့် ဖမ်းဆီးသတ်ဖြတ်လေသည်။

ထိုပင့်ကူ၏သားကောင်ဖမ်းပုံမှာ ဤသို့ဖြစ်သည်။ သစ်ပင်ပေါ် ၌ နားနေသည့် ငှက်တစ်ကောင်ကို တွေ့မြင်ပါက ယင်းပင့်ကူသည် ငှက်ရှိသောနေရာ၏လေညာအရပ်ဘက်သို့ လျှို့ဝှက်စွာ သွားပြီးလျှင် ၎င်းပါးစပ်အတွင်းမှ အဆိပ်ခိုး အဆိပ်ငွေ့များကို မှုတ်ထုတ်လေသည်။

ထိုအဆိပ်ရနံ့မှာ ပြင်းထန်မှု မရှိဘဲ မွှေးကြိုင်သင်းပျံ့ သောအနံ့ ရှိလေသည်။

ငှက်သည် ထိုမွှေးပျံ့သောရနံ့ကို ရသည်နှင့် နှစ်သက်ခံစားမှု ဖြစ်ကာ တော်တော်နှင့် ထမပျံနိုင်ဘဲ ရှိလေသည်။

အချိန်ကြာလာသောအခါ လုံးဝမလှုပ်နိုင်လောက်အောင် ရှိကာ လုံးဝမပျံနိုင်တော့ပေ။

ထိုအခါမှ ပင့်ကူက အနားသို့ သွားကာ ငှက်ကို အလွယ်တကူ ဖမ်းယူစားသောက်လေသည်။

အခြား ယုန်၊ ရှဉ့်၊ မြွေ အစရှိသော တိရစ္ဆာန်များကိုလည်း အဆိပ်ငွေ့ လွှတ်ကာ အလွယ်တကူ ဖမ်းယူစားသောက်နိုင်ပေသည်။





ထိုပင့်ကူသည် ချေ၊ ဖွတ် စသောအကောင်များကိုပင် ဖမ်းယူ နိုင်သည်။

ထိုအဆိပ်ငွေ့ကို လူတို့ အချိန်ကြာမြင့်စွာ ရှူမိပါက သွေးလေ ပြောင်းလဲရုံမက စိတ်ပါပြောင်းလဲသွားစေသည်။

မူလစိတ်ပျောက်ပြီး ရူးချင်သလို နှမ်းချင်သလို မတည်မငြိမ် ဖြစ်လာရုံမက ကြမ်းတမ်းခက်ထန်စိတ်များ ဝင်လာပြီး သတ်ချင်ဖြတ်ချင် စိတ်များ ပေါ်လာတတ်ပေသည်။

ကြာကြာရှူမိပါက မူလစိတ် လုံးဝပျောက်ကာ သွက်သွက် လည်အောင် ရူးသွားရုံမက နောက်ဆုံးသတိမေ့မြောကာ အသက်သေ ဆုံးမှုဖြစ်လေသည်။

ထိုပင့်ကူမျိုး၏ထူးခြားသော အဆိပ်ငွေ့အကြောင်းကို ကျွန်း ပေါ်သို့ မုန်တိုင်းမိ၍ ရောက်သွားသော သင်္ဘောသားများက တွေ့ရှိရာ မှ ယူဆောင်လာခဲ့ကြောင်း မှတ်တမ်းများက ဖော်ပြထားလေသည်။

မှတ်တမ်းက ထိုနေရာတွင် ပြီးဆုံးသွားလေသည်။

"သူသုံးတဲ့အဆိပ်က အဲသည်လို အဆိပ်မျိုးလား"

"အမှန်ပါပဲ. . . သေမင်းရနံ့ အဆိပ်ငွေ့ပါပဲ"

"ဒါဖြင့် သူက အဆိပ်တွေအကြောင်းကို သုတေသန လုပ်မိလို့ အလုပ်က အထုတ်ခံရတဲ့ ဦးနေရောင်ဆိုတဲ့လူနဲ့များ ဆက်စပ်မှု ရှိနေ ရော့သလား"

စုံထောက်ကျော်စွာက သူ၏ထင်မြင်ချက်ကို ပြောသည်။

"ဒါကတော့ အတပ်ပြောလို့ မရသေးဘူး၊ မကြာခင် အဖြေ ထွက်လာတော့မှာပါ။ သုံးပန်လှဆိုတဲ့ အမျိုးသမီးနဲ့ တွေ့ရရင်တော့ အတော်ကလေး ပြည့်စုံသွားမှာပါ"

"ဒါထက် သူချိန်းထားတဲ့ တနင်္ဂနွေနေ့မှာ ဆရာသွားလို့ ဖြစ်ပါ့ မလား"



www.burmeseclassic.com

"စိတ်မပူပါနဲ့. . . အစစအရာရာ အသေးစိတ် စီမံပြီးမှ သွားကြတာပေါ့"

ဒေါက်တာမင်းထင်ကျော်က စုံထောက်ကျော်စွာနှင့် ဦးဗန်ကောင်းတို့အား ပြုလုပ်ရမည့် အစီအစဉ်များကို တစ်ခုချင်း ပြောပြလေသည်။







# အခန်း(၁၁)

# နေရိယဂိုဏ်းသားများ ရောက်လာခြင်း

နောက်တစ်နေ့ လူရှင်းသောအချိန်တွင် ခင်ခင်ကြီး ရှိရာသို့ လူရွယ်တစ်ယောက် ရောက်လာပြီး စာတစ်စောင် ပေးသဖြင့် ဖွင့်ကြည့်လိုက်သည်။

"ည(၈)နာရီအချိန်မှာ ဟံသာဝတီအဝိုင်းကို တစ်ယောက်တည်း လာခဲ့ပါ"

သုံးပန်လှနဲ့ တွေ့ချင်သူ"



www.burmeseclassic.com

www.burmeseclassic.com



စာက ထိုမျှသာပင်ဖြစ်လေသည်။

သို့သော်လည်း သူမ၏ရင်ခုန်နှုန်းက အတန်ကြာအောင် ဖြစ်နေလေသည်။

ထို့နောက် ပတ်ဝန်းကျင် အခြေအနေကို ကြည့်ပြီး စာကို ဖျက်ဆီးပစ်လိုက်လေသည်။

ထိုနေ့က တစ်နေကုန် အလုပ်လုပ်ရတာ စိတ်မဖြောင့်နိုင်ဘဲ ရှိနေပြီး မြန်မြန်မိုးချုပ်ပါစေဟုသာ ဆုတောင်းနေမိသည်။

(၈)နာရီထိုးကာနီးသောအခါ မီးမှိတ်၊ အခန်းတံခါးကို ပိတ်ကာ အပြင်သို့ ထွက်လာခဲ့သည်။

အပြင်ဘက်မှာ အလင်းရောင် မရှိပေ။

လရောင်ကလည်း မရှိ၊ လမ်းမီးရောင်ကလည်း သစ်ပင်ရိပ်များဖြင့် ကွယ်နေသောကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်နေလေသည်။

ခြံစည်းရိုးမှ အပြင်သို့ ထွက်လိုက်သည်နှင့် အမှောင်ရိပ်အတွင်းမှ အရိပ်မည်းကြီး ထွက်လာသည်။

ခင်ခင်ကြီးမှာ များစွာ ထိတ်လန့်ကြောက်ရွံ့နေသဖြင့် ထိုနေရာမှ ထွက်သွားရန် ပြင်လိုက်သည်နှင့် အရိပ်မည်းကြီးက ရှေ့မှ ရပ်လိုက်သည်။

"မင်းဘယ်သွားမယ်ဆိုတာ ငါသိတယ်၊ ဒါပေမယ့် ချိန်းထားတဲ့အတိုင်း သွားတွေ့လိုက်ပါ။

ဒါပေမယ့် ငါ့အကြောင်းနဲ့ ငါ့ရဲ့လျှို့ဝှက်ချက်တွေကို ပြောလာခဲ့မယ်ဆိုရင်တော့ အသက်ရှင်ခွင့် မပေးနိုင်ဘူး. . . ကြားလား"

ဟု အသံခပ်အုပ်အုပ်ဖြင့် ပြောကာ အရိပ်မည်းကြီးက အမှောင်ထဲသို့ ပြန်ဝင်သွားလေသည်။

ခင်ခင်ကြီးမှာ ကြောက်လွန်းသဖြင့် အသားများပင် တဆတ်ဆတ် တုန်နေလေသည်။





အတန်ကြာတော့မှ ထိုနေရာမှ ထွက်လာလေသည်။

ညအချိန်ဖြစ်သဖြင့် ဟံသာဝတီအဝိုင်းနားတွင် လူသွားလူလာ မရှိတော့ပေ။

တစ်ခါတစ်ရံ ကားတစ်စီးတစ်လေသာ ဖြတ်သွားလေသည်။

အဝိုင်းနား ရောက်တော့ ခင်ခင်ကြီးက ရပ်၍ ဟိုဟိုဒီဒီ ကြည့်နေစဉ် သူမနှင့် မနီးမဝေးနေရာမှ လူတစ်ယောက် ထွက်လာသည်။

သက္ကလပ်ဦးထုပ်ကို ခပ်စိုက်စိုက် ဆောင်းထားပြီး လောင်းကုတ်အင်္ကျီရှည်ကို ဝတ်ထားသည်။

သူက အနားရောက်လာသောအခါ လေသံတိုးတိုးဖြင့် ပြောသည်။

"သုံးပန်လှ မဟုတ်လား"

"ရှင် ဘယ်သူလဲ"

"ဒေါက်တာမင်းထင်ကျော်ပါ"

"ကျွန်မအကြောင်းကို ဘယ်လိုသိနေတာလဲ"

"အတွင်းလူတစ်ယောက်က လက်ထောက်ချလို့ သိတာပါ"

"အခု ကျွန်မကို တွေ့ဖို့ ချိန်းတာ ဘာအတွက်လဲ"

"ဟိုတစ်နေ့က မင်း ကြိုတင်သတိပေးလို့ အသက်ဘေးက သီသီလေး လွတ်ခဲ့ရတာကို ကျေးဇူးတင်ပါတယ်"

ခင်ခင်ကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါပဲလား"

"နောက်တစ်ချက်က အန္တရာယ်တွေကြားမှာ နေရတာ မင်းအတွက်လည်း စိုးရိမ်မိပါတယ်"

"ဒါကတော့ ကျွန်မရဲ့ဘဝအကြောင်းပဲပေါ့"

"ကျွန်တော့်ကို နေရိယဂိုဏ်းနဲ့ ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေ ပြောပြစေချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ခင်ကြီးက ပတ်ဝန်းကျင်ကို စိတ်မချသလို တစ်ချက်ကြည့်လိုက်သည်။

"ဒီနေရာမှာတော့ ပြောဖို့ မသင့်ဘူး ထင်တယ်"

"ကျွန်တော့်မှာ မော်တော်ကား ပါလာတယ်၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါ၊ ပြီးရင် ပြန်ပို့ပေးပါ့မယ်"

ဟု ဒေါက်တာမင်းထင်ကျော်က ခင်ခင်ကြီးလက်ကို တွဲ၍ ကားရှိရာသို့ ခေါ်သွားပြီးနောက် ခဏကြာသောအခါ ထိုနေရာမှ မော်တော်ကားတစ်စီး မောင်းထွက်သွားလေတော့သည်။

ထိုအခါ အမှောင်ရိပ်ထဲမှ သူတို့အခြေအနေကို စောင့်ကြည့်နေသော အရိပ်မည်းကြီးက တောက်တစ်ချက် ခေါက်လိုက်လေသည်။

"တောက်. . . သစ္စာဖောက်မ၊ ပြန်လာမှပဲ ငါ့အကြောင်း သိရစေမပေါ့"

ဟု ကြိမ်းမောင်းကာ အဆောက်အဦး ရှိရာဘက်သို့ ပြန်သွားလေသည်။

အရိပ်မည်းကြီးမှာ ဦးဒိဗ္ဗ နေသောအခန်းထဲသို့ ဝင်သွားကာ အခန်းထဲ ရောက်သောအခါ အပေါ်မှ ဝတ်ဆင်ထားသော အဝတ်မည်းကြီးကို ဖယ်လိုက်သည်။

အခြားလူ မဟုတ်ပေ. . .။

ဦးဒိဗ္ဗပင်ဖြစ်ပေသည်။

ဦးဒိဗ္ဗသည် ဒေါသထွက်လွန်းသောကြောင့် မေးကြောကြီးများ ထောင်ထလာသည်အထိ အံကြိတ်ထားလေသည်။ အခန်းတွင်းမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း လက်သီးနှစ်ဖက်ကိုလည်း ကျစ်ကျစ်ပါအောင် ဆုတ်ထားသည်။

ခင်ခင်ကြီးသည် သူနှင့် သားချင်းမကင်းရုံမက ငယ်စဉ်ကတည်းက ပညာများကို သင်ကြားပေးခဲ့သည်။ နောက်ပိုင်း အတန်





အသင့် ပညာစုံလာသောအခါ ၎င်း၏လက်ထောက်အဖြစ် ထားကာ လျှို့ဝှက်ချက်အတော်များများကိုလည်း အသိပေးခဲ့လေသည်။

ယခုအခါ သူ မနှစ်သက်သောအလုပ်များကို ဖွတ်တိုးလုပ်လာခဲ့ခြင်းဖြစ်သည်။

အတန်တန် သတိပေးသည့်ကြားမှ ယခု စည်းဖောက်ခဲ့သောကြောင့် သည်းမခံနိုင်အောင် ဖြစ်နေလေသည်။

"ဝမ်းနဲ့မလွယ် သားမမယ်ဘဝမျိုးဆိုတော့ နင့်ကိုလည်း မညှာနိုင်တော့ဘူး. . . တွေ့ကြပြီပေါ့"

ဟု အံတကြိတ်ကြိတ်ဖြင့် ကြိမ်းမောင်းနေလေသည်။ အချိန်မှာလည်း တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းသို့ ရောက်လာလေပြီ။

ပတ်ဝန်းကျင်မှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ဦးဒိဗ္ဗမှာ အခန်းတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေဆဲပင် ရှိသေး၏။

ထိုအချိန်မှာပင် လမ်းမဘက်မှ မော်တော်ကားတစ်စီး ရပ်သံကို ခပ်သဲ့သဲ့ ကြားလိုက်ရသည်။

ဦးဒိဗ္ဗက ခင်ခင်ကြီး ပြန်လာသည်ဟု ထင်လိုက်သည်။

ခဏကြာတော့ သူ့အခန်းတံခါး တဖြည်းဖြည်း ပွင့်သွားတော့မှ မဟုတ်မှန်း သိရတော့သည်။

တစ်ကိုယ်လုံး ရုပ်ဖျက်၍ အဝတ်မည်းကြီးများ ခြုံထားသော လူနှစ်ယောက် အခန်းတွင်းသို့ ဝင်လာသည်။

အချို့က အခန်းပေါက်ဝမှာ စောင့်နေကြသည်။

ထိုလူနှစ်ယောက်ကို မြင်လိုက်သောအခါ ဦးဒိဗ္ဗမှာ များစွာ ထိတ်လန့်တုန်လှုပ်သွားလေသည်။

"ဖေဖျော့နဲ့ သူရိယ"

ဦးဒိဗ္ဗက တိုးတိုးလေး ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ငါတို့နာမည်တွေတော့ မှတ်မိသေးသားပဲ နေရောင်ရဲ့"

"နေရိယဂိုဏ်းဆိုတာ နေရောင်ရယ်၊ သူရိယရယ်၊ ဇေယျရယ် ပေါင်းမှ ပြည့်စုံတာ မဟုတ်လားကွာ၊ အခုတော့ မင်းက ငါတို့နှစ်ယောက်နဲ့ လမ်းခွဲပြီး တစ်ကိုယ်တော် စွန့်စားနေတယ်ပေါ့လေ"

ရောက်လာသူနှစ်ယောက်၏နာမည်မှာ ဇေယျနှင့် သူရိယ ဖြစ်ပြီး ဦးဒိဗ္ဗ၏လျှို့ဝှက်အမည်မှာ နေရောင်ပင်ဖြစ်၏။

သုံးယောက်ပေါင်းပြီး နေရိယဂိုဏ်း ထူထောင်ကာ နှစ်အတန်ကြာကပင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည်။

နောက်ပိုင်း ဦးဒိဗ္ဗဟု အမည်ပြောင်းထားသော နေရောင်က ထိုနှစ်ယောက်နှင့် လမ်းခွဲကာ တစ်ကိုယ်တော် လှုပ်ရှားခဲ့လေသည်။

အိုဟာစီး ချင်းနီးဘဏ်ကင်း ကော်ပိုရေးရှင်းဘဏ် အနုကြမ်းစီးသောအလုပ်မှာ ဦးဒိဗ္ဗ အမည်ခံ နေရောင် တစ်ကိုယ်တော် လှုပ်ရှားသွားခဲ့သောအမှုပင်ဖြစ်သည်။

နေရောင်ဆိုသူမှာ အခြားမဟုတ်ပေ။

လွန်ခဲ့သောငါးနှစ်ကျော်ကာလက ကူးစက်ရောဂါ ကာကွယ်ရေးဌာန၌ ဒေါက်တာစမစ်၏လက်ထောက်တစ်ယောက် ဖြစ်ခဲ့ပြီး အဆိပ်နှင့် ပတ်သက်ပြီး သုတေသနပြုလုပ်ခြင်းကြောင့် အလုပ်မှ အထုတ်ခံရသူဖြစ်သည်။

အလုပ်မှ ထုတ်လိုက်စဉ်ကာလ၌ အကျပ်အတည်း များစွာကြုံခဲ့ရပြီးနောက်ပိုင်း ကပ္ပိယဦးသူရိယ၊ ဦးဇေယျဆိုသူတို့နှင့် ပေါင်းမိပြီး ဒုစရိုက်လုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့ကြပေပြီ။

သူတို့သုံးယောက်ထဲမှာ ဦးနေရောင်က ပညာလည်း တတ်၊ အကြံအစည်လည်း ကောင်းသောကြောင့် အမှုအတော်များများမှာ အောင်မြင်ခဲ့ပေသည်။





နောက်ပိုင်းမှာတော့ ၎င်းတို့ ထူထောင်ခဲ့သော နေရိယဂိုဏ်းမှာ တစ်စတစ်စနှင့် နာမည်ကြီးလာပြီး ပုလိပ်နှင့် စုံထောက်များ၏ အာရုံစိုက်မှုကိုပင် ခံလာရရုံမက ထိုဂိုဏ်းကို ဖမ်းမိရန် သဲကြီးမဲကြီး လိုက်လာသောအခါ သုံးယောက်စလုံး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ခြေရာဖျောက်နေခဲ့ကြသည်။

ထို့နောက်ပိုင်းမှာတော့ ဦးနေရောင်က ကျန်နှစ်ယောက်နှင့် မတွဲတော့ဘဲ တစ်ကိုယ်တော် သီးသန့်နေပြီး အချိုးကြီး ရနိုင်မည့်ကိစ္စများကို ကျူးလွန်ခဲ့လေသည်။

ထိုအခါ ကျန်နှစ်ယောက်က မကျေနပ်ကြတော့ပေ။

"မင်းက တစ်ယောက်တည်း ဘဏ်အနုကြမ်းစီးသွားတာ အောင်မြင်သွားပေမယ့် နာမည်ထွက်တော့ နေရိယဂိုဏ်းနာမည်ပဲ ထွက်ခဲ့တယ်၊ ဒီတော့ ငါတို့နှစ်ယောက်က အလိုလိုနေရင်း အမှုလာပတ်နေတာပေါ့"

"ဒါကြောင့် ငါတို့ကလည်း စုံထောက်နဲ့ ပုလိပ်တွေကို မင်းရဲ့ သဲလွန်စတွေ ပေးပြီး တမင်လမ်းညွှန်ပေးလိုက်တာပဲ"

"အော်. . . စုံထောက်နဲ့ ပုလိပ်တွေ ငါ့ကို ခြေရာခံမိသွားတာ လက်စသတ်တော့ မင်းတို့လက်ချက်ကိုး၊ တလောက ငါ့ရဲ့အခန်းကို ဝင်မွှေသွားတာလည်း မင်းတို့ပဲ မဟုတ်လား"

"ဟုတ်တယ်. . . ဘဏ်အနုကြမ်းစီးတုန်းက ရသွားတဲ့ ရွှေနဲ့ ငွေတွေ ငါတို့ လိုချင်တယ်၊ အခု ထုတ်ပေးပါ"

"အော်. . . မင်းတို့က သူခိုးလက်က သူဝှက် လုယူချင်ကြတာကိုး၊ တကယ်လို့ မပေးဘူးဆိုရင်ကောကွာ"

"မပေးရင်တော့ မင်းအသက်နဲ့ လဲရမှာပေါ့"

ဦးဒိဗ္ဗက အတန်ကြာအောင် စဉ်းစားနေသည်။

ပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆိုရင် ဒီရွှေနဲ့ငွေတွေက ငါ့အစွမ်းအစနဲ့ ရထားတာဆိုတော့ မင်းတို့နဲ့ ဘာမှမဆိုင်ဘူး၊ ဒါပေမယ့် အတူတူ လက်တွဲခဲ့တဲ့လူတွေဆိုတော့လည်း ပေးရမှာပေါ့ကွာ၊ ဒါပေမယ့် အခုတော့ မဟုတ်သေးဘူး"

"ဘယ်တော့ ပေးမှာလဲ"

"ငါ တစ်နေရာမှာ ဝှက်ထားတယ်၊ မင်းတို့နှစ်ယောက် လက်ထောက်ချထားလို့ အခုအချိန်မှာ ပုလိပ်နဲ့ စုံထောက်တွေလည်း ခြေရှုပ်နေတယ်၊ တနင်္ဂနွေနေ့ ညပိုင်းမှာ ဒီကိုပဲ လာခဲ့ကြ၊ ငါရထားတဲ့ရွှေငွေတွေကို ခွဲပေးမယ်၊ ပြီးရင် ငါလည်း ခြေရာဖျောက်တော့မယ်"

"မင်း ကတိတည်ပါစေနော်၊ ဉာဏ်များမယ်တော့ မကြံလေနဲ့၊ ငါတို့လူတွေက မင်းကို အမြဲစောင့်ကြည့်နေကြတာ"

ဦးဒိဗ္ဗက သဘောကျစွာ ပြုံးလိုက်သည်။

"မင်းလူတွေ ဘယ်လောက်ပဲ စောင့်ကြည့်နေပေမယ့် ငါ ရုပ်ဖျက်ပြီး ထွက်သွားရင် မသိနိုင်ပါဘူး၊ ဒါပေမယ့် ငါက အချင်းချင်းတွေအပေါ်မှာ ဘယ်တော့မှ သစ္စာမဖျက်ပါဘူး"

ထိုအခါမှပင် ဦးဇေယျနှင့် ဦးသူရိယတို့နှစ်ယောက်မှာ စိတ်ကျေနပ်သွားပြီး ပြန်သွားကြလေတော့သည်။

အရက်တက်ကာနီးအချိန်လောက်မှာ ခင်ခင်ကြီး ပြန်ရောက်လာသည်။

ဦးဒိဗ္ဗက ခင်ခင်ကြီးကို သူ့အခန်းသို့ ခေါ်၍မေးသည်။

"အခုမှ ပြန်လာတာလား"

"ဟုတ်ပါတယ် ဆရာကြီး"

"နင်နဲ့ ချိန်းတွေ့တာ ဘယ်သူလဲ၊ ဟိုတစ်နေ့က ဆေးခန်းကို လာတဲ့လူ မဟုတ်လား၊

ဒေါက်တာမင်းထင်ကျော်ဆိုတဲ့လူ မဟုတ်လား"





"ဟုတ်ပါတယ်"

"သူက ဘာရောဂါမှ မရှိဘဲ ဆေးခန်းကို လာနေတယ်ဆိုတာရော သိရဲ့လား၊ သူက စုံထောက်ဖြစ်ချင်ဖြစ်၊ မဖြစ်ရင် ပုလိပ်စုံထောက်တွေနဲ့ အဆက်အသွယ်ရှိတဲ့ လူတစ်ယောက်ဆိုတာ ငါသိတယ်၊

နင် သူ့ကို ဘာတွေ ပြောလိုက်ပြီလဲ"

"ကျွန်မအကြောင်းတွေကိုပဲ မေးတာပါ၊ ဆရာကြီးအကြောင်းနဲ့ ပတ်သက်ပြီး ဘာမှ မပြောပါဘူး"

ခင်ခင်ကြီးစကားကို ဦးဒိဗ္ဗက မယုံကြည်ပေ. . .။

"အေးလေ. . . ဘာပဲဖြစ်ဖြစ် ငါက နင့်ရဲ့ကျေးဇူးရှင် တစ်ယောက်ဆိုတာတော့ မမေ့နဲ့၊ ငါ့ဖာသာ ကောင်းသည်ဖြစ်စေ ဆိုးသည်ဖြစ်စေ နင့်ပေါ်မှာ ကောင်းခဲ့တာကိုတော့ အသိပဲ မဟုတ်လား"

"သိ. . သိပါတယ် ဆရာကြီး"

"တနင်္ဂနွေနေ့မှာ သူ လာမယ် မဟုတ်လား"

"ဆရာကြီး ချိန်းထားတာဆိုတော့ သူလာမှာပါ"

"သူ လာရင် ငါကိုယ်တိုင် အကြောပြင်ပေးမယ်၊ ရောဂါမရှိဘဲ လာနေတာဆိုတော့ ရောဂါတကယ်ရှိသွားအောင် လုပ်ပေးလိုက်ရမှာပေါ့"

"ဒီလိုလုပ်ရင် ပြဿနာတွေ ပိုများလာနိုင်ပါတယ် ဆရာ ကြီး"

"နင် ငါ့ကို မိကျောင်းမင်း ရေကင်းပြနေစရာ မလိုဘူး၊ ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို အေးအေးသာ နေပါ. . . နင်သွားပေတော့"

ဟု ပြောသဖြင့် ခင်ခင်ကြီးမှာ အခန်းတွင်းမှ ပြန်ထွက်ခဲ့လေသည်။

သူမအနေနှင့် ဦးဒိဗ္ဗနှင့် နေလာခဲ့သည်မှာ ကြာပြီဖြစ်သောကြောင့် သူ့အကြောင်းကို အသိဆုံးဖြစ်ရာ ဒေါက်တာမင်းထင်ကျော်အတွက် များစွာစိုးရိမ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက စိုးရိမ်စိတ် များနေသောကြောင့် တစ်ရေးမျှပင် အိပ်မပျော်နိုင်ခဲ့ပေ။

အရှေ့ဘက်မှ အရုဏ်ဦး အလင်းရောင်များ ဖြာထွက်လာချေပြီ။







# အခန်း(၁၂)

## ဂမ္ဘာဦးက အချစ်ဆေး

တနင်္ဂနွေနေ့တွင် နေစကြာဆေးခန်း ပိတ်သဖြင့် လူရှင်းနေသည်။

အခြားဝန်ထမ်းများလည်း ၎င်းတို့အတွက် အားလပ်သောရက်တွင် အပြင်သွားနေကြသဖြင့် တစ်ယောက်မှ မရှိကြပေ။

ဆရာကြီးဦးဒိပ္ပနှင့် ခင်ခင်ကြီးတို့နှစ်ယောက်သာ ရှိသည်။ ခင်ခင်ကြီးမှာမူ မကြာခင် ဖြစ်လာမည့် အဖြစ်အပျက်များအတွက် များစွာစိုးရိမ်ထိတ်လန့်နေသည်။

"ဘာမှ ဟန်အမူအယာ မပျက်စေနဲ့၊ ငါပြောတဲ့အတိုင်းသာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပါ၊ တစ်ချက်ကလေး လွဲသွားတာနဲ့ ငါ သည်းမခံဘူး၊ အခုအခြေ အနေမျိုး ရောက်မှတော့ နင့်ကို အရင်သတ်ရလည်း ဝန်မလေးတော့ဘူး”

ဟု ကြိမ်းမောင်းထားရာ ခင်ခင်ကြီးမှာ မလှုပ်ဝံ့အောင် ရှိလေသည်။

နံနက်(၉)နာရီအချိန်လောက်တွင် ဆေးခန်းရှေ့သို့ မော်တော်ကားတစ်စီး ရောက်လာပြီး ဆေးခန်းအပေါက်ဝနှင့် မနီးမဝေးမှာ ရပ်သည်။

ခါတိုင်းလို ဆေးခန်းအပေါက်ဝမှာ မရပ်ဘဲ မနီးမဝေးမှာ ရပ်သဖြင့် မော်တော်ကားအတွင်းမှာ မည်သူမည်ဝါ ပါလာသည်ကို မမြင်ရပေ။

ကားပေါ်မှ ဆင်းလာသူကတော့ ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့ နှစ်ယောက်သာဖြစ်သည်။

၎င်းတို့နှစ်ယောက်ကို ဆရာကြီးဦးဒိဗ္ဗကိုယ်တိုင် အပေါက်ဝလာကြိုကာ အတွင်းသို့ ခေါ်သွားလေသည်။

အတွင်းရောက်သည်နှင့် ဦးဇန်ကောင်းကို အပြင်မှာ စောင့်ခိုင်းထားပြီး ဒေါက်တာမင်းထင်ကျော်ကို ၎င်း၏သီးသန့်အခန်းထဲသို့ ခေါ်သွားလေသည်။

အခန်းထဲ ရောက်သောအခါ တံခါးကို ဂျက်ချ၍ ပိတ်လိုက်လေသည်။

“ရောဂါအခြေအနေ ဘယ်လိုနေသေးလဲ ကိုမင်းထင်ကျော်”

“နည်းနည်းတော့ သက်သာသွားပါပြီ ဆရာကြီး”

“ကျုပ်ကိုယ်တိုင် ကုပေးမှာပဲလေ၊ ဒီကနေ့တော့ အားလုံးပျောက်သွားစေရပါမယ်၊ ကဲ. . ကဲ. . အပေါ်အင်္ကျီချွတ်ပြီး ကုတင်ပေါ်တက်ပါ”





ဒေါက်တာမင်းထင်ကျော်က အပေါ်အင်္ကျီချွတ်ပြီး ကုတင်ပေါ် တက်လိုက်သည်။

ဒီတစ်ကြိမ်မှာတော့ ကုတင်ပေါ်မှာ မည်သည့်ဆေးအနံ့မှ မရပေ။

သို့ကြောင့် ပက်လက်အနေအထား လှဲချလိုက်သည်။

ဦးဒိဗ္ဗက အနားရောက်လာပြီး လည်ပင်းကြော၊ လက်မောင်းကြောနှင့် ခြေထောက်ကြောများကို အတန်ကြာအောင် ထိကိုင်ပေးလိုက်သည်နှင့် ခြေရောလက်ပါ လှုပ်မရတော့သည့်အပြင် ပါးစပ်ပါ စကားပြောလို့ မရတော့ပေ။

ဦးဒိဗ္ဗက သူ့မျက်နှာပေါ်မှ ငုံ့ကြည့်ကာ ပြုံးလိုက်သည်။ ၎င်း၏အပြုံးမှာ နှစ်လိုဖွယ်အပြုံးမျိုး မဟုတ်ဘဲ လူသတ်သမားတစ်ယောက်၏ ကောက်ကျစ်သောအပြုံးမျိုး ဖြစ်ပေသည်။

ဦးဒိဗ္ဗက လေသံတိုးတိုးဖြင့် ကပ်ပြောသည်။

“မင်း အခုတော့ ဘာတတ်နိုင်သေးလဲ၊ အော်လို့လည်း မရ၊ လှုပ်လို့လည်း မရတော့ဘူး၊ မင်းမကြာခင် သေရတော့မယ်”

ဒေါက်တာမင်းထင်ကျော်က စကားပြန်မပြောနိုင်သဖြင့် မျက်လုံးပြူးပြရုံသာ တတ်နိုင်တော့သည်။

“မင်းက အေးအေးမှ မနေဘဲ၊ ကိုယ့်သေတွင်း ကိုယ်တူးချင်တာကိုး၊ ရောဂါမရှိပါဘဲနဲ့ ငါ့ကို စုံစမ်းချင်တာနဲ့ ဒီကိုလာတာ ငါမသိဘူး ထင်နေသလား၊ မသေခင် ငါဘယ်သူလဲဆိုတာ ကြည့်သွားဦးပေါ့”

ဟု ပြောကာ ဦးဒိဗ္ဗက ခေါင်းပေါ်မှာ တပ်ထားသော ဆံပင်အတုနှင့် အခြားရုပ်ဖျက်ထားသည်များကို ဖယ်လိုက်သောအခါ မူလရုပ်က ပေါ်လာလေသည်။

“မြင်ပြီ မဟုတ်လား၊ မင်းက ငါ့ကို အလုပ်က ထုတ်ပစ်လိုက်တဲ့ ဒေါက်တာစမစ်ဆီက အချက်အလက်တွေ ယူပြီး ငါ့နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တကောက်ကောက် လိုက်နေတာ မဟုတ်လား၊ မသေခင် မှတ်ထား၊ ငါက တခြားလူ မဟုတ်ဘူး၊ မင်းလိုက်ရှာနေတဲ့ ဦးနေရောင်ပဲ"

ဟု ပြောကာ ဆေးပုလင်းများ ထားသောစင်ပေါ်မှာ အသင့်တင်ထားသော ဆေးပုလင်းတစ်ပုလင်းနှင့်အတူ ဆေးထိုးအပ်ပြွန်တစ်ခုကိုပါ ယူလာသည်။

ထိုဆေးပုလင်းထဲမှ ဆေးရည်အချို့ကို အပ်ဖြင့် စုပ်ယူလိုက်သည်။

"ဒီဆေးက ငါကိုယ်တိုင် သုတေသန လုပ်ထားတဲ့ အဆိပ်ဆေးပဲ၊ မင်းရဲ့ကိုယ်ထဲကို ထိုးသွင်းလိုက်ရင် မကြာခင်မှာပဲ မင်းအိပ်ပျော်သွားလိမ့်မယ်၊

ဒီလိုအိပ်ပျော်သွားရင် ခြေလက်တွေ လှုပ်မရတာ၊ စကားမပြောနိုင်တာတွေကို သိနိုင်တော့မယ် မဟုတ်ဘူး၊ နောက်ဆုံး အဲသည်လို အိပ်ပျော်သွားပြီးရင် ဘယ်တော့မှ ပြန်နိုးလာတော့မှာလည်း မဟုတ်ဘူး၊ အညင်သာဆုံး သေနိုင်တဲ့နည်း ဖြစ်သလို တရားခံ မပေါ်ပဲ သေတဲ့နည်းဆိုရင်လည်း မမှားဘူးပေါ့"

ဟု တိုးတိုးပြောနေစဉ် ဒေါက်တာမင်းထင်ကျော်က လှုပ်ရှားရန် ကြိုးစားနေသည်။

သို့သော် မရပေ။

၎င်းတစ်ကိုယ်လုံးမှာ လှုပ်ရှား၍ရသောအရာမှာ မျက်လုံးနှစ်လုံးသာ ရှိပေသည်။

ဦးဒိဗ္ဗကတော့ အောင်နိုင်သူတစ်ယောက်၏အပြုံးမျိုးဖြင့် အနားကပ်လာပြီးနောက် ဒေါက်တာမင်းထင်ကျော် လက်မောင်းအတွင်းသို့ အဆိပ်ရည်များ ထိုးထည့်လိုက်လေတော့သည်။

မည်သို့မှ ခုခံတွန်းလှန်ချိန် မရဘဲ မလှုပ်မယှက် အနေအထားနှင့်ပင် ခံလိုက်ရလေသည်။





အတန်ကြာသောအခါ မျက်စိများ တဖြည်းဖြည်း လေးလာပြီးနောက် အိပ်ပျော်သကဲ့သို့ မေ့သွားလေတော့သည်။

အချိန်မည်မျှကြာအောင် မေ့မြောသွားသည် မသိပေ။ ပြန်သတိရလာသောအချိန်မှာ ညဦးပိုင်းအချိန်သို့ပင် ရောက်နေချေပြီ။

သို့တိုင်အောင် ဦးခေါင်းတစ်ခုလုံးမှာ ချာချာလည်ပြီး မူးဝေနောက်ကျိလျက် ရှိနေသည်။ မျက်လုံးများမှာလည်း ဝေဝါးလျက်ရှိနေသည်။

"သတိရပြီလား မောင်ထင်ကျော်"

ဦးဇနကောင်းအသံကြားသဖြင့် ကြည့်လိုက်တော့ ဦးဇနကောင်းအပြင် ခင်ခင်ကြီးနှင့် စုံထောက်ကျော်စွာတို့ကိုပါ တွေ့ရသည်။

"အခု ဘယ်ရောက်နေတာလဲ"

"မောင်ထင်ကျော် အိမ်ပြန်ရောက်နေပြီ"

"အခြေအနေလည်း ပြောပြပါဦး"

"အခြေအနေကတော့ သေမင်း ခံတွင်းပေါက်ကို ရောက်သွားတယ်ဆိုပါတော့၊ ကျုပ်တို့ ထင်ထားတာက မောင်ရင်ကို ဦးဒိဗ္ဗက အကြောပိတ်ပြီး နှိပ်စက်လိုက်မယ်လို့ ထင်ထားတာ၊ သူက အဆိပ်ရည်နဲ့ပါ ထိုးသတ်ဖို့ ကြိုးစားတော့ ခက်ကုန်တာပေါ့၊

တကယ်လို့ အဆိပ်မိလာလို့ ချက်ချင်းမသေနိုင်သေးဘူးဆိုရင် အဆိပ်မှန်သမျှ ပြေစေနိုင်တဲ့ ပြဟ္မရသာယနဆေး တိုက်ရင်လည်း ပြေစေနိုင်ပါတယ်၊ ဒါပေမယ့် မလွန်ခင် တိုက်မှ ရတယ်၊ လွန်သွားရင်တော့ ပြဟ္မရသာယနဆေးလည်း မကယ်နိုင်ဘူး"

"အခု ဘယ်လိုကုလိုက်တာလဲ"

"ခြေလက်သေနေတာနဲ့ စကားမပြောနိုင်တာကိုတော့ ကျုပ်ပဲ ပိတ်ထားတဲ့အကြောတွေကို ပြန်ဖွင့်ပြီး ကုပေးတာပါ၊ တကယ်ဆိုရင် မောင်ထင်ကျော်ရဲ့အသက်အန္တရာယ်ကို ကယ်ပေးလိုက်တာ မောင်ဒိက



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပါပဲ"

ခင်ခင်ကြီးကို လက်ညှိုးထိုးပြသည်။

"သူက ဘယ်လိုများ ကယ်လိုက်တာလဲ"

"ဦးဒိဗ္ဗရဲ့အကြံအစည်ကို သူက ကြိုသိထားတော့ ညက ဆေးခန်းထဲကို လျှို့ဝှက်ဝင်ပြီး အဆိပ်ရည် ထည့်တဲ့ပုလင်းထဲက အဆိပ်တွေ ထုတ်ပြီး အခြားဆေးရည်တစ်မျိုးနဲ့ ပြောင်းထည့်ထားလို့သာ အခုလို မြန်မြန်ဆန်ဆန် ပြန်ကောင်းလာတာပဲ"

ဒေါက်တာမင်းထင်ကျော်က ခင်ခင်ကြီးကို ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒါဖြင့် ဦးဒိဗ္ဗ အမည်ခံ ဦးနေရောင်ကို ဖမ်းဖို့ပဲ ကျန်တော့တာပေါ့"

ထိုအခါ စုံထောက်ကျော်စွာက ဝင်ပြောသည်။

"လောလောဆယ်တော့ သူ့ကို မဖမ်းသေးပါဘူး၊ ဒီကနေ့ညမှာ သူ့အဖွဲ့နှစ်ယောက်နဲ့ ချိန်းထားတာဆိုတော့ သုံးယောက်စလုံး တစ်ခါတည်း ဖမ်းဖို့ စီစဉ်ပြီးပါပြီ၊ မနက်ကတည်းက ခြံထဲမှာ ကျွန်တော့်လူတွေ ကြိုတင်ပို့ထားခဲ့ပါတယ်"

မနက်ပိုင်း ဒေါက်တာမင်းထင်ကျော်တို့ နေစကြာဆေးခန်းသွားကတည်းက စုံထောက်ကျော်စွာနှင့် ၎င်းအဖွဲ့များ ပါလာပြီး ခြံဝန်းထဲမှာ လျှို့ဝှက်စွာ နေရာယူထားကြခြင်းဖြစ်ပေသည်။

အတန်ကြာသောအခါ ဦးဗန်ကောင်းနှင့် စုံထောက်ကျော်စွာတို့ အပြင်ထွက်သွားသောအခါ အခန်းထဲမှာ ခင်ခင်ကြီးတစ်ယောက်သာ ကျန်ခဲ့လေသည်။

"ကျွန်တော့်အသက်ကို အခုလို ဒုတိယအကြိမ် ကယ်ပေးလိုက်တာ သိပ်ပြီးကျေးဇူးတင်ပါတယ်၊ ကိုယ့်ရဲ့အသက်သခင် ကျေးဇူးရှင်ဆိုတော့ ပါးစပ်က ကျေးဇူးတင်ပါတယ်ဆိုရုံလောက်နဲ့တင် မလုံ





လောက်ပါဘူး၊ ကိစ္စတွေ ပြီးသွားရင်တော့ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ချင်ပါတယ်၊

ဒါထက် သိချင်တာ တစ်ခုလောက် မေးပါရစေ"

"ဘာများလဲ. . . မေးပါ"

"ခင်ခင်ကြီးရဲ့နာမည်က 'သုံးပန်လှ' ဆိုတဲ့နာမည်က ဘာကြောင့် ပေးထားတာလဲဟင်"

"သုံးပန်လှဆိုတဲ့ပန်းက အခြားပန်းတွေလို အရောင်တစ်မျိုးတည်း မဟုတ်ဘဲ တစ်နေ့တည်းမှာတင် အဖြူရောင်၊ ပန်းနုရောင်၊ ပန်းရင့်ရောင်ဆိုပြီး သုံးမျိုးပြောင်းသလိုမျိုး ကျွန်မဘဝကလည်း ဆရာကြီးဦးဒိဗ္ဗ စေခိုင်းတဲ့အတိုင်း အသွင်အမျိုးမျိုးနဲ့ ပြောင်းလဲပြီး လုပ်ရပါတယ်၊ ဒါကြောင့် ဒီနာမည်ပေးခဲ့တာပါ၊

နောက်တစ်ခုက ဆရာကြီးတို့ အချင်းချင်း ဆက်သွယ်တဲ့ကိစ္စတွေမှာ ကျွန်မကို အသုံးပြုရင် 'သုံးပန်လှ' ဆိုတဲ့ စကားဝှက်နဲ့ အသုံးပြုကြပါတယ်"

ဟု ခင်ခင်ကြီးက ပြောပြသည်။

"နောက်တစ်ခုလည်း ထပ်မေးချင်ပါသေးတယ်"

ခင်ခင်ကြီးက သူ့ကို တစ်ချက်ကြည့်သည်။

"တခြားမဟုတ်ပါဘူး. . . ကျွန်တော့်အပေါ်မှာ ဘာကြောင့် ဒီလိုအကူအညီပေးရသလဲဆိုတာ သိချင်တာပါ"

"အမှန်ပြောရရင် ကျွန်မက ဆရာကြီးစေခိုင်းလို့သာ မလွှဲသာလို့ ဒီအလုပ်တွေ လုပ်နေရပေမယ့် မလုပ်ချင်ပါဘူး၊ ဒါကြောင့် ကိုမင်းထင်ကျော်ကို အကူအညီပေးတာလည်း ပါ,ပါတယ်"

"နောက်တစ်ချက်ကရော. . ."

"ဒါပဲလေ. . . ကိုမင်းထင်ကျော်က ဘာကျန်သေးတယ်လို့ ထင်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခု ကျန်နေသေးတယ်လို့ ထင်နေမိလို့ပါ"

"ဒါကတော့ ကိုမင်းထင်ကျော် လိုရာဆွဲတွေးနေတာလည်း ဖြစ်မှာပါ"

"ကျွန်တော်က လိုရာဆွဲတွေးနေတာ မဟုတ်ပါဘူး၊ စိတ်ထဲက အလိုလို သိနေတာပါ"

"ဘာတွေများ သိနေတာလဲ"

ခင်ခင်ကြီးက ခေါင်းငုံ့ထားရင်း မေးသည်။

"ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်တော် ခင်ခင်ကြီးကို စတွေ့ကတည်းက စိတ်ဝင်စားနေမိတာပါ။

အခြေအနေ ပြီးသွားရင်တော့ ခင်ခင်ကြီးကို ဖွင့်ပြောဖို့ စိတ်ကူးထားပြီးသားပါ"

"ဒါဖြင့် အခု ဖွင့်ပြောနေတာ မဟုတ်ဘူးလား"

"ကာယကံရှင်က ရိပ်မိပြီဆိုရင်တော့ တစ်ခါတည်းပဲ ဖွင့်ပြောလိုက်တယ်လို့ပဲ သဘောထားပါ"

ထိုစကားကြားသောအခါ ခင်ခင်ကြီးက ပြုံးနေလေသည်။

"ကျွန်မမှာ အားကိုးစရာ မရှိပါဘူး၊ ကိုမင်းထင်ကျော် ပြောတာကို ကျွန်မ လက်ခံစဉ်းစားပေးပါ့မယ်"

"ဝမ်းသာလိုက်တာ ခင်ရယ်၊ အဖြေမရသေးခင်ကပဲ ကြိုပြီး ဝမ်းသာနေသလိုပဲ"

ဟု ပြောကာ ခင်ခင်ကြီးလက်ကို ဆုပ်ကိုင်လိုက်သည်။ ခင်ခင်ကြီးက မရုန်းဘဲ အပြုံးဖြင့် ကြည့်နေလေသည်။

ထိုအခိုက်မှာပင် စုံထောက်ကျော်စွာနှင့် ဦးဗန်ကောင်းတို့ တစ်ကျော့ပြန်ဝင်လာကြသည်။

၎င်းတို့မျက်နှာပေါ်မှာ အပြုံးရိပ်များ ယှက်သန်းနေကြသည်။

"ကျုပ်တော့ ဆေးကျမ်းအတော်များများကို လေ့လာဖူးပါ





တယ်၊ စရကသံဟိတာဆေးကျမ်းထဲမှာ မအိုဆေး၊ မနာဆေး၊ အသက်တစ်ရာရှည်တဲ့ဆေး၊ အသက်တစ်ထောင်ရှည်စေတဲ့ ဆေးတွေ တွေ့ဖူးပါရဲ့၊ ဒါပေမယ့် စောစောက ဆေးနည်းလောက်တော့ ဘယ်ဆေးမှ အစွမ်းထက်မယ် မထင်ဘူး"

"ဘယ်ဆေးနည်းလဲ အဘ"

"တခြားဘာရှိမလဲကွယ့်. . . ကမ္ဘာဦးအစကတည်းက ဘယ်တုန်းကမှ မရိုးတဲ့ 'အချစ်ဆေး' ပဲပေါ့. . . မဟုတ်ဘူးလား"

ဦးဗန်ကောင်း၏အချက်ကျကျ ပြောလိုက်သောစကားကြောင့် အားလုံးပြုံးလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

# သုံးပန်လှနှင့်နေရိယဂိုဏ်း

မီးမှောင်များ ချထားသောကြောင့် နေစကြာဆေးခန်းတစ်ခုလုံး မှောင်မည်းလျက်ရှိနေသည်။

ဆေးခန်းပိတ်ရက်ဖြစ်သောကြောင့် ခြံဝန်းအတွင်း၌ လူအသွားအလာများ ကင်းရှင်းကာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

လမ်းမဘက်မှ ဖြတ်မောင်းသွားသော မော်တော်ကားတစ်စီးတစ်လေ၏အသံသာ တစ်ခါတစ်ရံ ကြားရလေသည်။

အချိန်က သန်းခေါင်ယံအချိန် ကျော်ပြီဖြစ်သောကြောင့် အမှောင်ထုက ပိုမိုသိပ်သည်းလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် နေစကြာဆေးခန်းရှိရာ ခြံဝန်းအတွင်းသို့ လူတစ်စု ဝင်လာလေသည်။

အချို့က အပြင်ဘက်မှာ နေခဲ့ပြီး အဝတ်မည်းကြီး ခြုံထားသောလူနှစ်ယောက်ကသာ ဆေးခန်းအတွင်းသို့ ဝင်သွားကြလေသည်။

ဦးဒိဗ္ဗ၏သီးသန့်ဆေးခန်း ရှိရာဘက်မှာတော့ မီးရောင် ခပ်မှိန်မှိန် လင်းနေသည်။

လူနှစ်ယောက်က ထိုအခန်းရှိရာသို့ လျှောက်သွားပြီး တံခါးကို တွန်းဖွင့်လိုက်သောအခါ အခန်းအလယ်ရှိ ကုလားထိုင်ပေါ်မှာ အခန့်သား ထိုင်နေသော ဦးဒိဗ္ဗ တဖြစ်လဲ ဦးနေရောင်ကို တွေ့ကြရသည်။

ဦးနေရောင်က အေးအေးဆေးဆေး အမူအယာနှင့် ထိုင်နေခြင်းဖြစ်သည်။

"မင်း ကတိတော့ အတည်သားပဲ နေရောင်"

"ငါက ဒုစရိုက်အမှုတွေ လုပ်နေပေမယ့် သစ္စာမဲ့တဲ့အလုပ်မျိုးတော့ ဘယ်တော့မှ မလုပ်ဘူး၊ မစားရတဲ့အမဲ သဲနဲ့ ပက်တာမျိုးလည်း မလုပ်ဘူးကွ"

"ကဲ. . . ဒါတွေ ထားပါတော့ကွာ၊ မင်း ငါတို့ကို ပေးမယ့် ရွှေနဲ့ငွေတွေ ဘယ်မှာလဲ"

"ရှိပါတယ်. . . ငါ့နောက်က လိုက်ခဲ့ကြ"

"မင်းညာဏ်များမယ်တော့ မကြံနဲ့နော်"

"ငါတစ်ယောက်တည်းနဲ့တော့ ဘာမှ မလုပ်နိုင်ပါဘူးကွာ"

ဟု ပြောကာ အတွင်းခန်းထဲသို့ ခေါ် သွားရာ ကျန်နှစ်ယောက်ကလည်း လိုက်သွားကြသည်။

အခန်းတစ်နေရာ ရောက်သော် အခန်းထောင့် တစ်နေရာမှာ ချထားသည့်စားပွဲကို ရွှေ့လိုက်ရာ ကြမ်းပြင်ပေါ်၌ လျှို့ဝှက်တံခါးပေါက်ကို တွေ့ရသည်။





လက်ကိုင်ကွင်းမှ ဆွဲလိုက်သောအခါ အဖုံးပွင့်သွားပြီး အောက်သို့ ဆင်းသည့်လှေခါးကို တွေ့ရသည်။

ထိုအခါမှ ဦးဇေယျနှင့် ဦးသူရိယတို့ နှစ်ယောက်က ဦးနေရောင်၏စနစ်တကျနှင့် လျှို့ဝှက်စွာ လုပ်ကိုင်တတ်မှုကို သတိပြုမိကြသည်။

လှေခါးမှ ဆင်းသွားသောအခါ မြေအောက်ခန်းသို့ ရောက်သွားသည်။

မြေအောက်ခန်းမှာ သိပ်မကျယ်လှပေ။

လေးဘက်လေးတန် အုတ်ရိုးအင်္ဂတေ ကိုင်ထားပြီး မီးလုံးတစ်လုံးသာ ထွန်းထားသည်။

အခန်းထောင့်တစ်နေရာ၌ ကြေးသေတ္တာတစ်လုံးသာ ရှိလေသည်။

လေလုံသောအခန်းထဲမှာမို့ ကျန်နှစ်ယောက်မှာ အသက်ရှူမဝသလို ဖြစ်လာကြသည်။

"မင်းတို့ လိုချင်တဲ့ ရွှေနဲ့ငွေတွေ ဟိုသေတ္တာထဲမှာ ရှိတယ်၊ ကြိုက်သလောက် ယူကြပေတော့"

"မင်းကိုယ်တိုင် သေတ္တာအဖုံးကို ဖွင့်ပေးပါ"

ထိုသို့ပြောသဖြင့် ဦးနေရောင်က ကြေးသေတ္တာအဖုံးကို ဖွင့်လိုက်သည်။

အတွင်းမှာတော့ ၎င်းပြောသကဲ့သို့ပင် ဘဏ်မှ အနုကြမ်းစီးလာခဲ့သော ရွှေနှင့်ငွေသားများ ရှိနေလေသည်။

ထိုအခါမှပင် ကျန်နှစ်ယောက်တို့မှာ စိတ်ချယုံကြည်မှု ရှိသွားကြပြီး သေတ္တာအနီးသို့ လာကြသည်။

ဦးနေရောင်က နောက်သို့ အတန်ငယ် ဆုတ်ပေးလိုက်သည်။

နှစ်ယောက်သား ဝမ်းသာအားရနှင့် ငွေများအပေါ်မှာ တင်



www.burmeseclassic.com

www.burmeseclassic.com



ထားသော ရွှေတုံးများကို ကောက်ယူလိုက်ကြသည်။

"အား . ."

"အား . . ပူလိုက်တာ"

ညအချိန်လည်း ဖြစ်ပြန်၊ အခန်းထဲမှာ မီးလုံးကလည်း မှိန်မှိန် ကလေး ထွန်းထားရာ အလင်းရောင် မရှိသဖြင့် ရွှေတုံးများအပေါ်မှာ တင်ထားသည့် အပ်ချွန်များကို မမြင်နိုင်ခြင်းဖြစ်သည်။

အပ်ချွန်ကလေးများ ချွန်မြနေလေရာ ထိလိုက်သည်နှင့် နှစ် ယောက်စလုံး၏အသားတွင်းသို့ စိုက်ဝင်သွားရာ မီးစနှင့် ထိုးလိုက်သကဲ့ သို့ ပူလောင်သွားလေသည်။

"ဟင် . . နေ . . နေရောင်၊ မင်း . . မင်း"

"ဒါ . . ငါတို့ကို သေမင်းထောင်ချောက် ဆင်ထားတာ မဟုတ် လား၊ မင်း . . လူ . . လူယုတ်မာ"

ထိုအခါ ဦးနေရောင်က ပြုံးလိုက်သည်။

"လောကမှာ လည်တဲ့သူ စားစတမ်းပေါ့ကွာ၊ မင်းတို့က ငါ့ အသက်နဲ့ ရင်းပြီး ရှာထားတဲ့ငွေတွေကို အချောင်လိုချင်တာကိုး၊ ဒီလို တော့ ဘယ်ရပါ့မလဲ၊

ဒီအဆိပ်က ငါကိုယ်တိုင် ဖော်စပ်ထားတဲ့ ထိသေအဆိပ်ပဲ၊ မင်းတို့နှစ်ယောက် နောက်ထပ် လူ့ပြည်မှာ နေခွင့်ရရင် မိနစ်နည်းနည်း ပဲ ရှိတော့မယ်"

အဆိပ်သင့်သွားသော ဦးဇေယျနှင့် ဦးသူရိယတို့က ဦးနေ ရောင်ထံ ပြေးလာရန် ကြိုးစားသော်လည်း မရတော့ပေ။

ခြေလှမ်းနှစ်လှမ်းသုံးလှမ်းသာ လှမ်းနိုင်ပြီး ကြမ်းပြင်ပေါ်သို့ 'ဝုန်း' ကနဲ လဲကျသွားရာ ပြန်မထနိုင်တော့ပေ။

ထိုအခါ ဦးနေရောင်က အပေါ်သို့ ပြန်တက်လာကာ မြေ အောက်ခန်းတံခါးကို ပြန်ပိတ်လိုက်သည်။





"သစ္စာဖောက်နှစ်ယောက်တော့ ရှင်းပြီးပြီ၊ နောက်ထပ် သစ္စာ ဖောက်တစ်ယောက်ကို သုတ်သင်ရဦးမယ်"

ဟု ခပ်တိုးတိုး ပြောကာ နောက်ဖက်မှ တံခါးပေါက်ကို ဖွင့်ကာ ခင်ခင်ကြီး နေသောအခန်းသို့ သွားလေသည်။

သန်းခေါင်ယံအချိန် ကျော်နေပြီဖြစ်သောကြောင့် ပတ်ဝန်း ကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သူသည် ခင်ခင်ကြီးအခန်းသို့ ရောက်သောအခါ တံခါးကို အသံမကြားအောင် ဖွင့်ပြီး အတွင်းသို့ ဝင်သွားလေသည်။

အတွင်းခန်း ကုတင်ပေါ်မှာတော့ ခင်ခင်ကြီးတစ်ယောက် နှစ် နှစ်ခြိုက်ခြိုက် အိပ်မောကျနေချေပြီ။

ကုတင်အနီးသို့ ရောက်သောအခါ ဦးနေရောင် အသင့်ယူလာ သောဓါးကို ယူလိုက်သည်။

"သစ္စာဖောက်မ . . . သေရော့ကွာ"

ဟု ပြောကာ ရင်ဝသို့ စိုက်ချလိုက်သည်။

"ဒိုင်း . ."

"အား . . ."

ဓါးက ရင်ဝမရောက်ခင်မှာပင် သေနတ်သံတစ်ချက် ထွက်လာ ပြီး လွင့်ထွက်သွားသည်။

ခန်းဆီးနောက်မှ လူတစ်ယောက် ထွက်လာသည်။

"ဟင် . . . မင်း . . မင်း . . မသေသေးဘူးလား"

"ခင်ဗျားလို လူယုတ်မာတစ်ယောက်ရဲ့ ကြံစည်သတ်ဖြတ်တာ ကို အလွယ်တကူ ခံရရင် ကျုပ် လူ့ပြည်မှာ မရှိတာ အတော်ကြာရော ပေါ့"

ထိုသို့ပြောနေစဉ် ခင်ခင်ကြီးက အိပ်နေရာမှ ပြန်ထလာသည်။

အပြင်ဘက်မှ ဦးဇန်ကောင်းနှင့် စုံထောက်ကျော်စွာတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာကြသည်။

“ပွဲပြီးသွားပြီ မောင်ထင်ကျော်ရေ၊ အပြင်က ငနဲတွေတော့ အားလုံးဖမ်းထားလိုက်ပြီ၊ ဒါထက် စောစောက ဝင်သွားတဲ့ နှစ်ယောက် ကရော ဘယ်မှာလဲ”

“သူတို့ မြေအောက်ခန်းမှာ ရှိနိုင်တယ်”

ဟု ခင်ခင်ကြီးက ဝင်ပြောသည်။

ထို့နောက် ဦးဒိဗ္ဗ အမည်ခံ ဦးနေရောင်ကို လက်ထိပ်ခတ်ကာ ဖမ်းဆီးလိုက်ကြသည်။

ခင်ခင်ကြီးက လိုက်ပြသောကြောင့် မြေအောက်ခန်း ရှိရာသို့ အလွယ်တကူ ရောက်သွားကြသော်လည်း သူတို့ ရောက်သွားသော အချိန်မှာ အဆိပ်သင့်ခံရသူ နှစ်ယောက်တို့မှာ အသက်ပျောက်နေကြ လေပြီ။

ဒေါက်တာမင်းထင်ကျော်က လဲနေသူနှစ်ယောက် ဦးခေါင်း ပေါ်မှ အဝတ်မည်းများကို ဖယ်ရှားလိုက်သည်။

“ဟင်. .”

၎င်းတို့မျက်နှာကို မြင်သောအခါ များစွာအံ့ဩသွားလေသည်။ တစ်ယောက်က ပုစွန်တောင်ချောင်းအနီးမှ တောင်းမစားသော သူ တောင်းစား ဦးကောင်းစားဖြစ်ပြီး ကျန်တစ်ယောက်က မဂိုလမ်း တောင်ဘီလူးကျောင်းတိုက်ဝင်းထဲမှာ ရှိသည့် မနောမဟိဒ္ဓိ ဓါတ်ခန်းမှ ချန္ဒရာ ခေါ် ဦးမာလပင်ဖြစ်တော့သည်။

“သူတို့နှစ်ယောက်က ဦးကောင်းစားနာမည်က ဦးဖေယျဖြစ်ပြီး ချန္ဒရာနာမည်က ဦးသူရိယဖြစ်ပါတယ်၊

ဦးသူရိယက တောင်ဘီလူးကျောင်းမှာ ကပ္ပိယ လုပ်ခဲ့ဖူးတယ်၊ သူတို့နှစ်ယောက်ရယ် ဦးနေရောင်ရယ် ပေါင်းမိကြတဲ့အခါ ဦးနေရောင် က (နေ)၊ ဦးသူရိယက (ရိ)၊ ဦးဖေယျက (ယ) ဆိုတဲ့ စာလုံးသုံးလုံး





ပေါင်းပြီး ‘နေရိယဂိုဏ်း’ ဆိုပြီး ထူထောင်ခဲ့ကြပါတယ်”

“အော်. . . ဒီလိုကိုး”

“နောက်တော့ ဦးနေရောင် သူတို့နှစ်ယောက်နဲ့ လမ်းခွဲလိုက် တယ်၊ ဒါကို ကျန်တဲ့နှစ်ယောက်က မကျေနပ်လို့ စုံထောက်တွေကို သတင်းပေးရင်းနဲ့ အားလုံးပေါ်လာတာပါပဲ”

“ဒါထက် သူတို့နှစ်ယောက်က ဘယ်လိုသေတာလဲ”

“ဦးနေရောင် ထောင်ထားတဲ့ အဆိပ်အပ်စူးပြီး သေကြတာပဲ ဖြစ်မှာပါ”

“အင်း. . . အခုမှပဲ နေရိယဂိုဏ်းလည်း နိဂုံးချုပ်သွားရတော့ တယ်၊ အခုလို ဂိုဏ်းခေါင်းဆောင်တွေနဲ့ ဂိုဏ်းသားတွေကို ဖမ်းမိတာ မခင်ခင်ကြီး အကူအညီပေးလို့ပါပဲ၊ မခင်ခင်ကြီးကို ကျေးဇူးတင်ပါ တယ်”

ဟု စုံထောက်ကျော်စွာက ပြောလိုက်သည်။

“ကျွန်မကို ဒီလောက်လည်း ကျေးဇူးတင်စရာ မလိုပါဘူး ကို ကျော်စွာရယ်၊ ဒါတွေက ကျွန်မ တာဝန်အရ ဆောင်ရွက်ရတဲ့ကိစ္စတွေပဲ၊ အဆန်းမဟုတ်ပါဘူး”

ခင်ခင်ကြီးက ပြုံးစိစိ အမူအယာဖြင့် ပြောလိုက်ရာ အားလုံး အံ့ဩသွားကြလေသည်။

“ဟင်. . . ဒါဖြင့် မခင်ခင်ကြီးက. . .”

“ကျွန်မက အထူးစုံစမ်းထောက်လှမ်းရေးအဖွဲ့က စေလွှတ် ထားခဲ့တဲ့ တာဝန်ရှိသူတစ်ယောက်ပါပဲရှင်၊ ကျွန်မရဲ့လျှို့ဝှက်နာမည်က သုံးပန်လှပါ”

“အော်. . . ဒါကြောင့် ကျွန်တော်တို့ကို နည်းအမျိုးမျိုးနဲ့ အကူ အညီပေးနေနိုင်တာကိုး၊ ဒီအကြောင်းကိုသာ ဦးနေရောင် သိရင်တော့ မြွေပွေးခါးပိုက်,ပိုက်ထားရသလို အဖြစ်မျိုးကြောင့် ရင်နာလို့ဆုံးတော့



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူး”

ဟု ပြောကာ စုံထောက်ကျော်စွာက ခင်ခင်ကြီးကို အလေးပြု လိုက်သည်။

ထိုအချိန်တွင် မိုးလင်းလာပြီဖြစ်သောကြောင့် အပြင်ဘက်မှာ အလင်းရောင်များ ရလာချေပြီ။

စုံထောက်ကျော်စွာနှင့် အဖွဲ့သားများက ဦးနေရောင် အပါ အဝင် တရားခံများကို ကားပေါ် တင်၍ ထွက်သွားကြလေသည်။

နောက်တစ်ဖွဲ့က သေဆုံးနေသော အလောင်းနှစ်လောင်းနှင့် ‘အိုဟာစီး ချင်းနီးဘင့်ကင်း ကော်ပိုရေးရှင်း’ မှ အနုကြမ်း စီးယူလာသည့် ရွှေနှင့်ငွေများ ထည့်ထားသော ကြေးသေတ္တာကို တင်ဆောင်ပြီး နောက် မှ လိုက်သွားကြလေတော့သည်။

ဦးဗန်ကောင်းက ဦးနေရောင် ဆေးပုလင်းများ ထားသော အခန်းထဲသို့ ဝင်သွားရာ အပြင်ဘက်မှာ ဒေါက်တာမင်းထင်ကျော်နှင့် ခင်ခင်ကြီးတို့နှစ်ယောက်သာ ကျန်ခဲ့တော့သည်။

“ကိုယ်က မင်းကို သာမန်မိန်းကလေးတစ်ယောက်ပဲလို့ ထင် နေမိတာ၊ အခုလို အရာရှိတစ်ယောက် ဖြစ်နေတော့ ဘယ်လိုဆက်လုပ် ရမှန်းတောင် မသိတော့ဘူး”

“ဘာလဲ. . . ကိုမင်းထင်ကျော်က နောက်ပြန်ဆုတ်ချင်နေပြီ လား”

“ဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမယ့်. . .”

“အရာရှိတစ်ယောက် ဖြစ်နေတာနဲ့ ကျွန်မက လူတစ်ယောက် လို ချစ်ခွင့်မရှိတော့ဘူးလား၊ နှလုံးသားရေးရာနဲ့ တာဝန်က သီးခြားစီ မဟုတ်ဘူးလား”

“ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ဒီလိုဆိုရင် ရှေ့ဆက်တိုး ရမှာပေါ့နော်”



BURMESE CLASSIC .com



“မိန်းကလေးတစ်ယောက်ကို အခုပဲ ချစ်ပါတယ်၊ အခု ပြန်ရုပ် သိမ်းပါတယ်လို့ ချက်ချင်းပြောင်းလဲမယ်ဆိုရင် နှလုံးသား ဏ္ဍြေပျက်မှုနဲ့ တရားစွဲလို့ ရတယ်နော်”

“စွဲချင်လည်း စွဲပေါ့၊ ကိုယ်ကလည်း ထောင်ကျချင်နေတာနဲ့ အတော်ပဲ”

“ဘယ်လိုထောင်မျိုးလဲ”

“အိမ်ထောင်လေ”

ခင်ခင်ကြီးက သဘောကျစွာ ပြုံးလိုက်လေသည်။

“တွေ့စကတော့ ရိုးပုံရိုးပန်းနဲ့၊ အခုတော့လည်း စကားတတ် လိုက်တာ လွန်ပါရောလား”

“ကိုယ်က အလုပ်ကိစ္စနဲ့ ပတ်သက်လာရင်သာ စကားနည်းချင် နည်းမယ်၊ ချစ်သူနဲ့ တွေ့ရင်တော့ စကားမနည်းပါဘူး”

“ကျွန်မကို ချစ်သူအဖြစ် သတ်မှတ်ပြီလား၊ ဒီက အဖြေမပေးရ သေးဘူးလေ”

“ပါးစပ်က အဖြေမပေးသေးပေမယ့် နှလုံးသားက မျက်လုံးက တစ်ဆင့် အဖြေပေးထားပြီးပြီမို့ စိတ်ချလက်ချနဲ့ပဲ ချစ်သူအဖြစ် သတ် မှတ်လိုက်တော့မယ်နော်”

ဟု ပြောကာ ခင်ခင်ကြီး၏လက်ကလေးနှစ်ဖက်ကို ဆွဲယူလိုက် ရာ ယိုင်ကျလာသော သူမ၏ကိုယ်ကလေးကို ထွေးဖက်ထားလိုက်လေ သည်။

ယခုတော့ အမှောင်ကင်းစင်သွားပြီဖြစ်သော နံနက်ခင်း အလင်းရောင်သည် ကြည်လင်တောက်ပစွာဖြင့် ပတ်ဝန်းကျင်အလှကို အလှဆင်ထားခဲ့လေသည်။

နေရောင်ခြည်၏အလှသစ်နှင့်အတူ ပေါ်ပေါက်လာသော ချစ်သူနှစ်ဦး၏ချစ်ခြင်းမေတ္တာများကတော့ အနာဂတ်ဆီသို့ မျှော်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်လျက်ရှိနေခဲ့ချေပြီ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(သုံးပန်လှနှင့်နေရိယ ဂိုဏ်း)ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ် အဆုံးသတ်ပြီးပြ ပေတော့သတည်း။


အနီယာပဟာတု သုခိအတ္တာနံ ပရိဟန္တု။

စာပြီးချိန်။ ။(၂၀၁၀)ခုနှစ်၊ ဖေဖော်ဝါရီလ(၁၀)ရက်၊
ဗုဒ္ဓဟူးနေ့၊ ည(၁၀)နာရီ။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com